www.burmeseclassic.com

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထု

# မင်းဓိဏ္ဏ

စိတ္တဇ နှင်းဆီ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပဉ္စ ဂုဏံ အဟံ ဝန္ဒာမိ

မင်းစက္က

ထုတ်ဝေခြင်း – ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊
အုပ်ရေ –
တန်ဖိုး – ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ – ဒေါ်စင်ရှိုရှိုမြင့်(တောင်းဆုအော့ဖ်ဆက်)
အမှတ်(၅၂/စ)ရွှေယင်းမာလမ်း၊
၁၃ရပ်ကွက်၊ ရန်ကင်း။
ထုတ်ဝေသူ – ဦးလှနိုင်(မြိတ်စာပေ)
အမှတ်(၆၆) မိုလ်ဥတ္တမလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး – မြိတ်စာပေ (ဖုန်း–၀၉–၄၃၂၄၅၅၀၄၀)
အမှတ်၁၉၈၊ ၃၁–လမ်း(အထက်)
ရန်ကုန်။
ဖိစဉ်သူ – ကိုလှနိုင်(မြိတ်)၀၉–၅၀၃၁၀၀၃၄
အထောက်ဖြန့်ချာပြည် – နဂါးစာပေ(မန္တလေး)
ဖြန့်ချိရေး – ထွန်းဦးစာပေ(မန္တလေး)

# စိတ္တနှောင်းဆိ

## မင်းစက္က

www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း

ညဉ့်နက်လှပြီဖြစ်သည်။

ကောင်းကင်ပြင်ပေါ်၌ လစန္ဒာ၏ အလင်းရောင်ကင်းမဲ့လျက် ကြယ်အနည်းစုကသာ မှေးမှိန်ဖျော့တော့စွာ လင်းချည်မှိတ်ချည်ဖြင့် လင်းလက်တောက်ပနေခြင်းကြောင့် ကမ္ဘာမြေပြင်တစ်လွှားအား မကောင်းဆိုးဝါးများက သူတို့၏ကိုယ်ဖြင့် ဖုံးအုပ်ကွယ်ထားသည့်အလား မည်းမှောင်တိတ်ဆိတ်ကာ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ခြောတ်ချားတုန်လှုပ် သွေးပျက်ဖွယ်ကောင်းနေ၏။

ထိုအချိန်ဝယ် အသက်ငါးဆယ့်ကျော် မိန်းမကြီးတစ်ယောက်၏ ပုံရိပ်က ကြေးမုံပြင်တစ်ချပ်ပေါ်၌ ထင်ဟပ်နေပြီး သူမက မိတ်ကပ်နှင့်ရောင်စုံကာလာများ စိတ်ကြိုက်ခြယ်သနေလေသည်။

ဤသို့ဆိုလျှင် ထိုမိန်းမကြီးမှာ ဤမျှ ညဥ့်နက်သန်းခေါင်အချိန်၌ နှစ်ခြိုက်စွာ အနားယူအိပ်စက်ခြင်းမရှိပဲ အဘယ်ကြောင့် ဆေးရောင်စုံများ ခြယ်သပြင်ဆင်ရပါသနည်း။

သူမတွင် မည်သည့်ထူးခြားချက်များ ရှိနေပါသနည်း။

"အူး. . . အူး"

ခွေးများ၏ ဆွဲဆွဲငင်ငင် မြည်သံရှည်ကြီးဖြင့် အူဟစ်သံများအား ကြားရတိုင်း သူမ၏ မျက်လုံးများက တစ်စုံတစ်ခုအား မလုံ့ခြုံဟန်ဖြင့် စိုးထိတ်ကြောက်ရွံ့ခြင်းကြီးစွာဖြင့် ဘေးဘီဝဲယာသို့ မကြာခဏဆိုသလို ရောက်ရှိသွားတတ်သည်။

"ဒေါက်. . . ဒေါက်"

ရုတ်တရက် ထွက်ပေါ်လာခဲ့သော တံခါးခေါက်သံ





ကြောင့် သူမ၏ ခန္ဓာကိုယ်မှာ ဆတ်ကနဲ လန့်ဖျန့်တုန်တက်သွားပြီး. . .။

"မိစုလား. . ."

သူမ၏ အသံက မသိမသာ တုန်ယင်နေ၏။

"ဟုတ်ပါတယ်. . . မမကြီး"

ထိုအသံကြားသည်နှင့် သူမ၏မျက်နှာမှာ ချက်ချင်းဝင် အရောင်တစ်မျိုးဖြင့် လက်ဖြာသွားပြီး. . .။

"အေး. . . အခန်းထဲဝင်လာခဲ့ချည်၊ တံခါးစေ့ရုံတင်စေ့ထားတယ်"

မိစုတစ်ယောက် ဒေါ်စိန်မမကြီး၏ စကားသံဆုံးသည်နှင့် အခန်းတံခါးကို အသာတွန်းဖွင့်၍ ရိုကျိုးစွာဖြင့် အခန်းထဲသို့ လှမ်းဝင်လိုက်လေသည်။

မီးရောင်မှိန်ဖျော့ဖျော့လေး ဖြာထွက်နေသော အိပ်ခန်းတစ်ခုဆီသို့ ဦးတည်သွားပြီး ပုလဲယင်းကာအား လက်တစ်ဖက်ဖြင့် ဖယ်ရှား၍ အိပ်ခန်းတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် အသက်အရွယ်နှင့်မလိုက်အောင်ပင် မျက်နှာပေါ်၌ အရောင်



www.burmeseclassic.com

www.burmeseclassic.com



ရိုးရှား ရဲလောင်းခတ်အောင် ပြင်ဆင်ခြယ်သထားသော မိန်းမကြီးတစ်ယောက်အား မှန်တင်ခုံရှေ့ ရှိ ကွန်းထိုင်ခုံ၌ အခန့်သားတွေ့ရသည်။

သူမ၏ ညာဘက်မေးဖျားအောက်၌ မှဲ့နက်အကြီးကြီးတစ်လုံးရှိနေပြီး အလွန်စိတ်လှုပ်ရှားနေဟန်များက မဖုံးနိုင်၊ မဖိနိုင်ဖြင့် ပေါ်လွင်ထင်ရှားနေလေသည်။

"မိစု. . . နင်ကလည်း နောက်ကျလိုက်တာ"

မိစု. . ဒေါ်စိန်မမ၏ စူအောင့်အောင့် အပြစ်တင်စကားကြောင့် ခေါင်းငုံ့ငြိမ်သက်နေလိုက်သည်။ တကယ်တော့ သူမလုံးဝနောက်ကျခြင်းမရှိပါ။ ဒေါ်စိန်မမ တိတ်တဆိတ်ချိန်းဆိုလိုက်သည့် အချိန်အတိုင်း မှန်ကန်တိကျစွာ ရောက်ရှိလာခဲ့သည်။

သူမကသာ စိတ်လှုပ်ရှား လောကြီးနေခြင်းသာ ဖြစ်သည်။ ဒေါ်စိန်မမ စာရွက်ခေါက်တစ်ခုအား သူ့ဆီသို့ လှမ်းပေးလိုက်ကာ. . .။

"ရော့. . . ဒီစာကို မောင့်လက်ထဲ သေချာထည့်ပေး





ထိုက်ပါ၊ တခြား ဘယ်သူ့မှ မမြင်စေနဲ့နော်၊ သတိလည်းထား ဦး ရော့. . ဒါကတော့ နင့်အတွက် ငါဝယ်ပေးထားတဲ့ အင်္ကျီ နှင့်လုံချည်"

"ဟုတ်. . ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်. . မမကြီး"

"ဩော်. . မြန်မြန်လည်းသွားနော်၊ ငါ. . ဒီမှာ အကြာကြီးစောင့်နေရဦးမယ်"

"ဟုတ်ကဲ့"

BURMESE CLASSIC

ထိုနောက် ခပ်သွက်သွက်ပင် အိပ်ခန်းထဲမှ လှည့်ပြီး ထွက်လာခဲ့သည်။ အမှန်တိုင်းပြောရလျှင် သူမ. . ကိုကိစ္စများ လုပ်ဆောင်ပေးလိုခြင်းမရှိပါ။ အင်မတန် စိတ်ရှုပ်ထွေးပင်ပန်း လှသည်။

ဒါပေမယ့် သူမငြင်းပယ်မလုပ်ချင်၍မရ။ ဒေါ်စိန်မမ က သူမအား တခြားသူများထက် ပိုမိုအခွင့်အရေး မျက်နှာ သာပေးကာ သူမ၏ ငွေကြေးအခက်အခဲများ၊ လိုအပ်ချက်များ အား ကူညီထောက်ပံ့ပေးကမ်းထားသည်မဟုတ်လား။

ထိုအခွင့်အရေးထူးများအား သူမလက်လွှတ်မခံချင်



www.burmeseclassic.com

www.burmeseclassic.com



ပါပေ။ အမှန်တွင် သူတို့နှစ်ယောက်အကြောင်းကို သူမ. . . တောင်းစွာ သိရှိနားလည်ထားသည်။ မာလီကိုဖိုးပွေမှာ သူ၏ ငယ်ရွယ်ပြေပြစ်သော ရုပ်ရည်အား ဗန်းပြကာ ဒေါ်စိန်မမထံမှ ငွေများအား ခြုံမြှုယူနေခြင်းသာဖြစ်သည်။

ဖိုးပွေက အမိကတော့ သူ၏ အမေအိုနှင့်ညီလေးအား အကြောင်းပြု၍ အမျိုးမျိုးလိမ်လည်လှည့်ပတ် ဖျားယောင်းကာ ဒေါ်စိန်မမထံမှ ငွေတောင်းသည်။ ဒေါ်စိန်မမမှာလည်း သူ၏ အပြောများ၌ သာယာမူးယစ်နေကာ သူတောင်းသလောက်ကို တစ်ခါမှ ညည်းညူတယ်မရှိပဲ ရက်ရက်ရောရော ပေးကမ်းလေ့ရှိသည်။

ဒေါ်စိန်မမကလည်း ဖိုးပွေ. . သူမအား စွန့်ခွာမသွားစေရန် ငွေဖြင့် မြှူဆွယ်ထားခြင်းပင်ဖြစ်သည်။ သူမထက် အသက်ထက်ဝက်ခန့်ကွာသော သူက သူမအား ငြီးငွေ့ကာထွက်ပြေးစွန့်ခွာသွားမည်ကို စိုးရိမ်နေသည်မဟုတ်လော။

× × ×





ဒေါ်စိန်မမတစ်ယောက် ဇရာကို အံတုဖုံးကွယ်ထားသော သူမ၏မျက်နှာအား ကြေးမုံပြင်ပေါ်၌ အမူအယာအမျိုးမျိုးလုပ်၍ လှည့်ပတ်ကြည့်နေသည်။

ထိုနောက် စိတ်ကျေနပ်မှုမရသေးဟန်ဖြင့် တို့ပတ်များအား ဖတ်ဖတ်ရိုက်ခြင်း၊ နှုတ်ခမ်းအား ထပ်မံ၍ အရောင်တင်ဆေးဆိုးခြင်း၊ ဘီးဖြင့် ဆံပင်များ ထပ်မံပြင်ဆင်ဖြီးတင်ခြင်းတို့အား ပြုလုပ်နေသည်။ ပြီးမှ သဘောကျကျေနပ်သွားဟန်ဖြင့် ဘီးအား နေရာတကျ ပြန်ချ၍ အလှပဆုံးပြုံးကာ ကြေးမုံပြင်အား မော့အကြည့်။

ရုတ်တရက် ကြေးမုံပြင်၌ ဘွားကနဲတွေ့လိုက်ရသော သွေးတစ်စက်ကလေးမှမရှိသည့် အသားဖြူဖွေးဆွတ်နေသည့် မျက်နှာတစ်ခုအား တွေ့မြင်လိုက်ရသည်နှင့် သူမအသည်းနှလုံးများမှာ ရင်ဘတ်ထဲမှ ဖောက်ထွက်၍ လေထဲသို့ ဖွေ့ကနဲပင် မြောက်တက်လွင့်မျောသွားသည့်အလား ခံစားလိုက်ရပြီး ခန္ဓာကိုယ်တစ်ခုလုံး ချက်ချင်းအေးခဲတောင့်တင်းသွားခဲ့သည်။

ကြေးမုံပေါ်ရှိ မိန်းကလေးက သူမအား အပြွန်မှုန်း



www.burmeseclassic.com

www.burmeseclassic.com



တီးစက်ဆုပ်နေဟန်များ ပြည့်သိပ်နေသော မျက်တောင့်နီကြီးဖြင့် စူးစူးရဲရဲကြီး စိုက်ကြည့်နေလေသည်။

ထိုမိန်းကလေး၏ တစ်ကိုယ်လုံး၌ ရေများစိုရွှဲနစ်နေ၏။ ထို့ကြောင့် တင်ပါးအထိ ဖုံးအုပ်နေသော ဆံပင်ရှည်ရှည်များက အချောင်းလိုက်၊ အချောင်းလိုက်ဖြစ်နေပြီး အချို့မှာ မျက်နှာပြင်သို့ ဝဲကျနေ၏။ မျက်ကွင်းတစ်ဝိုက်မှာလည်း ညိုမည်းနေသည်။

ဒေါ်စိန်မမ၏ ခန္ဓာကိုယ်မှာ တဆတ်ဆတ်တုန်ခါကာ ယိမ်းထိုးလာပြီး. . .။

"ဝုန်း"

သူမရော၊ ထိုင်ခုံပါ ဖရိုဖရဲပြိုလဲကျသွားသည်။ သူမက ရုတ်ချည်းပင် နာကျင်မှု ဂရုမထားနိုင်ပဲ ကုန်းကြုံးထလိုက်သည်နှင့် အေးစက်နေသော အရာတစ်ခုနှင့်ပွတ်တိုက်မိလိုက်ပြီး ညှီစို့စို့ပုပ်အက်အက် အနံ့ဆိုးကြီးအား သူမနှာခေါင်းထဲသို့ သိသာစွာပင် အလုံးအရင်းလိုက် ဝင်ရောက်လာသည်။

ချက်ချင်းပင် ရင်ဘတ်တစ်ခုလုံး ပြောင်းဆန်ဆို့တက်





ရှိ အန်ချင်လာကာ ခေါင်းထဲမှာလည်း မူးနောက်သွားခဲ့သည်။ သူမက မိမိဝင်တိုက်မိမလိုဖြစ်သွားခဲ့သော အရာအား ကြည့်လိုက်ရာ သူမ၏ မျက်လုံးများကား အပြင်ဘက်သို့ ရုတ်ချည်းကျွတ်ထွက်ဖောက်ကွဲထွက်မတတ် ပြူးကျယ်သွားလေသည်။

× × ×

မိန်းမပျိုလေးက သူ၏ ချွန်မြရှည်လျား မည်းနက်ပြီးကောက်ကွေးနေသော လက်သည်းများရှိနေသည့် လက်တစ်ဖက်အား ဖြည်းလေးစွာဖြင့် လေထဲသို့ ပင့်မြှောက်ကာ ဒေါ်စိန်မမ၏ မျက်နှာတည့်တည့်သို့ လက်ညှိုးထိုး၍. . .။

"နင်. . ငါ့. . ကိုသတ်တာ"

ဟူ၍ အေးခဲခြောက်ကပ်နေသော အသံပြာ အက်အက်ကြီးဖြင့် တစ်လုံးချင်း လေးသွဲ့စွာ ဆိုလေသည်။

ဒေါ်စိန်မမ၏ အသားများက တဆတ်ဆတ်တုန်ယင်နေပြီး တစ်စုံတစ်ခုအား အလွန်အမင်း ပြောနေဟန်ဖြင့် နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ခင်းသားများ တဆတ်ဆတ်တုန်ယင်နေကာ ပါးစပ်မှာ ဟချည် စွင့်ချည်ဖြစ်နေသည်။

သူမဦးခေါင်းတစ်ခုလုံး၌ ဘာတစ်ခုမှ မရှိတော့သလို ဖြောလာဟင်းလင်းဖြစ်နေပြီး လည်ချောင်းဝ၌လည်း အလွန်ကြီးမားသော အလုံးကြီးတစ်လုံး လာရောက်တစ်ဆို့ ပိတ်နေသည့်နှယ် အလွန်တရာမှ အခံရခက်စွာ ရှိနေလေသည်။

ကြောက်ရွံ့တုန်လှုပ်ခြင်းက သူမတစ်ကိုယ်လုံး ဖုံးအုပ်လွှမ်းခြုံထားပြီးဖြစ်သည်။

"ငါ့. . နင့်ကို လုံးဝမကျေနပ်ဘူး၊ မကျေနပ်ဘူး၊ နင့်ကို ငါပြန်သတ်မယ်၊ နင့်ဝိဉာဉ်ကို ငါလာခေါ်နှုတ်ယူတာ"

ဒေါ်စိန်မမတစ်ယောက် ဆက်လက်ရပ်တည်နိုင်စွမ်းပင် မရှိတော့သည့်အလား မှန်တင်ခုံအား ကိုယ်ဖြင့်ဖိကပ်ရင်း တအိအိပြိုဆင်းကျသွားပြီး. . . ။

"နှင်း. . . ဖြူ"

ဆိုသော စကားလုံးနှစ်လုံးသာ အလွန်ခက်ခဲပင်ပန်းစွာဖြင့် ခပ်သဲ့သဲ့လေး ထွက်ပေါ်လာသည်။ အဲဒါ သူမအမှား





င်ဖြစ်သည်။ သူမ. . အခုမှပင် နောက်တကြီးစွာ ရနေမိ၏။ သို့သော် သူမ၏ နောင်တမှာ အလွန်တရာမှ အချိန်နှောင်းခဲ့ပြီဖြစ်သည်။

တကယ်ဆို သူမလူမဆန်စွာဖြင့် နှင်းဖြူအား ရေတွင်းထဲသို့ နှစ်မသတ်သင့်ချေ။ အခုတော့ တမလွန်ဘဝမှ နှင်းဖြူက သူ့အား အငြိုးအမျက်ကြီးစွာဖြင့် လွတ်မြောက်ခွင့်ပေးတော့မည်မဟုတ်ပါ။

"ဒေါ်စိန်မမကြီး. . နင်. . အခုသေရတော့မယ်"

မာကျောအေးခဲသော စကားသံနှင့်အတူ ဓားသွားပမာ ချွန်မြှထက်မြက်သော လက်သည်းရှည်ကြီးများက သူမ၏ လည်ပင်းသားထဲသို့ အရှိန်ပြင်းစွာဖြင့် ထိုးဖောက်ဝင်လာလေသည်။ အသည်းနှလုံးများ တစစီကြွေမွပျက်စီးသွားသည့်နှယ် မချိမဆန့် ဝေဒနာအား တခဏလေးသာ ခံစားလိုက်ရလေသည်။

"စွပ်"

သူမမှာ အသံပင် မထွက်နိုင်ပဲ ခန္ဓာကိုယ်တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



လူးလွန့်တွန့်လိမ်ကာ လုံးဝငြိမ်သက်သွားသည်။

ထိုနောက် မိန်းကလေးက သူ၏ လက်သည်းရှည်များအား ဆွဲထုတ်လိုက်သည်နှင့် ဒေါ်စိန်မမ၏ ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော ခန္ဓာကိုယ်မှာ ကြမ်းပြင်ပေါ်သို့ ပြိုလဲကျသွား၏။

"ဝုန်း"

သူမက လက်သည်းများကြားရှိ သွေးရည်များအား တစ်ချက် ခါထုတ်လိုက်ပြီး ဒေါ်စိန်မမအား တစ်ချက်လေးမျှပင် လှည့်မကြည့်ပဲ အလွန်လေးလံသော ခြေလှမ်းများဖြင့် ထွက်ခွာသွားလေတော့သည်။

## အခန်း– ၁

## ဝိညာဉ်ကလဲ့စား

"အူး. . အူး. . . ဝူး. . . "

ဆွဲဆွဲငင်ငင်အူဟစ်လိုက်သော ခွေးအူသံများက တိတ်ဆိတ်ခြောက်သွေ့ မှောင်မိုက်နေသည့် ညအချိန်အား ပို၍ခြောက်ချားတုန်လှုပ်စေရန် ဖန်တီးပြုလုပ်နေသယောင် ရှိ၏။

ထိုအချိန်ဝယ် သူဌေးကြီးဦးချမ်းသာတစ်ယောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ လူတစ်ကိုယ်စာ နစ်မြုပ်ဝင်ရောက် ပျောက်ကွယ်သွား မတတ် ပျော့အိနူးညံ့လှသော ကမ္ဗလာမွေ့ယာကြီးထက်၌ နှစ်မြိုက်စွာ အိပ်မောကျနေလေသည်။

"ခွမ်း"

ရုတ်တရက် ထွက်ပေါ်လာသည့် ကျယ်လောင်သော ပေါက်ကွဲသံကြီးကြောင့် ဦးချမ်းသာ အလန့်တကြား ယောင်ရမ်း၍ *ငေါက်ကနဲ ငုတ်တုတ်ထထိုင်မိလိုက်သည်။*

"ဘာသံလဲ. . . ဘာဖြစ်တာလဲကွာ"

အိပ်ချင်မှုန်ဝါးအသံကြီး ဗလုံးဗထွေး ညည်းတွားရေရွတ်ကာ မျက်လုံးများ မပွင့်တပွင့်ဖြင့် မှောင်မည်းနေသော သူ၏ အခန်းတွင်းသို့ တစ်ချက်လှည့်ပတ်ကြည့်လိုက်၏။

"ဟာကွာ. . ဘာသံပဲဖြစ်ဖြစ် အလကား အိပ်ရေးကို ပျက်တယ်၊ အိပ်မယ်"

ဟုဆိုကာ ချက်ချင်းပင် သူ၏ ကိုယ်အား မွေ့ယာပေါ်သို့ ပြန်လှဲချလိုက်သည်။ အချိန်ခဏလေးအတွင်းမှာပင် အိပ်ပျော်ယောင်ယောင် ရှိနေချိန်၌. . .။





"ခွမ်း"

သူ၏နားနား၌ ပစ္စည်းတစ်စုံတစ်ခု ကျကွဲသံအား ဗီဒိုထင်ရှားပြတ်သားစွာ ကြားလိုက်ရပြန်သည်။

"ဟာ"

ဒီတစ်ကြိမ်တော့ သူ၏ ကြီးစိုးနေသော အိပ်ချင်စိတ်များအားလုံး ပျောက်ကွယ်လွင့်စင်သွားပြီး ဆတ်ကနဲထထိုင်တာ အမှောင်ထဲ၌ ကျင့်သားရခဲ့ပြီးဖြစ်သော မျက်လုံးမှေးမှေးလေးများဖြင့် သေချာဂရုတစိုက် ကြည့်ရှုလိုက်၏။

ထိုအခါ နံရံထောင့်၌ ကပ်ထားသော စားပွဲပေါ်တွင် သူအလှတင်ထားသော ပန်းအိုးလေးနှင့်သူအိပ်ယာမဝင်မီမှ သောက်ခဲ့သော နွားနို့ပန်းကန်လုံးတို့မှာ ကြမ်းပြင်ထက်ဝယ် တစစီ ကွဲကြေပျက်စီးနေသည်ကို တွေ့လိုက်ရသည်။

"ဟင်. . ဘယ်လိုဖြစ်လို့ ဒီပစ္စည်းတွေက အောက်ကို ကျကွဲနေရတာလဲ"

သူ. . . တအံ့တသြရေရွတ်ပြီးမှ ကြွက်လျှောက်တာကြောင့်များလားဟူသော အတွေးက ဖျတ်ကနဲဝင်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တဆက်တည်းမှာပင် ကြွက်ကြောင့်ဆိုလျှင် အဘယ်ကြောင့် ကြွက်သံတစိုးတစိမှ မကြားရတာလဲဟူသည့်အတွေးတ ထပ်ဆင့်ဝင်ရောက်လာပြန်သည်။

သူ. . ဇဝေဇဝါဖြစ်နေစဉ်မှာပင် သူ၏ မျက်ကြည်လွှာပေါ်၌ တစ်စုံတစ်ခုက လှစ်ကနဲ ပြိုးပြက်ဝင်းလက်သွားသလို ခံစားမိလိုက်သဖြင့် ဖျတ်ကနဲ မော့ကြည့်လိုက်ရာ ပွင့်ဟနေသော ပြတင်းတံခါးတစ်ချပ်မှတစ်ဆင့် အပြင်ဘက်သို့ လှမ်းမြင်လိုက်ရသည်။

အပြင်ဘက်ရှိ အလင်းရောင် ခပ်ဝါးဝါးကို ကြည့်၍ ထိုပြတင်းတံခါးများ အားလုံးကို သူကိုယ်တိုင် အသေအချာပိတ်ထားခဲ့ပါလျက်နဲ့ ယင်းပြတင်းတံခါးတစ်ချပ်မှာ ဘယ်လိုကြောင့်များ ပွင့်နေရသလဲဟု စဉ်းစားတွေးတောနေစဉ်မှာပင် ကောင်းကင်ပြင်၌ လျှပ်ရောင်တစ်ချက် ဝင်းလက်သွားသည်ကို တွေ့လိုက်ရ၏။

"အင်း. . မိုးရွာတော့မယ်နဲ့တူတယ်"

ဟူ၍လည်း စိတ်ထဲမှကြိတ်၍ မှတ်ချက်ချမိသည်။





ထိုစဉ်. . .။

"ကျွိ. . ."

စားပွဲခုံကြီးမှာ တစ်စုံတစ်ယောက်က တွန်းရွှေ့လိုက်သည့်အလား သူ့အလိုလို လက်တစ်တောင်သာသာခန့်အကွာသို့ ရွှေ့လျားသွားသည်။

"ဗုဒ္ဓေါ. . ."

သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထောင်ထသွားပြီး ကိုယ့်မျက်လုံးကိုပင် ယုံမှားသံသယဖြစ်သွားမိသည်။ သူ့အပြင် ဒီအခန်းထဲ၌ တစ်စုံတစ်ယောက်ရှိနေသည်ဟု ခံစားမိသည်။ အလွန်ခြောက်ချား ကြောက်မက်ဖွယ်ကောင်းသော ကောင်းသည့် အငွေ့အသက်များက သူ့အပေါ် လွှမ်းခြုံလာသည်ဟုလည်း ထိတ်လန့်စွာ ခံစားလိုက်မိလေသည်။

ထိုစဉ်. . .။

ခပ်ဖြူးဖြူးလေးတိုက်ခတ်နေသော လေညင်းလေးက ဟူးဟူးယားယား အော်မြည်သံကြီးနှင့်အတူ ခပ်ကြမ်းကြမ်းလေး ပြောင်းလဲတိုက်ခတ်လာခဲ့သည်။ ရုတ်ချည်းပင် အခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲ၌ အေးစိမ့်စိမ့်ကြီး ဖြစ်သွားလေသည်။ ဦးချမ်းသာ သူ့အား တိုးဝှေ့တိုက်ခတ်လာသော လေအေးများကြောင့် အသားအရည်များမှာ ပို၍အေးစက်တောင့်တင်းလာခဲ့သည်။

တစ်ကိုယ်လုံး ချွေးစေးများဖြင့် စေးထိုင်းထိုင်းကြီး ဖြစ်နေသည်။ ထိုစဉ်. . သူ၏နှာခေါင်းတွင်းသို့ ပုပ်အက်အက်အနံ့ဆိုးတစ်မျိုးက တိုးဝင်ရောက်လာသည်ကို သတိပြုမိလိုက်မြန်သည်။

သူ့အခန်းတွင်းသို့ နေရာမလပ် လည့်ပတ်ကြည့်ရှုနေရင်း နှလုံးခုန်နှုန်းမှာ ပရမ်းပတာပင် တုန်ခါမြည်ဟည်းနေ၏။ ဘာမှထူးထူးခြားခြား မတွေ့ရသည့်အဆုံး သူကအံတင်းတင်းကြိတ်ကာ စိတ်အားတင်းလိုက်ပြီး ကုတင်ဘေးရှိ စားပွဲပုလေးပေါ်မှ မီးခြစ်နှင့်ဖယောင်းတိုင်အား ချွေးစေးများဖြင့် စိုထိုင်းနေသည့် လက်များဖြင့် အသာအယာလှမ်းစမ်းလိုက်သည်။

မျက်လုံးများကတော့ အဆက်မပြတ် ဝေ့ဝဲအလုပ်လုပ်နေ၏။ ကံကောင်းထောက်မစွာပင် မီးခြစ်နှင့်ဖယောင်းတိုင်အား အလွယ်တကူ စမ်းမိလိုက်သည်။



သူ့စိတ်ထဲတွင် လှိုက်ခနဲဖြစ်သွားပြီး မီးခြစ်အား အသာတကြီးပင် ခြစ်လိုက်သည်။ သို့သော်. . ပြတင်းပေါက်မှ ဝင်လာတိုးနေသဖြင့် မီးမတောက်နိုင်ပဲ ရှိနေသည်။ နောက်မှ ကြိုးစားဆင့်ခြင်မိဟန်ဖြင့် မီးခြစ်အား သူ၏ကိုယ်ဖြင့်ကွယ်၍ ခြစ်တော့မှ မီးညှိလိုက်၏။ မီးရောင်မြင်လိုက်သည်နှင့် အနည်းငယ် စိတ်ဝင်လာသလိုရှိသည်။

သို့သော်. . . သူတစ်ယောက်တည်း ဒီအခန်းထဲ၌ ဆက်လက်နေထိုင်လိုခြင်း မရှိသဖြင့် အပြင်ဘက်သို့ အမြန်ထွက်သွားလိုစိတ် ဖြစ်ပေါ်နေသည်။ ထိုကြောင့်. . ဖယောင်းတိုင်အား ငြိမ်းမသွားစေရန် လက်ဝါးဖြင့်ကွယ်၍ ရှေ့ဘက်သို့ မျက်နှာလှည့်သည်နှင့် . . .။

ကုတင်အပေါ် ဘက်တုတ်တန်းပေါ်မှ ဖြုန်းခနဲဇောက်ထိုးကြီးကျလာသော ခန္ဓာကိုယ်ကြီး တစ်ခုအား တွေ့မြင်လိုက်ရချိန်၌ သူ၏ ခန္ဓာကိုယ်တွင်းတွင် လည်ပတ်စီးဆင်းနေသော သွေးများအားလုံးရုတ်ချည်း အေးခဲရပ်တန့်သွားသည်ဟု ထင်မှတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"နှင်း . . နှင်း . . ဖြူ . ."

အမည်နာမတစ်ခုအား အလန့်တကြား တုန်တုန်ရီ ရီရေရွတ်လိုက်မိပြီး လက်ထဲမှ ဖယောင်းတိုင်မှာလည်း အိပ်ယာပေါ်သို့ သတိလက်လွတ်လွှတ်ကျသွားခဲ့သည်။

သူမက သူ့အားအလွန်တရာမှ မုန်းတီးနာကြည်းစိတ်ဆုပ်စွာဖြင့် မြွေမတစ်ကောင်လို အငြိုးအတေး ကြီးလှသော မျက်လုံးစူးစူးရဲရဲကြီးများဖြင့် စူးစိုက်ကြည့်ရင်း ရုတ်တရက် သူမ၏ လက်သည်းရှည်ကြီးများဖြင့် တရှိန်ထိုး ဆတ်ခနဲ ထိုးစိုက်ချလိုက်၏။

"အ. ."

မွေ့ယာပေါ်၌ သွေးညှီရည်များ စွန်းထင်ညစ်ပေသွားလေသည်။ ဖယောင်းတိုင်မီးမှာလည်း လိမ့်ထွက်သွားပြီး မွေ့ယာကြီးအား စတင်မီးစွဲနေပြီဖြစ်သည်။ ထိုနောက် . .။

သူမက ခန္ဓာကိုယ်အား ဝါဂွမ်းလေးတစ်ခုပမာ လေထဲ၌ ဂျွမ်းတစ်ပတ်ထိုးကာ ခြေသံမကြားလောက်အောင် ပေါ့ပါးညင်သာစွာဖြင့် ကျရောက်လာပြီး ဒေါသအမျက်အငြိုး





ကြီးစွာဖြင့် အိပ်ယာထက်၌ ဖျတ်ဖျတ်လူးလွန့် ညည်းညူနေသော ဦးချမ်းသာအား အခဲမကျေနိုင်စွာဖြင့် သူမ၏ လက်သည်းရှည်ရှည်များနှင့် ရွှတ်ခနဲ၊ ရွှတ်ခနဲမြည်အောင် ဦးချမ်းသာ၏ မျက်လုံးများအား ထိုးဖောက်ကာ မျက်နှာတစ်ခုလုံးအား မြင်ရက်စရာမရှိအောင်ပင် ကုတ်ဖဲ့ခြစ်လိုက်ရာ မျက်နှာတစ်ပြင်လုံး တစ်ခဏအတွင်း သွေးချင်းချင်းနီရဲသွားခဲ့သည်။

ဒါ့ပြင် . . ဦးချမ်းသာ၏ ဝမ်းဗိုက်အား သူမလက်၏ လက်သည်းများဖြင့် အလျားလိုက်ထိုးခွဲချလိုက်သည်မှာ ဖွဲအိတ်တစ်အိတ်အား ဓားထက်ထက်ဖြင့် ခွဲချလိုက်သကဲ့သို့ သွေးများဒလဟော ဖြာဆင်းကျလာသည်။ တစ်ဖန် . . . အသက်ဝိညာဉ် ကင်းမဲ့သွားပြီဖြစ်သော သူ၏ ခန္ဓာကိုယ် အနှံ့အပြားအား ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် တင်းမာခက်ထန်နေသည့် မျက်နှာကြီးဖြင့် အဆက်မပြတ် ထိုးစိုက်ကုတ်ခြစ်နေတော့သည်။

"သေစမ်း . . သေစမ်း၊ ကဲဟာ . . ကဲ . . လူယုတ်မာခင်းသေမှအေးမှာ . . သေစမ်း၊ နင့်ဝိညာဉ်ကို ငါလာခေါ်တာ"

www.burmeseclassic.com



ဟူ၍လည်း ဝမ်းခေါင်းသံပါပါ နက်ကြောသောလေသံဖြင့် တတွတ်တွတ် ရေရွတ်ညည်းညူနေလေသည်။ ဦးချမ်းသာ၏ အဖြူရောင်ညဝတ်အင်္ကျီရှည်ကြီးမှာ တစ်စစီစုတ်ပြတ်လန်ထွက်ကာ သွေးရည်များကြောင့် အနီရောင်အဖြစ်သို့ပင် ပြောင်းလဲရောက်ရှိနေပြီဖြစ်သည်။

ထိုနောက်. . သူမက ဦးချမ်းသာ၏ အလောင်းအား စိမ်းလဲ့သော မျက်ဝန်းနီများဖြင့် စူးစိုက်ရင်း အသည်းအေးထိတ်လန့်ဖွယ် ပြုံးလိုက်သောအခါ သူမ၏ သွားများမှာ နီရဲနေပြီး ရဲရဲနီနေသော သွေးစိမ်းရှင်ရှင်များက သွားကြားမှတဆင့် နှုတ်ခမ်းအောက်သို့ ယိုစီးကျလာသည်။

ထိုပြင်. . ဖယောင်းတိုင် မီးတောက်မှာလည်း လျင်မြန်စွာပင် ပစ္စည်းတစ်ခုချင်းဆီသို့ ကူးစက်တောက်လောင်နေလေတော့သည်။

* * *





မိစုတစ်ယောက် ငွေပေးလိုက်သောစာအား ဂ...စ်ပါအောင် ဆုပ်ကိုင်ရင်း ဘေးသီဝဲယာသို့ မကြည့်...ကျော် ခပ်သုတ်သုတ် လာခဲ့သည်။

ရုတ်တရက်. . သူမ၏စိတ်ထဲ၌ လွန်စွာအံ့ဩသည်။ ဒီလမ်းခရီးအား ပထမဖြတ်လျှောက်ခဲ့ရင်းက ...ပြိုးကျသလောက် အခုတစ်ခေါက်၌ ဘာကြောင့်ဒီလောက်...လင်းပြတ်သား နေရပါသနည်းဟု အံ့သြခြင်းများစွာဖြင့်...တ်ခနဲ ခေါင်းမော့ကာ ပတ်ဝန်းကျင်သို့ တစ်ချက်အကဲခတ်ကြည့်လိုက်ရာ. . ဦးချမ်းသာ၏အခန်းမှာ မီးရောင်များ အဆ...တန်ထိန်လင်းနေသည်ကို တွေ့လိုက်ရသည်။ သူမမျက်လုံးအပြူးသားဖြင့် တစ်ခဏ ငေးကြောင်ကြည့်နေရာမှ. . ။

“ဟင်. . ဒါ. . ဒါ. . မီးလောင်နေတာပဲ. . ”

သူမအထိတ်တလန့်ဖြင့် ရင်တလှပ်လှပ်ခုန်ကာ ပတ်ဝန်းကျင်အား အော်ဟစ်အကူအညီတောင်းရန် ပါးစပ်ပြင်...တ်စဉ် သစ်ပင်ရိပ်တစ်ခုအောက်မှ ဘွားခနဲထွက်ပေါ်လာသော ဆံပင်ရှည်ရှည်များဖြင့် မိန်းကလေးတစ်ယောက်အား



www.burmeseclassic.com

www.burmeseclassic.com



တ်တရက် တွေ့မြင်လိုက်ချိန်၌..။

သံမြင့် "အား.."

သာ၏ ဒ ဟူသော အော်သံနက်ကြီးနှင့်အတူ သူမခန္ဓာကိုယ်

လန်ထွက်ပြုခွေလဲကျသွားလေတော့သည်။

ပြောင်းဂ

* * *

စီ

## အခန်း-၂

### ကံဆိုးမလေး

"ဟား..ဟား..ဟီး..ဟီး..ဟန်ကျလိုက်တာ၊ ငါ သူရင်မစားဖို့ အစားအစာတွေတွေ့ပြီ၊ ဒါ..ငါဘုရင်မအတွက် တော်သိကြားတွေ ဖန်တီးပြုလုပ်ပေးထားတာပဲ..ဟေး.."

ဟူ၍ ချိုကြည်သာယာသော အသံလေးဖြင့် ဝမ်းသာအားရ အော်ဟစ်လိုက်သံနှင့်အတူ လမ်းကွေ့လေးတစ်ခုရှိ



www.burmeseclassic.com

www.burmeseclassic.com



အဆိုင်းအခက်အရွက်တို့ ဝေဆာကြီးထွားဖွံ့ဖြိုးလှသော သရက်ပင်ကြီးတစ်ပင်အောက်သို့ တဖုတ်ဖုတ်မြည်အောင်ပင် ကဆုန်စိုင်း ပြေးလွှားလာသော ခြေသံကြီးအား ကြားလိုက်သည်။

တစ်ဆက်တည်းမှာပင်. . အလွန်စုတ်ပြတ် ညစ်ပေနေသော ရှပ်အင်္ကျီအဖြူလက်ရှည် ခပ်ပွပွနှင့် ဖက်ဖူးရောင်လုံချည်လေးအား ဝတ်ဆင်ထား၍ နွဲ့နှောင်းသော ကိုယ်ဟန်ရှိသည့် မိန်းကလေးတစ်ယောက်က သရက်ပင်အောက်သို့ လျှပ်တပြက် တရှိန်ထိုး ပြေးဝင်လာပြီး မြေပြင်၌ မှည့်ပျော်ကြွေချထားသော သရက်သီးမှည့်တို့အား အလျှင်အမြန်ပင် လိုက်လံကောက်၍ သရက်သီးမှည့်တစ်လုံးအား လက်ဖြင့် အလျှင်စလို အခွံနွှာကာ အားပါးတရ ပလုတ်ပလောင်းနှင့် အငမ်းမရ စားလိုက်လေသည်။

"ဟား. . ဟ. . ချိုလိုက်တာ၊ ကောင်းလိုက်တာ. . အရမ်းစားလို့ကောင်းတာပဲ. ."

ဟုလည်း အသိဉာဏ်ကင်းမဲ့နေသည့် ကလေးတစ်ယောက်သဖွယ် ပျော်ရွှင်မြူးတူးစွာ တစ်ယောက်တည်း အော်





တစ်ပြောလိုက်သေးသည်။

အမှန်တကယ်တော့လည်း သူမသည် ကလေးငယ်တစ်ယောက်နှင့် မခြားပေ။ သူမ၏ သွင်ပြင်ပုံဟန်အား တွေ့မြင်လိုက်သည်နှင့် စိတ်မနှံ့သူတစ်ယောက်ဖြစ်ကြောင်း အတပ်သိရှိနိုင်သည်။ ပခုံးထက်သို့ ဝဲကျနေသော ဆံပင်နက်နက်ရှည်ရှည်များက နှစ်ကာလကြာရှည်စွာ ဖီးသင်ပြုပြင်မှုကင်းမဲ့နေဟန်ဖြင့် ဖရိုဖရဲနှင့် ငှက်သိုက်ပမာ ရှုပ်ထွေးနေလေသည်။

ထို့ပြင်. . ရှုပ်ထွေးနေသော ထိုဆံပင်များကြားတွင် ခေါင်းလောင်းပန်း နီနီရဲရဲကြီးများအား ဖြစ်ကတတ်ဆန်းပန်ထားသေးသည်။ ဆံပင်အချို့က မျက်နှာရှေ့သို့ ရောက်ရှိနေသဖြင့် သူမ၏ မျက်နှာသွင်ပြင်အား မတွေ့မြင်နိုင်ချေ။

သို့သော် ထိုမျက်နှာပြင်ထက်ရှိ အရည်ကြည်လေးများနှင့် စိုတောက်ပကာ ဝိုင်းစက်လှပလွန်းသော မျက်ဝန်းတစ်စုံကိုတော့ ဘယ်လိုအရာမျိုးကမှ ဖုန်းကွယ်ဝှက်ထားနိုင်ခြင်းမရှိဘဲ ထင်ရှားပြတ်သားစွာ တွေ့မြင်ရလေသည်။

www.burmeseclassic.com



"ပဲပြုတ်. . ဟောဒီက ပဲပြုတ်ပူပူလေး"

ရှည်လျားစူးရှကျယ်လောင်သော ဒေါ်စန်း၏ ပဲပြုတ်ရောင်းသံနှင့်အတူ. . .။

"အကြော်စုံပူပူလေးရမယ်၊ အကြော်စုံပူပူလေး"

ဟူသော အကြော်သည်ဒေါ်မြကြီး၏ အသံစူးစူးကလည်း ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာလေသည်။

ထိုအသံနှစ်သံအား ကြားလိုက်သည်နှင့် သူမတို့နှစ်ယောက်၏ အသံဖြစ်ကြောင်း ရွာသူရွာသားများက အတပ်သိရှိကြသည်။ သူမတို့နှစ်ယောက်သည် အိမ်ချင်းဘေးချင်းကပ်နေထိုင်ကြသူများဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး အတိုင်အဖောက်ညီညီဖြင့် ညီအစ်မများသဖွယ် ချစ်ခင်ရင်းနှီးကြ၏။ ဈေးရောင်းလျှင်လည်း နှစ်ယောက်သား အတူတူရောင်းကြ၏။

ဒါ့အပြင် သူမတို့နှစ်ယောက်သည် သူတစ်ပါး၏ အကြောင်းကို စိတ်ဝင်တစားဖြင့် အလွန်စပ်စုတတ်သည့် ဗီဇညီဆိုးချင်းလည်း တူညီသည်။ တစ်ရွာလုံးက လူတွေအကြောင်းကို ပေါက်ပေါက်ဖောက်သလို စဉ်းစားချင်းပင်မရှိပဲ ဒလစပ်





ပြောပြနိုင်သည်။ သူမတို့နှစ်ယောက် မသိဘူးဆိုသည့် အရာဆိုရှားရှားပင်။

"ဟေ့. . မမြ၊ သူဌေးဦးချမ်းသာတို့ သေဆုံးသွားတာတောင်ကြာညီနိုင်စရာကြီးနော်၊ ဘယ်သူများ သတ်လိုက်လဲမသိဘူး"

"ဟွန်း. . သူတို့လို လူယုတ်မာတွေ ခုလို အသေဆိုးနဲ့သေမှ ကောင်းတယ်"

"ဟင်. . ဘာဖြစ်လို့လဲဟ"

"အေး. . သူတို့သေမှပဲ နင့်ကို ငါကိစ္စတစ်ခု ပြောပြရဦးမယ်၊ နင်သိတယ်မဟုတ်လား၊ သူတို့ဆီမှာ အစေခံလုပ်နေတဲ့ နှင်းဖြူဆိုတဲ့ ခင်ချောချော ကောင်မလေးကိုလေ"

"ဟယ်. . သိပါ့. . သိပါ့၊ အဲဒီကလေးမလေးက ငါ့ဆီမှာ ပဲပြုတ်မဝယ်တာ သုံးပတ်လောက်ရှိရောပေါ့၊ ဈေးထွက်ဝယ်တာလည်း မတွေ့မိဘူးဟဲ့"

ဒေါ်မြကြီးတစ်ယောက် မနက်ငါးနာရီကျော်အချိန်ဆိုလီဝေလင်းအချိန်ကြီးပင် စိတ်မလုံမလဲဟန်ဖြင့် ဘေးဘီသို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ဝေ့ဝဲကြည့်ရင်း ဒေါ်စန်းနားသို့ ပို၍တိုးကပ်လာသည်။ ဒေါ်စန်းကလည်း သူမ၏ ပုံဟန်အားကြည့်၍ စိတ်ဝင်စားမှု အပြည့်ဖြင့် သူမနားသို့ အလိုက်သင့် တိုးကပ်လာပြီး လေသံအား နှစ်ကိုယ်တည်းကြားရုံမျှဖြင့် နိမ့်ချလျက်။

"ဟဲ့ . . . ဘာလဲ၊ ပြောစရာရှိတာပြောလေ၊ ငါအရမ်းသိချင်လာပြီ၊ ပြောသာ ပြောစမ်းပါဟယ်၊ ဒီနားတစ်ဝိုက်မှာ ညည်းနဲ့ငါကလွဲပြီး အခြားဘယ်သူမှ မရှိပါဘူး"

"အင်းပါ။ အဲဒီကောင်မလေးက သူဌေးဦးချမ်းသာကို အပိုင်ကြံလို့ဆိုပြီး သူဌေးမိန်းမ ဒေါ်စိန်မမကြီးက နှင်းဖြူကို သူတို့တော ပြန်ပို့လိုက်ပြီလို့ကြားတယ်"

"ဟယ် . . ဒါလုံးဝအမိပ္ပါယ်မရှိဘူး၊ မဖြစ်နိုင်တာနော်၊ ကလေးမလေးကို ငါလေ့လာအကဲခတ်မိသလောက်တော့ ခပ်ရိုးရိုး အအထုံထုံလေးပါဟယ်၊ အဲဒီ ကလေးမလေးလို ရုပ်ချောချောလေးနဲ့ အင်မတန် ရိုးသားဖြူစင်တဲ့ မိန်းကလေးက ဘယ်လိုလုပ်ပြီး သူဌေးဦးချမ်းသာလို ကြည့်ပျော်ရှုပျော်တောင်မရှိတဲ့ ရုပ်ဆိုးဆိုးနဲ့ အသက်ငါးဆယ်ကျော် အဘိုးကြီးတစ်ယောက်





ကို မြဲခွယ်ဖြားယောင်း အပိုင်ကြံပါမတဲ့လား၊ မယုံကြည်နိုင်စရာတော်၊ သူ့လို ကျားငစဉ်းလဲတစ်ယောက်ကို ဟွန့် . . မပြောလိုက်ချင်ဘူး"

သူမက ပြောရင်းဆိုရင်းနဲ့ အားပါဒေါသထွက်ရွံ့မုန်းသောဟန်ဖြင့် အသံက မာန်ပါခက်ထန်၍ အနည်းငယ်ကျယ်လောင်သွားရာ ဒေါ်မြကြီးမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး။

"ဟာ . . ဟဲ့ . . တိုးတိုးပြောပါ။ ဒါ . . ငါတို့ နှင်တို့အိမ်မဟုတ်ဘူးဟဲ့၊ သတိလေးဘာလေးထားဦး၊ နင့်အသံကလည်းကွာပါပဲ၊ နင်သိတဲ့အတိုင်းနော်၊ သူတို့လူတွေက နေရာတိုင်းမှာ ပေါပါဘိ၊ နင့်အသံကိုသာ ကြားသွားလို့ရှိရင် ဟင်း . . ဟင်း ဒေါ်စိန်မမရဲ့ သမီးအကြောင်း နင်သိတယ်မဟုတ်လား"

ဟုစိုးရိမ်တကြီးနဲ့ သတိပေးတားမြစ်လိုက်၏။

"အို . . ဟုတ်ပါ့ . . ဟုတ်ပါ့၊ ကျုပ်သတိမေ့သွားလို့ပါဘယ်၊ ကျုပ်တို့လိုလူမျိုးက သူတို့လို လူချမ်းသာတွေနဲ့တော့ တော်ပြီးရန်မဖြစ်ရဲပါဘူးတော်၊ ကိုယ်လိုသူလိုလူတွေက ရန်ဖြစ်ပြီးရင်ပြီးရော၊ စိတ်ထဲမှာ ကောက်တေးမထားတတ်ဘူး၊ ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



မေ့ပစ်လိုက်ပြီး ဒါပဲ၊ ဘယ်တရားရုံးမှမသွားဘူး၊ သူတို့ကတော့ အငြိုးအတေးကြီးကြီးနဲ့ကို ကိုယ့်ကို တစ်နည်းမဟုတ်တစ်နည်းနဲ့ အမျိုးမျိုး ဒုက္ခရောက်အောင်လုပ်မှာတော့”

ဟု၍ အသံအား ခပ်တိုးတိုးလေးဖြင့် တီးတိုးတောင်းပန်လိုက်သည်။

“အေး. . နင်သိရင်ပြီးရော၊ ငါတို့ မျက်စိရှေ့မှာတင် မြင်ဖူးတယ်မဟုတ်လား၊ သူတို့မကျေနပ်တဲ့လူဆိုရင် ဘယ်လိုဖြစ်သွားတယ်ဆိုတာ”

“သိပါ့. . သိပါ့၊ ကဲပါ. . ညည်းပြောတဲ့ ကိစ္စရှေ့ဆက်ဦးလေ”

“အေးပါ၊ နင်. . ငါပြောတာကိုလည်း ဆုံးအောင်နားထောင်ဦး၊ နောက်မှ နင့်ဘာသာနင် ကြိုက်သလို ဝေဖန်သုံးသပ်ပြောဆိုနိုင်တယ်”

“အင်းပါ၊ ပြောမှာသာပြောစမ်းပါ”

သူမက အသံအား ပို၍တိုးချလိုက်ပြီး. . .။

“အမှန်တော့ အဲဒီကောင်မလေးကို သူ့ဌေးဦးချမ်းသာ





က မတရားခြေတော်တင်လိုက်တာဆိုပဲ၊ ကောင်မလေးက အမြဲတမ်းလိုလို တစ်ယောက်တည်း ကြိတ်ပြီး ငိုနေတတ်သတဲ့၊ နောက်တော့ ဒေါ်စိန်မမကြီးက ဘယ်လိုကဘယ်လို သိသွားဘယ်မသိဘူး၊ သူက ကောင်မလေးကိုခေါ်ပြီး ငွေအချို့ပေးပြီး အဖြတ်အသတ် ပြောဆိုကြိမ်းမောင်းခြောက်လှန့်တယ်၊ နောက်တော့ ဘာပြဿနာမှ မဖြစ်လာမီ ကြိုပြီး သူတို့အပိုင်တောကို ပို့ပစ်လိုက်တာဆိုပဲ”

“ဟယ်. . ရက်စက်လိုက်တာ၊ အဲဒီမိန်းမက မိန်းမချင်း အတော်ကိုယ်ချင်းမစာတတ်တဲ့သူပဲ၊ လူမဆန်လိုက်တာ”

“အင်း. . သူတို့လိုလူမျိုးက ငါတို့လို ဘယ်ကိုယ်ချင်းစာတရား ရှိပါ့မလဲအေ့၊ သူ့နေရာလေး အစဉ်မပြဲမှာကိုပဲ တွေးကြောက်နေတာ၊ သူနှင့်အပြိုင် အခြားမယားငယ်မပေါ်ပေါက်လာရအောင် ကြိုတင်ရှင်းထုတ်ပစ်တဲ့သဘောပေါ့၊ ဘာလို့ပဲပြောပြော သူတို့လင်မယားနှစ်ယောက်စလုံး ပုလင်းတူဖုံးဆို့တွေပဲ၊ ဒေါ်စိန်မမကြီးကလည်း သူတို့ရဲ့ မာလီကောင်လေးအသ ငယ်လေးတစ်ယောက်နဲ့ ငြိစွန်းနေတာတဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ နှင်းဖြူဆိုတဲ့ ကလေးမလေးကို အရမ်း သနားတာပဲဟယ်၊ အဲဒီကလေးမကို ရွာထဲက ကာလသားတင်း ချို့ တောင် မျက်စိကျနေတာ ငါရိပ်မိတယ်ဟဲ့. . သိလား၊ ငါ့ မှာလည်း သမီးရှိတော့ သားသမီးချင်း ကိုယ်ချင်းစာမိတယ်"

ပဲပြုတ်သည် ဒေါ်စန်းက ယူကြုံးမရ နှမြောတသ သော တုန်ယင်နေသည့် လေသံဖြင့် ခပ်ညည်းညူညူး ရေရွတ် လေသည်။ သူတို့နှစ်ယောက်သည် ကိုယ်စျေးရောင်းဖို့အရေး ပင် မေ့လျော့နေဟန်ဖြင့် စကားချင်း တွတ်ထိုးကာ တရွေ့ ရွေ့ ဆက်လျှောက်လာခဲ့သည်။

"ဟယ်. . ကြည့်စမ်း၊ ညည်းက အဲဒီကိစ္စတွေ အကုန် လုံး သိနေတယ်ပေါ့. . ဟုတ်လား၊ ငါကျတော့ ဘာဖြစ်လို့ လုံး ဝမကြားသိရတာလဲ"

"ဩော်. . ဒါက သူတို့ဆီမှာ အလုပ်လုပ်နေတဲ့ လူ တွေထဲက ခြေထောက်တစ်ဖက်ဆာနေတဲ့ အသက်ကြီးကြီး မိန်းမကြီးကို နင်သိတယ်မဟုတ်လား"

"အင်း. . သိတယ် ဘာလဲ. . ညည်း သူ့ဆီက သိလာ





ခဲ့တာလား"

"အေး. . ဟုတ်တယ်၊ သူစျေးထဲမှာ စျေးလာဝယ်ရင်း ငါနဲ့ အမှတ်မထင်ဆုံတော့ ငါလည်း အဲဒီကောင်မလေးအ ကြောင်းကို မေးကြည့်လိုက်မိတယ်၊ အဲဒီအချိန်မှာ သူ့ရဲ့ မျက် နှာတာ အကြီးအကျယ် ပျက်ယွင်းသွားတယ်ဟ၊ အဲဒီတော့ ငါလည်း ဘယ်ရမလဲ၊ သူ့ကို အမျိုးမျိုး လှည့်ပတ်အောက်အစ် မေးတာပေါ့၊ ငါ့အကြောင်း သိတယ်မဟုတ်လား"

"အစကတော့ သူက ဘာမှမပြောဘူး၊ မရေမရာ မ သေချာတဲ့ စကားကိုပဲ အထပ်ထပ်အခါခါ အဖြေပေးနေတာ ပေါ့၊ နောက်မှ သူက မအောင့်အီးနိုင်တော့ပဲ ရင်ဖွင့်အန်ထွက် သွားခဲ့တာ၊ သူက အဲဒီကောင်မလေးနဲ့ တစ်ခန်းတည်းအတူ နေတဲ့ သူဆိုတော့ ကောင်မလေးအပေါ် သံယောဇဉ်တွယ်နေ ရှာသကိုးကွယ့်၊ ပြီးမှ သူက ကြောက်အားလန့်အားနဲ့ ငါ့ကို ဘယ်သူ့မှ မပြောပါနဲ့ဆိုပြီး တောင်းတောင်းပန်ပန်နဲ့ ငွေတစ် ဆယ်ပေးတယ်၊ နှုတ်ပိတ်တဲ့ သဘောပေါ့ဟယ်၊ ငါကလည်း တုံးငအမှမဟုတ်တာ၊ ဘယ်ပြောပါ့မလဲ၊ တကယ်ဆို့ ရွာထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ငါလျှောက်ပြောလိုက်လို့ ဒီသတင်း ပေါက်ကြားသွားမယ် ဆိုရင် ငါမှန်းသိသွားလို့ရှိရင် ငါအကြီးအကျယ် ဒုက္ခရောက် သွားနိုင်တယ်မဟုတ်လား၊ နောက်ပြီး သူလည်း ဒုက္ခရောက်ရ မယ်လေ၊ ကိုယ့်သေတွင်း ကိုယ်ဘယ်တူးပါ့မလဲနော်”

“ဒါနဲ့ ညည်းက အလကားနေရင်း ငွေတစ်ဆယ်ကြီး တောင် မြတ်သွားတယ်ပေါ့. . ဟုတ်လား၊ ဒါကြောင့် အခုတ လော ငါ. . ညည်းကို ဈေးရောင်းထွက်ဖို့ လာခေါ်တိုင်း ညည်း က အင်တင်တင်နဲ့ အရင်တုန်းကလို အရမ်းတက်ကြွနိုးကြား မှုမရှိတော့တာကိုး၊ ဟွန်း. . ညည်းအတော်တတ်နိုင်တဲ့လူပဲ”

ဒေါ်မြကြီး တစ်စုံတစ်ရာအား တွေးတောမိဟန်ဖြင့် တခဏငြိမ်သက်သွားပြီးမှ. . .။

“မစန်း. . ဒီအကြောင်းကို နင် အခြားဘယ်သူ့မှ ဖွင့် မပြောမိစေနဲ့နော်”

“ဩော်. . ညည်းကလည်း အဲဒီလောက်ကြီးအထိ စိုးရိမ်လွန်မနေပါနဲ့၊ ငါ. . ဘယ်သူ့ကိုမှ မပြောပြဘူး စိတ်ချ၊ အဲ. . ဒါပေမယ့် ငါ့ယောက်ျားကိုတော့ ပြောပြချင်တယ်ဟာ”





“ဟာ. . မပြောနဲ့၊ မပြောပြပါနဲ့၊ လုံးဝမဖြစ်ဘူး”

ဟူ၍ သူမက အထိတ်တလန့်ဖြင့် ခါးခါးသီးသီးကြီး ပင် ပျာပျာသလဲဖြင့် ငြင်းဆန်လေသည်။

“ငါတောင် ငါ့ယောက်ျားနဲ့ အိမ်သားတွေကို လုံးဝ မပြောပြတာမဟုတ်ဘူး၊ နင့်တစ်ယောက်ကိုသာ ငါယုံကြည်စိတ် ချလို့ ပြောပြမိတာ၊ နင်နှင့်ငါက အမြဲတိုင်းလိုလို ဟိုအကြောင်း ဒီအကြောင်း ပြောပြနေကျမဟုတ်လား၊ ဒါကြောင့် ငါအဲဒီအ ကြောင်းကို နင့်ကိုမပြောပဲ ငါလုံးဝမနေနိုင်ဘူး ဖြစ်နေတယ်၊ နင့်ကိုတွေ့တာနဲ့ ငါပြောပြချင်တာ ပါးစပ်ကို ယားလို့၊ စိတ်ထဲ မှာလည်း ကလိကလိနဲ့ဟ”

“အင်းလေ၊ ဒါဆိုလည်း ငါ. . ဘယ်သူ့ကိုမှ မပြော တော့ပါဘူး၊ ဒါပေမယ့် အတော်တော့ ကိုယ့်စိတ်ကိုယ် ထိန်း ရမယ်နဲ့တူတယ်၊ ငါ့အကြောင်း ညည်းသိတယ် မဟုတ်လား ဒါပေမယ့် ဒီအကြောင်းကို ငါ. . ဘယ်သူ့ကိုမှ မပြောပါဘူး၊ စိတ်ချ”

ဒေါ်မြကြီးမှာ ယခုမှပင် စိတ်လျှော့ချလိုက်ဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းရှည်တစ်ချက် ကြိတ်ချရင်း. . . ။

"အေးပါဟယ်၊ ကျေးဇူးတင်ပါတယ်၊ ငါ. . နင့်ကို ငွေ နှစ်ကျပ်ပေးမယ်. . နင်. . ."

"ဟီး. . ဟိ. . စားလို့ကောင်းလိုက်တာ"

"မြတ်စွာဘုရား"

ရုတ်တရက် ထွက်ပေါ်လာသော တိတ်တခိုး ခိုးငိုတ ရယ်မောသံတစ်ခုကြောင့် သူမအလန့်တကြား ဘုရားတလိုက် မိသည်။ ထိတ်ထိတ်ပျာပျာဖြင့် အသံထွက်ပေါ်လာရာဆီသို့ မျက်လုံးအပြူးသားဖြင့် ရှာဖွေကြည့်လိုက်ရာ သရက်ပင်ကြီး တစ်ပင်အောက်မှဖြစ်ကြောင်း သိရှိလိုက်ရသည်။

သရက်ပင်၏ အကိုင်းအခက်၊ အရွက်များကြားမှ ထိုး ကျနေသော မပီဝိုးတဝါး အလင်းရောင်အောက်၌ ထိုသူ၏ ရုပ်သွင်အား ပီပြင်ထင်ရှားစွာ မတွေ့မြင်ရသည့်တိုင် ပုံသဏ္ဌာန် ကိုတော့ တွေ့လိုက်ရသည်။

"ဟူး. . တော်ပါသေးရဲ့"

ဒေါ်မြကြီးတစ်ယောက် အပူလုံးကျသွားဟန်ဖြင့် ခ





တိုးတိုးလေး ရေရွတ်ညည်းတွားလိုက်မိသည်။

"ဟဲ့. . မမြ၊ ဒီအရူးမက ဘယ်ကဘယ်လို ငါတို့ရွာကို ရောက်လာရတာလဲ"

"ဩော်. . နင်ကလည်း အရူးပါဆို သူတို့ စိတ်ကူး တည့်ရာ လျှောက်သွားနေတာပေါ့၊ ဘာဆန်းလို့လဲ"

ထိုစဉ် အရူးမလေးမှာ သူမနှစ်ယောက်အား တွေ့မြင် သွားဟန်ဖြင့် အသိဉာဏ်ကင်းမဲ့နေသူတစ်ယောက်၏ မျက်လုံး များကဲ့သို့ ကြောင်စီစီ မျက်လုံးဝိုင်းကြီးများဖြင့် ငေးကြည့်နေ မိသည်။

"ဟယ်. . သနားစရာဟယ်၊ ကလေးမလေးက အသက် ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ဘယ်လိုအကြောင်းကြောင့်များ ရူးသွားရတယ်မသိပါဘူး၊ ကြည့်စမ်း. . မမြ၊ ငါတို့ကို လှမ်းပြီး ကြည့်နေတဲ့ မျက်လုံးတွေ၊ မျက်လုံးလေးတွေက အရောင်တ ဖိတ်ဖိတ်တောက်နေတာ အရမ်းလှတာပဲနော်"

"ဟုတ်ပါ့တော်၊ မျက်လုံးတွေတောင် ဒီလောက်လှနေ ရင် အဲဒီကောင်မလေးရဲ့ မျက်နှာကလည်း သေချာပေါက် အ



www.burmeseclassic.com

www.burmeseclassic.com



ရင်ခေါ့၊ အရမ်းလှနေမှာပဲ"

"အေး. . ဟုတ်တယ်၊ ငါတို့ သေချာအောင် အနီးကပ် သွားကြည့်ရင် ကောင်းမလား"

"ဟာ. . နင်ကလည်း အဲဒီအရူးမက ငါတို့ကို လည် ပင်းထညှစ်ရင် ဘယ်လိုလုပ်မလဲ"

သူတို့နှစ်ယောက် တီးတိုးအငြင်းပွားနေစဉ်မှာပင် အ ရူးမလေးက သူ့လက်ထဲမှ စားလက်စသရက်သီးအား လွှတ်ပစ် ၍ သူတို့နားသို့ တရွေ့ရွေ့ တိုးကပ်လာလေသည်။ သူမ၏ မျက်လုံးများမှာ အကြောင်သည် ဒေါ်မြကြီး၏ ခေါင်းပေါ်မှ အကြော်ဗန်းဆီကိုသာ မျက်တောင်မခတ် စူးစိုက်ကြည့်ရင်း

"အကြော်စားချင်တယ်၊ အကြော်စားမယ်၊ အကြော် နည်းနည်းလောက်ကျွေးပါ"

ဒေါ်မြကြီးက ချက်ချင်းပင် အရူးမလေး၏ ပုံပန်းကို ကြည့်၍ သနားကြင်နာသွားမိပြီး သူမ၏ ခေါင်းပေါ်မှ အကြော် ဗန်းကိုချ၍ ပုဇွန်ကြော်နှစ်ခုနှင့်ပဲကပ်ကြော်တစ်ခုအား ယူ၍ လှမ်းပေးလိုက်၏။





အရူးမလေးက ဆတ်ကနဲဆွဲယူ၍ သူမ၏ မျက်နှာ ပေါ်ရှိ ဆံပင်အချို့အား ဖယ်ကာ ဆာလောင်မွတ်သိပ်ဟန် ဖြင့် အကြော်များအား တဂွျတ်ဂွျတ်မြည်အောင် ကိုက်နေလေ တော့သည်။

"အမလေး"

ဒေါ်စန်းတစ်ယောက် အရူးမလေး၏ မျက်နှာအား အနီးကပ် သေချာတွေ့မြင်လိုက်ရချိန်၌ သူမ၏နှုတ်မှ အလန့် တကြား ထအော်မိလိုက်သည်။

ဒေါ်စန်း၏အသံကြောင့် အကြော်များ ငုံ့စီနေသော ဒေါ်မြကြီးမှာ လန့်ဖြန့်၍ ယောင်ယမ်းမော့ကြည့်လိုက်လေရာ အရူးမလေး၏ မျက်နှာအား တွေ့မြင်လိုက်သည်နှင့် သူမ၏ မျက်နှာကိုယ်ပင် ဆတ်ကနဲ တစ်ချက်တုန်ခါသွားပြီး ပါးစပ်အ ဟောင်းသားဖြင့် မျက်နှာမှာ ချက်ချင်းသွေးဆုတ်ဖြူလျော့သွား လေသည်။

အကြောင်းကား. . .။

အရူးမလေးမှာ သူမတို့ ထင်မှတ်ထားသလို ခြောမော



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်သော ရှုပ်သွင်မရှိပဲ အလွန်တရာမှ ထိတ်လန့်ကြောက်လန့်ဖွယ်ရာကောင်းလောက်အောင် ရုပ်ဆိုးအကျည်းတန်လွန်းလှသည် မဟုတ်ပါလား။ ရွံ့ ဖုန်မှုန့်များဖြင့် မည်းညစ်နေသော မျက်နှာပေါ်တွင် ဒဏ်ရာ၊ အမာရွတ်များက ပြည့်နှက်ပြွတ်သိပ်နေလေသည်။

ထို့အပြင် ပိပြားသော နှာခေါင်း၊ ရွံ့ စောင်းပြကားသော ပါးစပ်၊ နဖူးပြောင်ပြောင် အပေါ်တွင် လက်မဝက်ခန့် ထူပျစ်နေသော မျက်ခုံးတို့ဖြင့် အလွန်ပင် အကြည့်ရဆိုးနေလေသည်။

ထိုနောက် အရှုမလေးမှာ သူတို့နှစ်ယောက်၏ မျက်နှာအားကြည့်၍ ဘယ်လိုစိတ်ကူးပေါက်သွားသည်မသိပဲ ချာကနဲလှည့်ကာ အထိတ်တလန့်ဖြင့် ထွက်ပြေးသွားလေတော့သည်။



အခန်း - ၃

ဆွေးနွေးပွဲ

အလွန်အဖိုးတန်အဆင့်မြင့်လှသော အိမ်ထောင်ပရိဘောဂများက အရောင်တဖိတ်ဖိတ်တောက်ပ၍ သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ်ဖြင့် စနစ်တကျရှိနေသော ဧည့်ခန်းကြီးတစ်ခု။

မျက်နှာကြက်ရှိ ပန်ကာကြီးမှာ တဝှီးဝှီးဖြင့် အလက်



www.burmeseclassic.com

www.burmeseclassic.com



မပြတ် လည်ပတ်နေသည့်အတွက် ယင်းဧည့်ခန်းထဲ၌ အေးစိမ့်
နေလေ၏။ ဧည့်ခန်းအလယ်ရှိ စားပွဲကြီးတစ်လုံးအနီးတွင် လူ
နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြလေသည်။

တစ်ယောက်မှာ အသက်ငါးဆယ်ဝန်းကျင်ခန့်ရှိပြီး
ဥပဓိရုပ် တည်ကြည်ခန့်ညားဍ် မင်းစိုးရာဇာရုပ်ပေါက်သည်။
အမှန်လည်း သူသည် မြန်မာနိုင်ငံတွင် အလွန်နာမည်သတင်း
မွှေးပျံ့ ကျော်ကြားသော စုံထောက်မင်းကြီး ဦးဝေယံထက်ပင်
ဖြစ်သည်။

သူနှင့်မျက်နှာချင်းဆိုင်ရှိနေသော အသက်ဆယ့်ငါး
နှစ်ခန့် လူငယ်က သူ၏ တစ်ဦးတည်းသောသား အာကာဝေ
ယံပင်ဖြစ်၏။ အာကာ၏ အင်္ဂလန်၌ သုံးနှစ်ကြာ ပညာတော်
သင် သွားရောက်ခဲ့ရာ မြန်မာနိုင်ငံသို့ ပြန်ရောက်လာသည်မှာ
တစ်လခန့်သာ ကြာဦးမည်ဖြစ်သည်။

ဖြူစင်ကြည်လင်သော အသားအရေ၊ အနက်ရောင်
စူးရှတောက်ပ ညို့ ရီနေသော မျက်လုံးများ၊ ဖြောင့်စင်းသော
နှာတံ၊ လေးကိုင်းသဏ္ဍာန် နှုတ်ခမ်းခပ်ရဲရဲတို့ဖြင့် မိန်းကလေး





ဆိုင်း စွဲမက်ရင်ခုန်နိုင်လောက်သည့် ရုပ်ရည်မျိုးရှိသည်။

ခန္ဓာကိုယ်အချိုးအစား အလွန်မြင့်မားကျစ်လျစ်ကာ
တောင့်တင်း၍ ယောကျ်ားပီသလှ၏။

"ဒယ်ဒီ. . သူဌေးဦးချမ်းသာတို့ရဲ့ အမှုကို ဘယ်သူ့ကို
တာဝန်ပေးဖို့ စဉ်းစားထားလဲ"

သူ၏ အသံမှာ အလွန်တည်ငြိမ်အေးဆေးလှသည်။
မျက်နှာအမူအရာမှာလည်း အေးစက်တည်ငြိမ်လွန်းလှသည်။
ဦးဝေယံထက်မြက် သူ့အား မျက်ခုံးတစ်ချက် ပင့်ကြည့်လိုက်
လေသည်။

"ဒယ်ဒီ. . ဘယ်သူ့ကို တာဝန်ပေးမယ်လို့ သားထင်
လဲ"

"အဲဒါ ကျွန်တော့်အတွက် သိပ်စဉ်းစားစရာမလိုတဲ့
မေးခွန်းပဲ၊ အခု အင်စပက်တာ လောကမှာ အရမ်းနာမည်ကြီး
ကင်ရှားနေတဲ့ လူတိုင်းရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ မြန်
မာနိုင်ငံရဲ့ အတော်ဆုံးအင်စပက်တာလို့ ပြောလို့ရတဲ့ သက်
ခိုင်အုပ်စိုးပဲမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရိုက်(ထ်). . အက်(ဘ်)ဆလု(ထ်)ရိုက်ထ်၊ ဟား. . . ဟား. . ဟား. . ငါ့သားက မြန်မာနိုင်ငံကို ပြန်ရောက်တာမှ မကြာသေးဘူး၊ အရာအတော်များများကို မျက်လုံးအမြင်စူးစူး နဲ့ လိုက်ကြည့်ရှုလေ့လာထားပြီးပြီပဲ၊ ကွန်ဂရက်ကျူလေးရှင်း သား"

ဦးဝေယံထက်မြက် သားဖြစ်သူ၏ ပခုံးအား အသာ အယာပုတ်၍ လှိုက်လှိုက်လှဲလှဲပင် ထောက်ခံချီးကျူးစကား ဆိုလိုက်သည်။

သက်ပိုင်အုပ်စိုး. . .။

ဥပဒေကို အလွန်လေးစားရိုသေ၍ အမှန်တရားဘက် က ရပ်တည်ပေးတာ အမှန်တရားအတွက် အသက်ပေးရန် ဝန်မလေးသော လက်ရုံးရည်၊ နှလုံးရည်ပါ ပြည့်စုံထက်မြက် သော လူရွယ်လေးတစ်ယောက်သာဖြစ်သည်။

အမှန်တရားအတွက်ဆိုရင် သူ့ထက် ရာထူးအဆ ပေါင်းများစွာမြင့်သော သူများနှင့် အတိုက်အခံပြုလုပ်ရဲသည်။ ဥပဒေဘောင်အတွင်းမှ နည်းလမ်းမှန်ကန်စွာဖြင့် တိုင်ကြား





လျှောက်တင်ဝံ့သည်။

ထို့ကြောင့် အချို့မျက်နှာဖြူအရာရှိများက သူ့အား အလွန်မျက်မုန်းကျိုးကြသည်။ မည်သို့ဆိုစေ သူကတော့ အ လေးထားဂရုစိုက်ခြင်း အလျဉ်းမရှိချေ။

မြန်မာဆင်းရဲသား ပြည်သူလူထုများကတော့ သူ့ဘက် မှ အစဉ်အမြဲထောက်ခံအားပေးခဲ့ကြသည်။ အခုကဲ့သို့ ကိုယ့် မြေကိုယ့်ရေပေါ်တွင် အင်္ဂလိပ်မျက်နှာဖြူများ အုပ်စိုးမင်းမူနေ ချိန် သူတို့၏ လက်အောက်ခံနိုင်ငံအဖြစ် ရောက်ရှိနေချိန်တွင် မြေနိမ့်ရာလှံစိုက်ဆိုသည့် သဘောအရ မြန်မာလူမျိုးများအ ပေါ်တွင် များစွာအနိုင်အထက်ပြုလိုကြသည်မဟုတ်ပါလော။

ထိုကဲ့သို့သော အချိန်အခါမျိုးတွင် သူ့လို သွေးရဲသော မြန်မာလူမျိုးတစ်ယောက် ပေါ်ပေါက်လာသည်မှာ အနှိမ်ခံမြန် မာလူမျိုးတို့၏ ခွန်အားသစ်ရောင်ခြည် သူရဲကောင်းတစ်ဆူ ထွက်ပေါ်လာခြင်းနှင့်မခြားပေ။

သူ၏ တင်ပြချက်များအား အမြဲတစေ အလေးအ နက်ထား စဉ်းစားဆုံးဖြတ်ပေးသူမှာ ဦးဝေယံထက်မြက်ပင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် အချို့က သက်ပိုင်အုပ်စိုးတစ်ယောက် ယခုကဲ့သို့ လုပ်ရဲကိုင်ရဲသည်မှာ ဦးဝေယံထက်မြက်က သူ၏နောက်ကွယ်မှ အနိုင်အမာ ရပ်တည်၍ အားပေးအားမြှောက်ပြုနေခြင်းသာဖြစ်သည်ဟု ခပ်ယဲ့ယဲ့လေး ပြောနေကြသည်ကို သူ့နားနဲ့ ဆတ်ဆတ်ကြားခဲ့ရဖူးသည်။

အခုတော့ သူ၏ အုပ်ချုပ်မှုပိုင်နက်အောက်၌ အပြစ်မှုဟူ၍ မရှိသလောက် ရှားပါးနည်းပါးကာ အေးငြိမ်းနေရာမှ ထူးဆန်းသော သုံးလောင်းပြိုင်လူသေမှု ဖြစ်ပေါ်လာခဲ့သည့်အတွက် တာဝန်ရှိသူများ ခေါ်ဆောင်၍ သူကိုယ်တိုင်ပင် သွားရောက် ကြည့်ရှုခဲ့သည်။

သေဆုံးသူမှာ သူဌေးကြီးဦးချမ်းသာ။ သူ၏ဇနီးဒေါ်စိန်မမနှင့်မာလီကောင်လေးမောင်ဖိုးပွေတို့ပင် ဖြစ်သည်။ ဦးဝေယံထက်မြက်၏ မျက်နှာတစ်ပြင်လုံးမှာ တည်ကြည်လေးနက်ဟန်အပြည့်ဖြင့်. . . ။

"ဒီလူသေမှုကို သားဘယ်လိုမြင်သလဲ"

"အရမ်းလျှို့ဝှက်ထူးဆန်းပြီး စိတ်ဝင်စားမှုအပြည့်ရှိတာတော့ အမှန်ပဲ. . . ဒယ်ဒီ၊ ကျွန်တော်ကတော့ အဲဒီအမှု





ကို အရမ်းစိတ်ဝင်စားသွားပြီ"

"ဟုတ်ပြီ. . နောက်ကော. . ."

"အင်း. . သူတို့ရဲ့ အိမ်စေ မိစုဆိုသူရဲ့ ထုတ်ဖော်ပြောကြားချက်အရတော့ သရဲတစ္ဆေဘဝရောက်သွားတဲ့ ဝိဉာဉ်တစ်ယောက်ရဲ့ နာကျည်းချက်အပြည့် စိတ်အစွဲအလန်းကြီးစွာနဲ့ လက်စားချေမှုပဲ၊ သူတို့ရဲ့ မကောင်းမှုဒဏ် သူပြန်ခံရတာပေါ့"

မိစုမှာ ဖိုးပွေဆီသို့ တိတ်တဆိတ်စာသွားပေးရာ ဖိုးပွေတစ်ယောက် မရှူမလှ သေဆုံးနေသည်ကို တွေ့ရသဖြင့် လန့်ဖြန့်၍ ဒေါ်စိန်မမထံသို့ အပြေးပြန်လာခဲ့ရာ လမ်းတစ်ဝက်၌ ဒေါ်စိန်မမတို့ အိမ်ထဲမှ ထွက်လာသော ကြောက်မက်ဖွယ်မျက်နှာကြီးနဲ့ နှင်းဖြူအား တွေ့လိုက်သည်နှင့် သူမအလွန်ထိတ်လန့်တုန်လှုပ်ကာ သတိလစ်မေ့မျောသွားခြင်းဖြစ်ကြောင်း သူတို့အား ပြောပြခဲ့သည်။

"နောက်တစ်ခုက သူတို့သုံးယောက်စလုံးရဲ့ မျက်နှာပေါ်တွင် အလွန်သွေးပျက်ခြောက်ချားစရာကောင်းတဲ့ အမူအရာတွေကို တူညီစွာ တွေ့ခဲ့ရတယ်၊ အဲ. . အထူးဆန်းဆုံးကတော့ ဦးချမ်းသာပဲ၊ ဦးချမ်းသာရဲ့ အလောင်းဟာ မီးညှိနည်း



www.burmeseclassic.com

www.burmeseclassic.com



အလောင်ခံလိုက်ရလို့ နည်းနည်းပုံသဏ္ဍာန်ပျက်သွားပေမယ့် သူ့ကိုယ်တစ်ခုလုံးမှာ မြင်ရက်စရာမရှိလောက်အောင် ရရှိထားတဲ့ ဒဏ်ရာတွေကတော့ ကြောက်ခမန်းလိလိပဲ၊ လူသတ်လက်နက်ကတော့ အလွန်သေးသွယ် အဖျားချွန်မြွေတဲ့အရာပဲ၊ ဥပမာ- ဝက်ဝံတစ်ကောင်ရဲ့ လက်သည်းတွေလိုမျိုးပေါ့"

ဟူ၍ လေးလေးနက်နက်ပင် တစ်လုံးချင်းပြောလေတော့သည်။

"ဟုတ်တယ်၊ ဦးချမ်းသာကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက်တွေဟာ အသိဉာဏ်ကင်းမဲ့တဲ့ တိရိစ္ဆာန်တစ်ကောင်ရဲ့ ရက်စက်တဲ့ တိုက်ခိုက်မှုတွေလိုပဲ၊ ကဲ. . ဒါတွေခဏထားလိုက်ပါ။ သားကို ဒယ်ဒီအရေးကြီးတဲ့ ကိစ္စတစ်ခု ပြောပြရဦးမယ်"

"ဟုတ်ကဲ့"

"အခု သေဆုံးသွားတဲ့ ဦးချမ်းသာဆိုတာ တစ်ချိန်က ဒယ်ဒီတို့ အသည်းအသန် အလိုရှိခဲ့ဖူးတဲ့ ဝရမ်းပြေးယက္ခညီနောင်နှစ်ယောက်ထဲက အကြီးကောင်ပဲ၊ အံ့ဩစရာ အတော်ကောင်းတယ်၊ သူက အဲဒီရွာလေးမှာ နှစ်ပေါင်းအတော်ကြာ ရုပ်ဖျက်ဇာတ်မြှုပ်နေထိုင်သွားခဲ့တယ်၊ သူသေသွားမှပဲ သူ့ရဲ့ လက်ဗွေနဲ့လက်မောင်းနှစ်ဖက်မှာ စုတ်ထိုးထားတဲ့ ဘီလူးရုပ်တွေ တွေ့မှပဲ သူဟာ ယက္ခညီနောင်ထဲက အကြီးကောင်တွေဆိုတာ သိရတော့တယ်"

အာကာ၏ မျက်ခုံးအစုံမှာ အနည်းငယ် တွန့်ရှုံ့သွားပြီး. . .။

"ဒါနဲ့ အဲဒီ ယက္ခညီနောင်ဆိုတာက ဘယ်လိုလူစားမျိုးလဲ. . . ဒယ်ဒီ"

"ယက္ခညီနောင်ဆိုတာ အင်မတန်ရက်စက်ကြမ်းကြုတ်လှတဲ့ တောပုန်းဓားပြအဖွဲ့ရဲ့ ခေါင်းဆောင်နှစ်ယောက်ပဲ၊ သူတို့နှစ်ယောက်က အမွှာပူးညီအစ်ကိုတွေ ဖြစ်နေပေမယ့် ရုပ်ချင်း တစ်စက်ကလေးမှ မတူဘူး၊ စိတ်ဓာတ်ချင်းကတော့ တထေရာတည်းပဲ၊ သူတို့ ကျူးလွန်တဲ့ ပြစ်မှုကတော့ ဆယ်ခုမက်မနည်းပဲ၊ ဓားပြမှု၊ လူသတ်မှု၊ သူများသားပျိုသမီးပျိုတို့ကို မတရားဖမ်းဆီးခေါ်ဆောင်မှုတို့ပဲကွ"

"အင်း. . . အစက ဒယ်ဒီ သူတို့သတင်းကြားမိတာတော့ သူတို့က ရှမ်းစော်ဘွား အမျိုးသားသုံးယောက်ကို ဓားပြတိုက်မိရာက သူတို့အဖွဲ့ ဆုံးနိမ့်ပြီး သေပြေးရှင်ပြေးနဲ့







www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးသွားရကြောင်း နောက်. . သူတို့နှစ်ယောက် သေဆုံး
သွားပြီလို့လည်း သတင်းသဲ့သဲ့ ကြားရတာပဲ၊ အဲဒီနောက်ပိုင်း
ယတ္တညီနောင်ရဲ့ သတင်းအစအနလည်း လုံးဝကျောက်သွား
တယ်"

"ဒယ်ဒီ. . ကျွန်တော် သူတို့နဲ့ ပတ်သက်တဲ့ အမှုမှ
မောင်းတွေ လေ့လာချင်တယ်"

"ရတယ်. . သား၊ ဒယ်ဒီ ရုံးကနေ ရှာယူလာခဲ့မယ်"

"နောက်ပြီး ကျွန်တော် အဲဒီအမှုကို ကိုင်တွယ်စုံစမ်း
ချင်တယ်. . ဒယ်ဒီ"

ဦးဝေယံထက်မြက်၏ မျက်နှာပေါ်တွင် ပီတိရိပ်တစ်
မျိုး ဖြတ်ပြေးသွားပြီး. . .။

"အိုကေ. . သား၊ ဒယ်ဒီ. . အားလုံးစီစဉ်ပေးမယ်"

"သင့်(ခ်)ယူ. . ."

အာကာ၏ မျက်လုံးများမှာ အရောင်တဖိတ်ဖိတ်လက်
ဖြာလျက် ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချဟန်အပြည့်ဖြင့်. .

"ဒယ်ဒီ. . တရားခံအစစ်အမှန်က ဘယ်အရာ၊ ဘယ်
လိုလူမျိုးပဲဖြစ်နေပါလေ့စေ၊ ကျွန်တော်. . အကောင်းဆုံးစုံစမ်း





ဖော်ထုတ်ပေးပါ့မယ်"

"ရိုက်(ထ်)"

"သား. . ဒီအမှုကို အောင်မြင်အောင် အကောင်းဆုံး
စုံစမ်းဖော်ထုတ်ဖြေရှင်းနိုင်မယ်ဆိုတာကို ဒယ်ဒီအပြည့်အဝ
ယုံကြည်တယ်၊ အုပ်စိုးဆိုတဲ့ လူရွယ်လေးက မဆိုးဘူး၊ တော်
တယ်၊ အရည်အချင်းပြည့်ဝတယ်၊ ဒယ်ဒီ သူ့ကို သဘောကျ
တယ်၊ ဒါပေမယ့် ဒယ်ဒီ့စိတ်ထဲမှာ ယုံကြည်နေတယ်၊ ဒယ်ဒီ့
သားရဲ့ အရည်အချင်းအစွမ်းဟာလည်း သူ့ထက် အပြတ်အ
သတ်ကြီး မသာရင်တောင် လယ်ဗယ်အဆင့်မှာရှိတယ်"

အာကာ. . ခေါင်းတစ်ချက်ညိတ်လိုက်ပြီး သေချာပိုင်
နိုင်သော လေသံဖြင့်. . .။

"ရှူးဝါး"

ဦးဝေယံ နှစ်ခြိုက်ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် ခေါင်း
မော့ရယ်မောလိုက်၏။

"ဟား. . ဟား. . ဒယ်ဒီ အရမ်းဂုဏ်ယူဝမ်းမြောက်
တယ်. . သား၊ သားဟာ ဒယ်ဒီ့ခြေရာကို တစ်ထပ်တည်းကျ
အောင် နင်းနိုင်မဲ့သားပဲ၊ ဒယ်ဒီထင်တယ်၊ သားက ဒယ်ဒီထက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင် ဝိုနေဦးမှာ"

"ဟား . . ဟား . . သားအဖချင်း ဒီလောက်ကြီးအထိ ချော်တတ်မနေပါနဲ့၊ ကျွန်တော်က ဒယ်ဒီ့ခြေရာနင်းနိုင်ဖို့တောင် အတော်ကြိုးစားသင်ယူရဦးမှာပါ"

"ဘာလို့ မနင်းနိုင်ရမလဲ၊ သားဟာ ဒယ်ဒီ့သွေးအပြည့်ပါတဲ့ သားပါ"

ထိုနောက် သူတို့သားအဖနှစ်ယောက်မှာ သဘောကျစွာဖြင့် အတူရယ်မောလိုက်ကြသည်။ ထိုစဉ် . . ။

"အစ်ကိုတို့ သားအဖနှစ်ယောက် ဘာကို သဘောကျလို့ ဒီလောက်တောင် ရယ်မောနေရတာလဲ၊ ကျွန်မကိုလည်း ပြောပြဦးမှပေါ့ရှင့်"

ဟူသော ဝါညက်ညက် ချိုကြည်ကြည် အသံလေးနှင့် အတူ မျက်လုံးမျက်ဖန်ကောင်းကောင်းဖြင့် ဘိုဆန်ဆန် ချောမောလှပသော အမျိုးသမီးတစ်ယောက် ဝင်ရောက်လာခဲ့လေတော့သည်။

× × ×



အခန်း- ၅

မိခင်သော်က

"ရပါတယ် . . လီလီ၊ ကိုယ် . . မင်းကို ပြောပြနိုင်တယ်"

လီလီကိုး(လ်)လင်ဗန်းအား စားပွဲပေါ်သို့ တင်၍ သုံးချောင့်ပုံစံလိုးဖြတ်ထားသော ကိတ်မုန့်မျိုးစုံနဲ့ အငွေများ တဆောင်းထောင်းထနေသော ကော်ဖီများအား နေရာတကျသေသပ်လှပစွာချကာ ထိုင်ခုံတစ်လုံး၌ ဝင်ရောက်ထိုင်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကျွန်မ . . ကြားမိလိုက်ပါသေးတယ်၊ ဒယ်ဒီ့ခြေရာ နင်းမယ့်သားဆိုတာက . . ."

သူမက စကားအား တစ်ဝက်တစ်ပြက်နဲ့ ရပ်တန့်၍ ဦးဝေယံထက်မြက်၏ မျက်နှာအား အဓိပ္ပါယ်ပြည့်ဝသော မျက်လုံးပြာလဲ့လဲ့ ကြည်ကြည်လေးများဖြင့် စူးစိုက်ကြည့်လိုက်လေသည်။

သူမသည် နိုင်ငံခြားသူစစ်စစ်တစ်ယောက် ဖြစ်နေပါလျက် မြန်မာစကားအား ရှင်းလင်းပီသပြတ်သားစွာ မြန်မာသံပေါက်ပေါက် ပြောဆိုနိုင်သူပင်ဖြစ်သည်။ ဦးဝေယံထက်မြက် သဘောကျနှစ်ခြိုက်စွာပြုံး၍ သူမအား အကြောင်းစုံကို ပြောပြလိုက်လေသည်။

သူ၏စကားဆုံးသည်နှင့် လီလီကိုး(လ်)၏ မျက်နှာပေါ်တွင် မလိုလားမနှစ်ခြိုက်၊ သဘောမကျဟန်များက အထင်းသား ပေါ်လွင်နေလေသည်။ သူမက သားဖြစ်သူ၏မျက်နှာအား စိုးရိမ်ပူပန်ခြင်း၊ မလိုလားမကျေနပ်ခြင်းများ ပါဝင်နေသော မျက်လုံးများဖြင့် စူးစူးနစ်နစ် စိုက်ကြည့်နေသည်။





"သား . . ဘာလို့ ဒီလောက်အန္တရာယ်များတဲ့ အလုပ်ကို လုပ်ချင်ရတာလဲ၊ မာမီ . . လုံးဝသဘောမတူဘူး၊ အဓိပ္ပါယ်မရှိလိုက်တာ၊ သားလို အရည်အချင်းအပြည့်ရှိတဲ့ သူက ဒီထက်ကောင်းတာ ရာထူးဩဇာစည်းစိမ်နဲ့ ပြည့်စုံတဲ့ နေရာတစ်နေရာကို အသာလေးရတယ်"

"သားပြောပါ၊ မြို့အုပ်ရာထူးကြိုက်လား၊ ဝန်ထောက်အရေးပိုင်မင်း၊ နယ်ပိုင်မင်းကြိုက်လား၊ သားတစ်ခွန်းသာ ပြောလိုက်စမ်းပါ၊ သားဘယ်ရာထူးကို သဘောကျသလဲ၊ မာမီ . . သားအဘိုးလေးကို တစ်ခွန်းကပ်ပြောလိုက်တာနဲ့ အားလုံးအိုကေဖြစ်စေရမယ်၊ မာမီကတိပေးတယ်၊ တကယ်ဆို မာမီအစကတည်းက အဲဒီနေရာတွေထဲက တစ်နေရာရာကို ထည့်ပေးဖို့ကြိုးစားခဲ့ပြီးသား၊ သားလို အရည်အချင်းအပြည့်ရှိတဲ့လူကို သားအဘိုးလေးက လုံးဝငြင်းမှာ မဟုတ်ဘူး၊ ဝမ်းမြောက်ဝမ်းသာနဲ့တောင် ကြိုဆိုလက်ခံဦးမှာ . . သားရဲ့"

အင်္ဂလိပ်ဘုရင်ခံချုပ် ကိတ်(သ်)အာဘန်သည် သူမ၏ ဦးလေးပင်ဖြစ်သည်။ ကိတ်(သ်)က သူမအား ကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သဖွယ် အလွန်ချစ်မြတ်နိုး အလိုလိုက်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ကိတ်(သ်)မြန်မာပြည်သို့ တာဝန်နဲ့ ပြောင်းရွှေ့လာသောအခါ သူမကလည်း ကိတ်(သ်)နှင့်အတူ အလည်အပတ် သဘောနဲ့ လိုက်ပါလာခဲ့သည်။

နောက်. . မြန်မာနိုင်ငံ၌ အလွန်ရေပန်းစား နာမည်ကြီးနေသော စုံထောက်ဝေယံထက်မြက်နဲ့ တွေ့ဆုံမေတ္တာမျှပြီး လက်ထပ်လိုက်ကြသည်။

ဝေယံထက်မြက်မှာ အဘက်ဘက်တွင် အရည်အချင်းထက်မြက်ပြည့်မီသော လူငယ်ဖြစ်သည့်အတွက် သူ့တွင် ရာထူးအခွင့်အလမ်းများစွာရှိသည့်တိုင် ဒီရာထူး၊ ဒီအခြေအနေသို့ ယခုကဲ့သို့ လျှင်မြန်စွာ ပြောင်းလဲရောက်ရှိလာခဲ့သည်မှာ သူမကြောင့်ဆိုလျှင်လည်း မမှားချေ။

"ပြော. . သား၊ သား. . ဘယ်အလုပ်ကို စိတ်ဝင်စားသလဲ"

သူမက စိတ်အားထက်သန်စွာပင် သားဖြစ်သူ၏စိတ်အား ညှိ၍ ယူမေးလိုက်၏။ အာကာ ဦးခေါင်းအား ဖြည်းညှင်းစွာ ခါရမ်းလိုက်ပြီး. . .။

"ကျွန်တော်. . ဘယ်အလုပ်မှ စိတ်မဝင်စားဘူး. . မာမီ၊ ကျွန်တော်က စွန့်စားရတဲ့အလုပ်ကိုပဲ သဘောကျနှစ်သက်တာ၊ မာမီပြောတဲ့ အလုပ်တွေက ရာထူးဇာန်းပြပြီး အကောင်းဆုံးအိမ်ကြီးမှာနေ၊ အကောင်းဆုံးအစားအစာတွေစား၊ ဒါပဲ၊ ဘာမှအနှစ်သာရမရှိဘူး၊ ပျင်းစရာကြီး၊ ကျွန်တော်က ကိုယ့်ဉာဏ်သွေးအပြည့်နဲ့ စူးစမ်းလေ့လာမှုတွေ၊ စွန့်လွှတ်စွန့်စားတွေကြောင့် ရရှိလာတဲ့ အောင်မြင်မှုကို ပိုပြီးမြိန်ရေယှက်ရေ စားသုံးကြည့်ချင်သေးတယ်"

သူမ၏ မျက်နှာမှာ ဒေါသအရှိန်ကြောင့် အနည်းငယ်နီမြန်းတက်လာလေသည်။ ဦးဝေယံထက်မြက်၏ မျက်လုံးစူးစူးတောက်တောက်များအား မသိကျိုးကျွံပြုကာ. . .။

"အာကာ. . မင်းအတော်မိုက်တဲ့ ကလေးပဲ၊ တခြားသူတွေ ဒီလိုအခွင့်အရေးမျိုးကို ငမ်းငမ်းတက် လိုချင်လို့တောင် ရကြတာမဟုတ်ဘူး"

သူမ၏ တင်းမာခက်ထန်သွားသော အသံကြောင့် မိ

www.burmeseclassic.com



ခင်ဖြစ်သူ၏ မျက်နှာကိုကြည့်ကာ အာကာဘာမှ ပါးစပ်မဟ
နိုင်တော့ချေ။

မိခင်ဖြစ်သူမှာလည်း သူ့အား အလွန်ချစ်မြတ်နိုးတန်ဖိုးထား ဂုဏ်ယူခဲ့သူဖြစ်သည်။ ထို့ကြောင့်လည်း သူသည် အမြဲတစေ သူမ၏ စိတ်ဆန္ဒအလိုကျသာ နေထိုင်ခဲ့သည်။

အခု သူမ၏ ဆန္ဒအား ငြင်းဆန်၍ သူ၏စိတ်ထဲတွင် ရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလိုက်မိသည့်အတွက် သူမအား ထိခိုက်နာကျင်ဒေါသဖြစ်စေသည့်အတွက် သူစိတ်မကောင်းဖြစ်သွားမိသည်။

"လီလီ. . မင်းရဲ့ အတွေးအခေါ် အယူအဆတွေ နည်းနည်းမှားနေပြီ၊ မင်းသားအတွက် မိခင်တစ်ယောက်အနေနဲ့ စိုးရိမ်ပူပန်ပြီး ပြောတာတော့ ဟုတ်ပါပြီ၊ ငါအပြစ်မဆိုပါဘူး ဒါပေမယ့် မင်း. . ဒီအလုပ်ကို အဲဒီလောက်အထိ အထင်သေး ရှုံ့ချချိုးနှိမ်ပြီး မပြောသင့်ဘူး၊ နောက်ပြီး အဲဒီအလုပ်က ငါ ဝါသနာအပါဆုံးနဲ့ ငါ့ဘဝရဲ့ ပထမဦးဆုံး ခြေလှမ်းသစ်၊ ငါ့ဘဝ ဒီလိုအခြေအနေမျိုးရောက်အောင် မြေတောင်မြှောက်ပေးခဲ့တဲ့





စ်ဆိုလည်း မမှားဘူး"

သူမ၏ မျက်နှာပေါ်တွင် အမျိုးအမည်မသိသော ဝေ
နိုင်တစ်ခု လှစ်ကနဲ ကန့်လန့်ဖြတ် စွန်းထင်းသွားခဲ့သည်။
မ်းထောင့်စွန်းအား ခပ်တင်းတင်း ဖိကိုက်ထားလိုက်၏။

"လီလီ. . မင်းသေချာစဉ်းစားပါ၊ ငါတို့မွေးထားတာ
သားယောကျ်ားလေးပါ၊ သားယောကျ်ားလေးဆိုတာ နိုင်ငံရဲ့
လက်အင်္ဂါ အစိတ်အပိုင်းတစ်ခုဆိုရင်လည်း မမှားဘူး၊
ယ်လို့ သားဟာ အကြောင်းကြောင်းကြောင့် နိုင်ငံ့တာ
မ်းဆောင်ရင်း နိုင်ငံသားကောင်းတစ်ဦးအဖြစ်နှင့် သူရဲ
ကောင်းတစ်ဦးအဖြစ် သေဆုံးသွားခဲ့မယ်ဆိုရင်တောင် သား
အနစ်ပါးဖြစ်တဲ့ ငါတို့က သားအတွက် ဂုဏ်တောင်ယူသင့်
တယ်၊ ဒါပေမယ့် သားရဲ့ အရည်အချင်းတွေကို ငါအပြည့်
ယုံကြည်ပြီးသားပါ"

ဟူ၍ တည်ကြည်လေးနက်သော အသံဖြင့် နက်နက်
နှိုင်းပြောလေသည်။ လီလီကိုး(လ်) သူ့အား မျက်ရည်များ
စိုစွတ်ရစ်ဝဲနေသော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်ပြီး။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မတကယ်အံ့ဩတယ်. . သိလား၊ ရှင့်နောက်တစ်ခုလုံးမှာ နိုင်ငံနှင့်လူမျိုးဆိုတာပဲရှိတယ်၊ ရှင့်မှာနှလုံးသားမရှိတဲ့ ဖခင်တစ်ယောက်လိုပဲ၊ ဒီမယ်. . ရှင့်ကို တစ္မတစ်ခုပြောလိုက်မယ်၊ တကယ်လို့များ ကျွန်မသား တစ်စုံတစ်ခု ဖြစ်သွားခဲ့ရင် ကျွန်မကတော့ လုံးဝဂုဏ်ယူဝမ်းမြောက်မှာမဟုတ်ဘူး၊ ရှင့်ကိုလည်း လုံးဝခွင့်လွှတ်မှာ မဟုတ်ဘူးတာကိုပဲ"

ဦးဝေယံထက်မြက်က ခေါင်းသွင်သွင်ခါရမ်းလိုက်ပြီး

"မဟုတ်ဘူး၊ မင်းမှားနေပြီ၊ သားကို အသက်ထက်တောင် ပိုချင်သေးတယ်၊ မင်းက. . ."

လီလီကိုး(လ်) သူ၏ စကားမဆုံးမီမှာပင် ဝုန်းကနဲထွက်သွားသည်။ အာကာ. . ဖခင်ဖြစ်သူ၏ မျက်နှာအား နားလည်စာနာမှုများ ပြည့်နှက်နေသော မျက်လုံးများဖြင့် အားနာကြည့်ကာ. . .။

"ဒယ်ဒီ. . စိတ်မကောင်းမဖြစ်ပါနဲ့၊ ကျွန်တော်. . မာမီကို သေချာနားဝင်အောင် ပြောပြလိုက်ပါ့မယ်"





ပြောပြီး မိခင်ဖြစ်သူနောက်သို့ အပြေးလိုက်သွား၏။

* * *

"မာမီ. . . မာမီ"

အာကာ. . သူ၏ အခန်းတွင်းသို့ လှမ်းဝင်လိုက်ပြီး

"မာမီ. . . ဒယ်ဒီအပေါ်ကို နားလည်မှု နည်းနည်းလေးပေးလိုက်ပါလား မာမီ. . . ဒယ်ဒီ ပင်ပန်းသွားတာပါ"

သူမ၏ မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲရိပ်များ ထင်းထင်းလာခဲ့သည်။

"သား. . သိရဲ့လား၊ သူနှင့်မာမီ စညားခါစတုန်းက ဆို သူက တာဝန်နဲ့ လေးငါးဆယ်ရက်လောက်ပျောက်သွား တစ်ခါတစ်လေများဆိုရင် တစ်လတောင်ကြာတယ်၊ နောက်ပြီး သူက အဲဒီအချိန်တွေမှာ မာမီကို ဘာအဆက်အသွယ်မှ လည်း မလုပ်ဘူး၊ သားစဉ်းစားကြည့်စမ်း၊ အဲဒီအချိန်တွေမှာ မာမီဘယ်လောက်တောင် စိုးရိမ်ပူပန်သောကရောက်နေရမလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဒါကို သူက နည်းနည်းလေးမှ ထည့်မတွက်ဘူး၊ သူ့တာဝန်လောက် ဘယ်အရာကိုမှ အလေးအနက် တန်ဖိုးမထားဘူး သား"

သူမအသံလေးမှာ တုန်ယင်အက်ကွဲနေလေသည်။

အာကာ. . မိခင်ဖြစ်သူ၏ ဟိုးရင်တွင်း နက်နက်က ခံစားချက် အစစ်အမှန်အား ထိုးဖောက်မြင်တွေ့လိုက်ရသည်နှင့် သူ၏ရင်ထဲ၌ နင့်ကနဲ ခံစားလိုက်ရသည်။ သူမ၏ လက်ဖဝါးအား တင်းကြပ်စွာ ဆုပ်ကိုင်လိုက်ပြီး. . .။

"မာမီ. . ကျွန်တော်က အဲဒီစုံထောက်အလုပ်ကို ရာသက်ပန်လုပ်မယ်လို့ ပြောတာမဟုတ်ပါဘူး၊ ကျွန်တော်ဝါသနာပါတဲ့ အလုပ်ကို လုပ်ကြည့်တဲ့သဘောပါ၊ နောက်ပြီး အဲဒီအမှုဟာ အင်မတန် ရှုပ်ထွေးလျှို့ဝှက်ပြီး ကျွန်တော့်စိတ်ကို ညှို့ယူဖမ်းစားထားတယ်၊ ကျွန်တော်. . အရမ်းစိတ်ဝင်စားသွားခဲ့တယ်၊ ဒါကြောင့် အဲဒီအမှုမှန်ကို ကျွန်တော်ကိုယ်တိုင် စုံစမ်းဖော်ထုတ်ချင်တယ်၊ မာမီခွင့်ပြုမယ်မဟုတ်လား"

သူမ၏ မျက်နှာမှာ ပျော်ရွှင်မှုကြောင့် ချက်ချင်းဝင်းပ





ကြည်လင် တောက်ပလက်ဖြာသွားသည်။

"သား. . သားတကယ်ပြောတာလား"

အာကာ နှစ်လိုဖွယ်ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

"ဒါဆို ဒီလိုလုပ်ပါလား၊ မာမီ. . သားတစ်ယောက်တည်း စိတ်မချဘူး၊ ဒါကြောင့် သားကို ကာကွယ်စောင့်ရှောက်ဖို့ ဦးဗစ်တိုးကို ထည့်ပေးလိုက်မယ်နော်. . . သား"

"ဟာ. . မထည့်ပေးနဲ့ မာမီ၊ ကျွန်တော့်ကို ဘာမှစိတ်ပူနေစရာမလိုဘူး၊ ကျွန်တော့်ကို ကျွန်တော်အပြည့်အဝ ကာကွယ်စောင့်ရှောက်နိုင်ပါတယ်၊ မာမီ စိတ်ချမ်းသာစွာပဲနေပါ၊ ကျွန်တော်က ကိုယ့်ဘာသာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် လှုပ်ရှားချင်တာလေ"

"ဟင်း. . ဒါဆိုလည်း ပြီးရော၊ မာမီ့ဆီကိုတော့ ပုံမှန်အဆက်အသွယ်လုပ်ရမယ်နော်"

"စိတ်ချပါ. . . မာမီ"

"ဩော်. . သားကို မာမီပြောဖို့ မေ့နေတယ်၊ သားငယ်ငယ်ရဲ့ သူငယ်ချင်း မြို့အုပ်ဦးစိန်လှိုင်ရဲ့ ဇနီးနဲ့ မာမီတို့ လွန်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်လကျော်လောက်က Dinnerတစ်ခုမှာ တွေ့ကြတော့ သူတို့
ဘက်ကစပြီးသားကို အရမ်းသဘောကျတဲ့အကြောင်း သူ့သမီး
စန္ဒာလေးနဲ့ နေရာချထားပေးချင်တဲ့အကြောင်း ပြောလာတယ်
အင်း. . သားသိတဲ့အတိုင်းပဲ စန္ဒာလေးနှင့်သားကို ဟိုးငယ်
ငယ်လေးကတည်းက ခင်မင်ရင်းနှီးလာတဲ့ ငယ်သူငယ်ချင်း
တွေမဟုတ်လား၊ နောက်. . သားတို့အရွယ်ရောက်မှ သူတို့က
တာဝန်နဲ့ ပြောင်းရွှေ့သွားတာလေ"

"ကျွန်တော်. . ကောင်းကောင်း မှတ်မိပါတယ်. . မာ
မီ၊ ဒီလောက်အထိ ပြန်ပြောပြနေစရာ မလိုပါဘူး၊ အဲဒီတော့
မာမီက ဘာပြန်ပြောလိုက်လဲ"

"အမှန်အတိုင်းပြောရရင် မာမီကတော့ စန္ဒာလေးကို
သဘောကျတယ်၊ ချစ်လည်းချစ်တယ်၊ စန္ဒာလေးက အဘက်
ဘက်မှာပြည့်စုံပြီး ဘာတစ်ခုမှ အပြစ်ဆိုစရာမရှိတဲ့
မိန်းကလေး
လေ၊ မာမီကတော့ စန္ဒာလေးကို ဟိုးအရင်တုန်းကတည်းက
ကောင်းကောင်းအကဲခတ်မိတယ်. . သိလား၊ စန္ဒာလေးရဲ့ မျက်





တွေထဲမှာ သားကို ချစ်ခင်တွယ်တာရိပ်တွေ တွေ့နေရတယ်၊
ယ်လိုလဲ. . သား၊ သားရဲ့ သဘောထားကို မာမီသိချင်တယ်၊
ရဲ့ ဆန္ဒက အရေးကြီးဆုံးပဲလေ"

အာကာမှာ တစ်ချက် ငြိမ်သက်သွားပြီး တစ်စုံတစ်ခု
လေးလေးနက်နက် စဉ်းစားနေလေသည်။

"ကျွန်တော်ကတော့ ဘာမှမနှစ်ခြိုက်သဘောကျစရာ
ပါဘူး၊ ဒါပေမယ့် ကျွန်တော်. . သေသေချာချာ စဉ်းစား
ကြည့်ချင်သေးတယ်၊ ဒီလိုလုပ်ပါ၊ ကျွန်တော့်ကိစ္စပြီးလို့ ပြန်
လာတဲ့ အချိန်ကျမှ မာမီ့ကို တိကျတဲ့ အဖြေပေးမယ်

လီလီကိုး(လ်) သားဖြစ်သူ၏ မျက်နှာလေးကို ချစ်မြတ်
အပြည့်ဖြင့် မက်မက်မောမော ငေးစိုက်ကြည့်ကာ သူမ၏
မ်းတလေးကလည်း နှစ်နှစ်ကာကာ ပြုံးနေမိသည်။ သား
သူမှာ သူမ၏ ဆန္ဒအား ပြင်းပြင်းထန်ထန် ကန့်ကွက်မည့်
ဘတ်ကြောင်း သူမပါးနပ်စွာပင် အကဲခတ်နားလည်လိုက်
သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် သားလေး၏ ဦးခေါင်းအား သူမရင်ခွင်သို့ ဆွဲယူထွေးပွေ့ထားလိုက်ပြီး. . .။

"သားလေးက အရမ်းလိမ္မာတာပဲ၊ မာမီ. . သား အရမ်းချစ်တာပဲ. . သိလား၊ မာမီဘဝက သားပါပဲကွယ်"

ဟုနူးညံ့ညင်သာ ချိုမြိန်သော လေသံတိုးတိုးလေးဖြင့် ညင်သာစွာ ရေရွတ်လိုက်လေသည်။

× × ×

အခန်း - ၅

ပထမတိုက်ပွဲ

ညနေခင်းအချိန်. . .။

အာကာတစ်ယောက် ဇာသပြင်ကျေးရွာ အရှေ့သို့ ရောက်ရှိနေသည်မှာ ယနေ့ဆိုလျှင် နှစ်ရက်တင်းတင်း ပြည့်ပြီဖြစ်သည်။

အခုအချိန်ထိ ဘာသဲလွန်စ တစ်စုံတစ်ရာမှ ရရှိခြင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိသေးချေ။ ထို့နောက် တစ်ညတာ နားခိုအိပ်စက်ရန် အိမ်တစ်အိမ်အိမ်အား စူးစမ်းရှာဖွေရင်း လူနှစ်ယောက်စာခန့်သာရှိသည့် လမ်းကျဉ်းလေးတစ်ခုနားသို့ ရောက်ရှိလာခဲ့သည်။

ထိုလမ်းလေး၏ ဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးများ အုပ်ဆိုင်းစွာ ပေါက်ရောက်နေသဖြင့် အားဖျော့သွားသော နေရောင်ခြည်မှာ အကိုင်းအခက်များကြားမှ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းမရှိသောကြောင့် လမ်းကျဉ်းလေးမှာ ဝိုးတဝါး မှောင်မည်းနေ၏။

ဒါ့အပြင် လမ်းကျဉ်းလေး၌ လူသွားလူလာ အတော်ကျဲပါးဟန်ရှိသည်။ ထိုစဉ် တဖုတ်ဖုတ်မြည်အောင် ပြေးလွှားသံများနှင့်အတူ. . .။

"ဟိတ်. . . ရပ်လိုက်စမ်း"

"ဟဲ. . ဟဲ. . ဘာဖြစ်လို့ ထွက်ပြေးရတာလဲကွ၊ တို့က မင်းကို စေတနာနဲ့ မုန့်ဝယ်ကျွေးမလို့ဟာကို မစားချင်ဘူးလား၊ တို့က မင်းကို မုန့်တွေ အများကြီးဝယ်ကျွေးမယ်လေ"

"ဟင့်အင်း. . ဟင့်အင်း၊ မစားချင်ဘူး"





"ဘာဖြစ်လို့လဲ၊ မင်းအကြိုက် မုန့်တွေ အများကြီးဝယ်ကျွေးမယ်လေ၊ ငါတို့နောက်ကိုလိုက်ခဲ့၊ ဘာလဲ၊ ငါတို့က ရုပ်ဆိုးနေလို့လား၊ ငါတို့က အရုပ်ဆိုးပေမယ့် အသည်းနှလုံးကတော့ နူးနူးလေးပါ၊ အရမ်းလည်း ချစ်တတ်တယ်၊ ဟီး. . ဟီး"

မိန်းကလေးတစ်ယောက်၏ သနားစဖွယ် အထိတ်တလန့် ငြင်းဆိုနေသံနှင့်ယောကျ်ားနှစ်ယောက်၏ ပီတိဘောသွားလွှာလေးစကားသံများက လမ်းကြားလေးအတွင်းမှ ရုတ်ချက် ထွက်ပေါ်လာလေသည်။

ထိုအသံကြားလိုက်ရသည်နှင့် အာကာ၏ အေးစက်တော့ မှုပိုင်မျက်လုံးတို့မှာ ပို၍ အေးခဲတင်းမာသွားသည်ဟု ထင်မှတ်လိုက်ရသည်။ သူ၏ ခြေလှမ်းအားဖြင့် တင်၍ တစ်ဖက်လမ်းကျဉ်းလေး၏ အဝင်ဝသို့ လျှင်မြန်စွာ ရောက်ရှိသွားခဲ့ပြီး အရှုတောက်ပသော မျက်ဝန်းအစုံဖြင့် အမှောင်ရိပ်ထဲသို့ ထိုးဖောက်စိုက်ကြည့်လိုက်သည်။

ထိုအခါ. . .။

မိန်းမပျိုလေး တစ်ယောက်အား ယောကျ်ားကြီးနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တ လက်တစ်ဖက်တစ်ချက်မှ ကိုင်၍ အတင်းဆွဲခေါ်
နေသည်ကို တွေ့မြင်လိုက်ရသည်။

"လွှတ်. . လွှတ်စမ်း၊ ငါ့လက်ကို လွှတ်စမ်း၊ နင်တို့ဒေ
ချင်ကြလို့လား"

သူမက အကြောက်အကန် အော်ဟစ်ရုန်းကန်၍ ရု
တရက် ထိုလူနှစ်ယောက် တအားဆောင့်တွန်းပစ်လိုက်လေ
အရက်အတော်မူးနေဟန်ရှိသော သူတို့မှာ ပစ်လဲကျသွား
သူတို့၏ ခါးကြားထဲ၌လည်း သောက်လက်စ အရက်ပုလင်း
တစ်ပုလင်းစီကို ညှပ်ထားသေးသည်။

"တောက်. . . ခွေးမ၊ သနားလို့သနားမှန်း မသိ
ခွေးမ"

"ဟ. . ဟို. . ဟိုမှာ ဟိုကောင်မပြေးသွားပြီကွ"

"အေး. . ခွေးမ၊ မိလို့ကတော့ အသေပဲ၊ အဲဒီဟာ
အမိဖမ်းပြီး မှတ်လောက်သားလောက်ရှိအောင် ရိုက်နှက်ဆုံးမ
ပစ်ဦးမယ်"

"ဟာ. . အမြန်ထလေကွာ ဘချစ်၊ မင်းက ပက်လက်
ကု မထပဲ ကြိမ်းမောင်းနေ၊ ဟိုဟာမက ထွက်ပြေးသွားပြီ"

"ဟုတ်လား. . အေး. . အေး၊ ငတေ ငါ့ကို နည်းနည်း





ထူဦးကွ"

ဘချစ်နှင့်ငတေဆိုသော အမူးသမားနှစ်ယောက်မှာ
အညပြင်ရွာတွင် ဘယ်သူကမှ အပေါင်းအသင်း မလုပ်ရဲသ
လောက်အောင် ဆွေမျိုးမိဘမရှိ ပေတေဆိုးသွမ်းသောင်းကျန်း
နေသော လူနှစ်ယောက်ဖြစ်သည်။

ထို့ကြောင့် ရွာသူကြီးက သူတို့နှစ်ယောက်အား အ
ကြိမ်ကြိမ် ဖမ်းဆီးခေါ်ယူဆုံးမရသည်။ သူတို့မှာ အရက်မူးလျှင်
ရန်ရှာ၍ သွေးဆိုးကြသူများဖြစ်သည်။

"အီး. . ကျွတ်. . ကျွတ်၊ နာလိုက်တာ၊ ခွေးမ. . နင့်
ကို ငါတို့အကြောင်း ကောင်းကောင်းသိအောင် ဆုံးမပစ်ရဦး
မယ်၊ ဘချစ်တဲ့ကွ၊ ဘာမှတ်လဲ၊ တစ်ချစ်တည်းရှိတယ်"

ဟူ၍ အော်ဟစ်ကြိမ်းမောင်း ယိမ်းထိုးထိုးဖြင့် သူမ
နောက်သို့ ပြေးလိုက်သွားလေသည်။ ရုတ်တရက် အရှေ့မှ
ပြေးနေသော မိန်းကလေးမှာ တစ်စုံတစ်ခုအား ခလုတ်တိုက်
ဟန်ဖြင့် ရှေ့သို့ ဟပ်ထိုးလဲကျသွားခဲ့သည်။

"ဟား. . ဟား. . ကောင်းတယ်၊ သေစမ်း၊ အရှူးမ"

အာကာအခြေအနေအား တွက်ဆမိလိုက်ပြီး ဆိုင်း
မနေတော့ပဲ ချက်ချင်းပင် လေအလျဉ်နှယ် အလွန်လျှင်



www.burmeseclassic.com

www.burmeseclassic.com



မြန်သွက်လက်သော အဟုန်ဖြင့် ခြေထောက်အား မြေပြင်နှင့်ပင် ထိသည်ဟု မထင်ရလောက်အောင် ဟူးကနဲ အမှုးသ လူရမ်းကားနှစ်ယောက်နောက်သို့ အပြေးလိုက်သွားသည်။

တဒင်္ဂလေးအတွင်းမှာပင် . . .။

သူတို့နှင့်ဝါးနှစ်ပြန်အကွာသို့ လျှင်မြန်စွာရောက်သွားသည်။ ထိုနောက် ပြေလွှားနေရင်းမှပင် မြေပြင်အား ခြေထ ချက် ဆောင့်လိုက်ရာ မြေပြင်နှင့်ဆယ်ပေသာသာခန့် အမြ သို့ ထိုးတက်သွားခဲ့ပြီး လေထဲ၌ပင် ခန္ဓာကိုယ်အား ပျံလွှားငှ တစ်ကောင်ပမာ ပေါ့ပါးလှပစွာဖြင့် ဂွမ်းထိုးပစ်လိုက်ရာ သူတို့ နှစ်ယောက်၏ ရှေ့တစ်ပေခန့်အကွာသို့ ငှက်မွေးတောင်ေ တစ်ခုပမာ လှပစွာ ကျရောက်သွားခဲ့သည်။

တဆက်တည်းမှာပင် အမိန့်သံဆန်ဆန် အေးစိမ့်တင် မာသော ဩရှရှဟန့်တားသံတစ်ခု ထွက်ပေါ်လာလေသည်။

"ရပ်လိုက်စမ်း"

ရုတ်တရက် သူတို့နှင့်အရှေ့မလေးကြားသို့ ပြုန်းကနဲ ထွက်ပေါ်ပိတ်ဆို့ရောက်ရှိလာသော လူတစ်ယောက်ကြောင့် ဘချစ်တို့နှစ်ယောက်မှာ ချက်ချင်း ကိုယ်ရှိန်သတ်လိုက်ကြ

ငတေမှာ သူတို့ထက် ခေါင်းတစ်လုံးသာသာ မြင့်ေ





ကျစ်လျစ် တောင့်တင်းသော ကိုယ်ဟန်ရှိသည့် လူစိမ်းအား ထိလေးစား ဂျစ်ကန်ကန်ရုပ်ကြောင့် ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ရှုလိုက်သည်။

လူစိမ်းက သက္ကလပ်အင်္ကျီအရောင်နုနု ဖျော့ဖျော့ကလေးနဲ့ ခပ်ရင့်ရင့် ဘောင်းဘီရှည်တို့အား သပ်ရပ်စွာ ဝတ်ဆင်ထားပြီး ခမောက်နက်တစ်လုံးအား ခပ်ငိုက်ငိုက်ဆောင်းထားသည့်အတွက် မျက်နှာအား သေချာမတွေ့ရသော်လည်း နက်တောက်ပြောင်လွန်းသော မျက်ဝန်းတစ်စုံကို အထင်းသား တွေ့နေရသည်။

ထိုမျက်ဝန်းထဲမှာ ထွက်ပေါ်နေသော အေးခဲနေသည့် အငွေ့အသက်များက သူ၏ ကိုယ်အား လာရောက်လွှမ်းခြုံဖုံးအုပ်လာသကဲ့သို့ ခံစားလိုက်ရကာ နောက်ကျောတလျှောက် ခပ်စိမ့်စိမ့်ဖြစ်သွားခဲ့သည်။ ထိုသူ၏ နောက်ကျော၌ သိုင်း၍ ချည်နှောင်ထားသော အဝတ်အိတ်ကြောင့် လူစိမ်းမှာ ခရီးသွားဧည့်သည်တစ်ယောက် ဖြစ်လိမ့်မည်ဟု သူတွက်ဆလိုက်မိ၏။

လက်ထဲ၌လည်း ထီးကောက်ရှည်တစ်လက်ကို ကိုင်ဆောင်ထားသေးသည်။ ငတေ . . ကိုယ့်ကိုယ်ကို ပြန်၍အား တင်းကာ စောစောက တိုးလာခဲ့သော ကြောက်စိတ်အား ဖယ်



www.burmeseclassic.com

www.burmeseclassic.com



ရှား၍ မျက်နှာထားတင်းတင်းဖြင့်. . .။

"ဟေ့ကောင်. . မင်းသွားစရာရှိတဲ့ လမ်းကို ဖြောင့်ဖြောင့်တန်းတန်းသွားပါ၊ ကိုယ်နှင့်မဆိုင်တဲ့ ကိစ္စကို ဝင်မရှုပ်ချင်ပါနဲ့"

အာကာ ဘာတစ်ခုမှမကြားသည့်အလား မလှုပ်မယှက်နဲ့ပင် ရပ်နေကာ စူးရှပြီးလက်သော မျက်လုံးများဖြင့်သာ ခပ်စူးစူး စိုက်ကြည့်နေလေသည်။

"ဟေ့. . ပြောနေတာ မကြားဘူးလား၊ မင်းနားကန်းနေသလားကွ"

သူက မလှုပ်မယှက် ကျောက်ရုပ်အတိုင်းပင် ဘချစ်မှာ သူ့အားကြည့်၍ မချိတင်ကဲ ဖြစ်ကာ ဒေါပွလာဟန်ဖြင့် ငတေအား ဆွဲဖယ်၍ ရှေ့သို့ တစ်လှမ်းတိုးကာ. . .။

"မင်း. . အသက်ငယ်ငယ်နဲ့ မြန်မြန်သေချင်ပြီတဲ့ တူတယ်၊ ဘချစ်တို့အကြောင်း မသိသေးဘူးတဲ့တူတယ်"

ဟူ၍ စကားပြောနေစဉ်မှာပင် ရုတ်တရက် လူစိမ်း၏ မျက်နှာအား လက်သီးဖြင့် အလှစ်ဝင်ကြဲးလိုက်၏။ သူ၏ အမှတ်မထင် ပြုမူလိုက်ပုံမှာ အလွန်လျှင်မြန်တိကျလှပါသည်။ လက်ယဉ်သူများပင်။ ငတေ စိတ်ထဲမှ လူစိမ်းတော့ အထိနာ





တော့မည်ဟု စိတ်ထဲမှ ကြိတ်၍ဝမ်းသာလိုက်မိသည်။

သို့သော် သူ၏ ဝမ်းသာမှု မဆုံးခင်မှာပင် မလှုပ်မယှက် ရပ်တန့်နေသော လူစိမ်းက ခန္ဓာကိုယ်အား ဖျတ်ကနဲ ဘေးသို့ အနည်းငယ်ယိမ်းနွဲ့ပျော့ပျောင်းစွာ ရွှေ့လျားလိုက်ပြီး အဆက်တည်းမှာပင် လက်ထဲမှဓားဖြင့် ဘချစ်၏ မျက်နှာအား အရှိန်ပြင်းစွာ ဖြတ်ရိုက်ချလိုက်၏။

လူစိမ်း၏ လှုပ်ရှားမှုများမှာ ဘချစ်ထက် အဆပေါင်းများစွာ ပို၍လျှင်မြန်တိကျလှသည်။

"ဖြောင်း"

"အား"

ဘချစ်၏ သွားဖုံးများကြားမှ သွေးများလွင့်စင်ထွက်သွားလာပြီး စွေ့ကနဲ ကျသွားခဲ့သည်။ ဒါ့အပြင် ဘချစ်ကို ရိုက်ထိုက်၍ မပယ်သေးသော ထီးက ရိပ်ကနဲ သူ့မျက်နှာဆီသို့ ဖြတ်ဝင်လာခဲ့သည်။

"အား"

သူ. . နာကျင်ထိတ်လန့်စွာ အော်ဟစ်၍ ပစ်လဲကျသွားပြီး မျက်လုံးများပင် ပြာကနဲဖြစ်သွားကာ ဘာမှသဲသဲကွဲကွဲ မမြင်ရတော့သလို ခပ်မိုက်မိုက်ဖြစ်သွားသည်။ သူတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်စလုံး တအီးအီးနဲ့ ညည်းညူကာ တော်တော်နဲ့ ပြန်
ထနိုင်ချေ။

ထောက်ထားသော သရက်ပင် ဘယ်နေရာရောက်
မှန်း မသိတော့။ မျက်လုံးများ ပြူးကျယ်သွားရသည်။ ဘချ
မှာ အသားနာသဖြင့် ပို၍ဒေါသထွက်ကာ သူ့ရှေ့ရှိ အုတ်
ကျိုးတစ်ခုအား ယူ၍ အားကုန်ပစ်ပေါက်လိုက်သည်။

လူစိမ်းကလည်း ခေသူမဟုတ်။ အုတ်ခဲအား ထီးဖြင့်
ခပ်ဆတ်ဆတ် ပြန်ရိုက်ထုတ်လိုက်ရာ ဘချစ်၏ နဖူးခွပ်က
ထိမှန်၍ သွေးများ ယိုဆင်းကျလာသည်။ ဘချစ်တစ်ယော
အသားနာ၍ လူစိတ်ပျောက်လာဟန်ဖြင့် အာခေါင်ခြစ်အော်
၍ လူစိမ်းဆီသို့ ပြေးလွှားသွားလေသည်။

"ယား. . . ခွေးမသား၊ မင်းကို အသေသတ်မယ်တွ"

အရှုံးမလေးမှာ မြေပေါ်မှမထပဲ မျက်လုံးအပြူးသာ
လေးဖြင့် ပြူးကြည့်နေလေသည်။



## အခန်း - ၆

### မိတ်ဆွေ

အာကာ. . သူ့ဆီသို့ ပြေးဝင်လာသော ဘချစ်၏ ခြေ
တ်နှစ်ချောင်းအား ထီးဖြင့် ဖြတ်ရိုက်ချလိုက်ပြီးနောက်
ထောက်အား လှပစွာ ဖြောင့်တန်းကာ သူ၏ မျက်နှာအား
ဆင့်ကန်ထည့်လိုက်၏။

"အ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

သူ၏ ခန္ဓာကိုယ်မှာ ဟန်ချက်ပျက်၍ လည်ဆင်းကျသွားသည်နှင့် လူစိမ်းက သူ့အနားသို့ ဖျတ်ခနဲရောက်ရှိလာပြီး ရင်ဘတ်၊ ခါးစပ်၊ ကျောကုန်းအား လိမ့်နေအောင် အဆက်မပြတ် ကန်ကျောက်လေသည်။

"အ. . အ. . ကြောက်ပါပြီဗျ. . "

ငတေ ခါးကြားထဲမှ အရက်ပုလင်းအား ဆွဲထုတ်၍ သူ့နောက်သို့ အသာလေး တိတ်တဆိတ် ချဉ်းကပ်သွားကာ လူစိမ်း၏ဦးခေါင်းအား အားကုန်ရိုက်ခွဲချလိုက်သည်။

အာကာ သူ၏ နောက်ကျောဆီမှ လေတိုးသံသဲ့သဲ့ကြားလိုက်သည်နှင့် ဖျတ်ခနဲ ခန္ဓာကိုယ်အား နောက်ဘက်သို့ လှန်ကွေးချလိုက်၏။ ငတေး သူ၏ရိုက်ချက် လွဲသွားသည်နှင့် လန့်ဖျပ်၍ ကမန်းကတန်း နောက်သို့လှည့်ပြေးရန် ဟန်ပြင်လိုက်စဉ်. . ။

"ဗွီး. . "

"ခွပ်. . "





"အား. . "

မည်သည့်နေရာမှ လွင့်ပျံကျလာသည်ကို မသိသော သစ်ကိုင်းချောက်တစ်ခုက သူ၏ လက်မောင်းသားထဲသို့ တိုင်ထိုးဝင်သွားခဲ့သည်။ ငတေ သွေးများ ဖြာဆင်းကျနေသော သူ၏ လက်မောင်းအား ဖိနှိပ်ရှုံ့မဲ့ရင်း ရင်ထဲ၌ အကြီးအကျယ် ဒိတ်လန့်အံ့ဩ ခြောက်ချားလာလျက် မြေပြင်ပေါ်သို့ ဒူးထောက်ထိုင်ချလိုက်၏။

လူစိမ်းအား သူတို့နှစ်ယောက် ဘယ်နည်းနှင့်မျှ ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း အတွတ်နားလည်လိုက်ရသည်။ သို့ဖြင့်. . လူစိမ်းဘက်မှ တစ်စုံတစ်ယောက်သောသူက တိတ်တဆိတ် ကူညီနေသေးသည် မဟုတ်ပါလော။

"အစ်. . အစ်ကိုလေး. . ကျုပ်တို့ကို ခွင့်လွှတ်ပါဗျာ၊ ကျုပ်တောင်းပန်ပါတယ်၊ အနူးအညွတ်ကို တောင်းပန်ပါတယ် ဗျာ. . ခွင့်လွှတ်ပါ. . "

ငတေး အထစ်ထစ် အငေါ့ငေါ့ဖြင့် ကြောက်လန့်တကြား တောင်းပန်နေလေသည်။ သို့သော်. . အာကာ၏ အေး



www.burmeseclassic.com

www.burmeseclassic.com



စက်စက်မျက်လုံးများက သူ့အား တစ်စက်ကလေးမှ မကြည့်ဝဲ တန်းမှုယာကင်းမဲ့သော မျက်နှာဖြင့် လမ်း၏ဝဲဘက်ရှိ ညောင်ပင်တစ်ပင်ဆီသို့သာ မမှိတ်မသုန် စူးစိုက်နေ၏။

ညောင်ပင်ကြီးမှာ နှစ်ပေါင်းအလွန်ကြာမြင့်၍ ရှည်လျားဆွေးမြေ့နေဟန်ဖြင့် အကိုင်းအခက်များ ဝေဆာဆူဖြိုးနေကာ ပင်စည်လုံးပတ်ကြီးမှာ ယောကျ်ားလက်တစ်ဖက်ခန့်ရှိ၍ ညောင်မုတ်ဆိတ်တို့ကလည်း ဆံချည်မျှင်များသဖွယ် အထွေးလိုက်၊ အထွေးလိုက်ဖြင့် ရှုပ်ထွေးပွေလီစွာ ယီးလေးခို တွဲကျနေသည်။

လေပြင်းလေးများ တစ်ချက်တစ်ချက် ဝှေ့ယမ်းတိုက်ခတ်လိုက်သည့် အခါမျိုးတွင် အထက်သို့ မြွေတစ်ကောင်နှယ် လူးလွန့်လှုပ်ရှား တွန့်လိမ်၍ ဝဲပျံတက်သွားပုံမှာ မြင်ကွင်းတစ်မျိုးတစ်ဖုံ ဆန်းသစ်လှပနေ၏။

ငတေးတစ်ယောက် ဦးခေါင်းအား မြေကြီးနှင့်ထိလုမတတ် အကြိမ်ကြိမ်ဦးညွတ်လျက် ထိုင်ရှိခိုးမတတ် ပါးစပ်မှ တတွတ်တွတ် တောင်းပန်နေရာမှ သူ့ထံမှ မည်သည့်တုံ့ပြန်မှု မကြားရသည့်အတွက် တအံ့တသြဖြင့် ထိတ်လန့်တုန်လှုပ်နေသော မျက်လုံးများဖြင့် မော့ကြည့်လိုက်ရာ လူစိမ်း၏ မျက်လုံး စူးစူးတောက်တောက်များက သူ့အားမကြည့်ပဲ တစ်နေရာတစ်ခုအား စူးနစ်ဝင်မတတ် စိုက်ကြည့်နေကာ သူ၏တတွတ်တွတ် ရေရွတ်တောင်းပန်သံများအား အနည်းငယ်မျှ ကြားသိဟန်မတူပေ။



လူစိမ်း၏ အသားအရေနှင့် ပုံဟန်အား လေ့လာအကဲခတ်မိသလောက် အသက်နှစ်ဆယ်ကျော်မျှသာ ရှိဦးမည့် လူငယ်တစ်ယောက်သာ ဖြစ်ကြောင်းခန့်မှန်းလိုက်မိသည်။

သို့သော်. . လူငယ်မှာ အသက်အရွယ်နှင့် မလိုက်အောင် အလွန်သွေးအေး တည်ကြည်လျှို့ဝှက်ကာ အင်မတန် ကြောက်မက်ဖွယ်ရာကောင်းသော လူငယ်တစ်ယောက်ဖြစ်ကြောင်း သူတို့နဖူးတွေ့ ဒူးတွေ့ရင်ဆိုင် ကြုံတွေ့လိုက်ရပြီးသည်။

လူငယ်၏ အသက်အား တွက်ဆ၍ အထင်သေးရှု့ ခေါ်လျော့လိုက်မည်ဆိုပါက အကြီးအကျယ် မှားယွင်းသွား

www.burmeseclassic.com

www.burmeseclassic.com



မည်သာဖြစ်သည်။ သူ့အားကြည့်လိုက်မည်ဆိုလျှင် ကျောက် တောင်၊ ကျောက်ခဲများကဲ့သို့ တည်ကြည်အေးခဲလှ၏။ ထိုသို့ အေးစက်တည်ငြိမ်သော အမူအယာကပင် တစ်ဖက်သူ၏ နှ လုံးသားအား ဆွဲကိုင်လှုပ်ခါနိုင်စွမ်းရှိလှ၏။

ပြုမူလှုပ်ရှားမှုတိုင်းဟာလည်း အဓိပ္ပာယ်လေးနက် ကျနေသည်။ သူ့လိုလူမျိုးပင် စိတ်ဝင်တစား ကြည့်ရှုနေရသော အရာမှာ မည်သို့သော အရာများပါလဲဆိုသော သိချင်စိတ် ဖြင့် စိတ်ဝင်တစားနှင့် အလောတကြီး လှည့်ကြည့်မိလိုက် သူ၏မျက်နှာပြင်ပေါ်၌ အံ့ဩရိပ်များမှာ အထင်အရှား ထွက်လာခဲ့သည်။

ညောင်ပင်. . . အသက်ဝိဉာဉ်ကင်းမဲ့၍ အိုမင်း ရင့်ရော်နေသော ညောင်ပင်ကြီးမှာ လူငယ်၏ စိတ် အာရုံ ခုလုံးအား ဘယ်လိုထူးခြားလို့ ဝှက်မှုများဖြင့် ဒီလောက်အ ဖမ်းစားညို့ ယူထားနိုင်ပါသနည်း။

သူ့အမြင်မှာတော့ ဘာမှထူးခြားမှု မရှိချေ။

အစောပိုင်းလောက်က ထိုနေရာလေးမှာ ညည်း အော်ဟစ်ဆဲဆို ကြိမ်းမောင်းသံတို့ဖြင့် ဆူညံပွက်လောရို



နေသလောက် အခုမူ မိနစ်ပိုင်းအတွင်းမှာပင် သက်ရှိလူသား များ ရှိနေပါလျက် အသက်ရှူသံမှတစ်ပါး စကားသံများ တစိုး တစိမျှပင် ထွက်ပေါ်လာခြင်းမရှိပဲ လေပြေလေးများ တသုန် သုန်တိုက်ခတ်သံနှင့် သစ်ရွက်လေးများ ပွတ်တိုက်လှုပ်ရှားနေ သံများက စိုးမိုးမင်းမူနေလျက် အေးချမ်းနေလေသည်။

ငေးညောင်ပင်ကြီးအား နားမလည်နိုင်စွာဖြင့် ငေး ကြည့်နေစဉ်မှာပင် လေတိုက်ခတ်မှုကြောင့်မျိုး မဟုတ်ပဲ အ တွင်းမှ တစ်စုံတစ်ရာသော သက်ရှိသတ္တဝါတစ်မျိုးမျိုး၏ လှုပ် ရှားလိုက်မှုကြောင့် သစ်ရွက်များ လှုပ်ခတ်သွားမှုမျိုးကို တွေ့ မြင်လိုက်ရသည်။

တဆက်တည်းမှာပင်. . .။

"ဖြောင်း. . . ဖြောင်း"

လက်ခုပ်သံ တဖြောင်းဖြောင်း ထွက်ပေါ်လာသည့်အ ခါတွင် သူ၏ရင်ထဲတွင် အလွန်အမင်း အံ့ဩသွားကာ လူငယ် အား ပြန်လှည့်ကြည့်လိုက်ရာ ပို၍ပင် အံ့ဩသွားရသည်။

လူငယ်၏ မျက်နှာမှာ တစ်စက်ကလေးမျှ ဟန်မူယာ ပြောင်းလဲမသွားပဲ အေးစက်စက်ဖြင့် ဟန်မူယာကင်းမဲ့နေသော

www.burmeseclassic.com

www.burmeseclassic.com



မှောက်နှာမြင့်သော အသက်မှရှုပါလေစဲဟု တွေးထင်မှတ်ယူ လောက်အောင် မတုန်မလှုပ် ကျောက်ရုပ်ကြီးတစ်ရုပ်ကဲ့သို့ ပင် ရှိနေလေသည်။

ထိုစဉ်. . .။

"တော်ပါပေတယ်ဗျာ၊ ကျုပ်ချီးကျူးပါတယ်၊ အင်မ တန် ထက်မြက်ပြတ်ရှတဲ့ အမြင်လည်းရှိတယ်၊ ကျုပ်မချီးကျူး ပဲ မနေနိုင်ပါဘူးဗျာ၊ ဟား. . ဟား. . ဟား"

နှစ်လိုခင်မင်ဖွယ်ရာ စကားသံနှင့်အတူ ခပ်နွမ်းနွမ်း အင်္ကျီတစ်ထည်နှင့်ဘောင်းဘီရှည်တို့အား ဝတ်ဆင်ထားသော အသက်သုံးဆယ်ခန့် ရုပ်ရည်တည်ကြည်သန့်ပြန့်သော လူရွယ် တစ်ယောက်က ညောင်ရွက်များအား လက်နှစ်ဖက်ဖြင့် ဖယ် ရှား၍ အလွန်ပေါ့ပါးလျင်မြန် အေးဆေးသော အသွင်ဖြင့်ခုန် ထွက်လာလေသည်။

ထိုလူရွယ်ကား တခြားလူမဟုတ်။ စုံထောက်လောက ၌ အလွန်နာမည်ကြီး ရေပန်းစားနေသော သက်ပိုင်အုပ်စိုးပင် ဖြစ်လေတော့သည်။

× × ×

## အခန်း– ၇

## ညို့ဖျက်ဝန်း

လူငယ်(ဝါ)အာကာ၏ မျက်နှာပြင်ပေါ်၌ မည်သို့သော [illegible]ခြားပြောင်းလဲသွားမှုများမှ မပေါ်ထွက်လာသည့်တိုင် လေး [illegible]နှုတ်ခမ်းများကတော့ နှစ်လိုဖွယ်ရာ တစ်ချက်ကွေးညွတ် [illegible]ပြီး နှုတ်ခမ်းနှစ်လွှာမှာ စတင်လှုပ်ရှားသွားပြီး. . .။

"ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com



အသံကား အေးစက်ခြင်း မရှိတော့သလို နွေးထွေးလှိုက်လှဲခြင်းမျိုးလည်း မရှိချေ။ ငတေ၏ရင်ထဲ၌ အလွန်ထူးဆန်းသော လူငယ်ပဲဟု စိတ်ထဲမှ ကြိတ်ကာ တိတ်တဆိတ်မှတ်ချက်ချလိုက်မိသည်။

သစ်ပင်ပေါ်မှ ခုန်ဆင်းလာသော လူရွယ်၏ နောက်ကျောတွင် အဝတ်အိတ်တစ်လုံး လွယ်ပိုးထားကာ သူ၏ပုံပန်းသဏ္ဍာန်မှာ သာမာန်လူတစ်ယောက်ထက် ဘာမှမထူးခြားပေ

သို့သော် လူငယ်ကဲ့သို့ စူးရှရှမျက်ဝန်းအစုံ ပိုင်ဆိုင်ထားခြင်းကတော့ သူ၏ သွင်ပြင်ကို တစ်မျိုးတစ်ဖုံ ထူးခြားပြောင်းလဲသွားစေသည်။ ထိုနောက် လူရွယ်၏ မျက်လုံးစူးစူးများက သူ့ထံသို့ ကျရောက်လာပြီး အနိမ့်အမြင့် မရှိသောအသံဖြင့်. . .။

"မင်းတို့ သူ့ကို လုံးဝယုံနိုင်မှာမဟုတ်ဘူး၊ သူက မင်းတို့ရဲ့ပြိုင်ဘက်လည်း မဟုတ်ဘူးဆိုတာ မင်းနားလည်သဘောပေါက်မှာပါ"

တဖန် စကားခဏရပ်နား၍ သတိလစ်နေပြီဖြစ်သော





သူ၏ အဖော်ဖြစ်သူအား တစ်ချက်လှမ်းကြည့်ကာ. . .။

"မင်း. . . ဒီမှာ ဆက်နေစရာ အကြောင်းမရှိတော့ဘူးထင်တယ်၊ မင်းအခြေအနေကို ကောင်းကောင်းသဘောပေါက်နားလည်တယ်ဆိုရင် မင်းရဲ့ အဖော်ကိုခေါ်ပြီး ဒီနေရာက အမြန်ဆုံးထွက်သွားသင့်ပြီ၊ အဲဒါ မင်းတို့နှစ်ယောက်ကို အထူးညှာလိုက်တာမှတ်ပါ"

သူ၏ မျက်ဝန်းအစုံမှာ ချက်ချင်းဝင်းလက်တောက်ပသွားသည်။

"ဟုတ်. . ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ဗျာ"

အုပ်စိုးသည် ထိုနေရာလေးသို့ ပထမဦးဆုံး ရောက်နေတာ ဘယ်သူမှမမြင်နိုင်သော ချောင်ပင်ထက်၌ ခေတ္တခဏ အနားယူမှေးနေစဉ် လူရမ်းကားနှစ်ယောက်နှင့်အရှုးမသားတို့ ရောက်ရှိလာသဖြင့် သူ၏ စိတ်အနားယူမှေးစက်ခြင်းဆိုင်ငန်းပျက်စီးသွားခဲ့သည်။

သူအပေါ်မှနေ၍ အခြေအနေအား ကောင်းစွာအကဲခတ်နေကာ အပြင်သို့ထွက်ရန် ဟန်ပြင်လိုက်စဉ် အလွန်လျှင်



www.burmeseclassic.com

www.burmeseclassic.com



မြန့်သော အတုန်ဖြင့် ပြေးလာသော စုံထောက်မင်းကြီး၏သား အာကာဓမ်အား မြင်လိုက်သည်နှင့် အသာလျှိုနေလိုက်ခြင်းသာဖြစ်သည်။

အာကာ၏ ပညာအစွမ်းအား ဇလေ့လာသုံးသပ်ခွင့်ရမည့် အခွင့်အလမ်းတစ်ခုလည်း ဖြစ်မည်မဟုတ်ပါလား။ အာ သူတွေးထင်ထားသည့်အတိုင်း အာကာ၏ ထက်မြက်စူးရှသော အရည်အသွေးများအား မြင်တွေ့ခွင့်ရလိုက်သော်လည်း စိုးရိမ်စိတ်ဖြင့် သစ်ကိုင်းခြောက် ပစ်လွှတ်လိုက်ခြင်းကြောင့် သူ့အား အာကာသိရှိသွားခဲ့ပေပြီ။

အမှန်ဆိုလျှင် ယခုကဲ့သို့ ရုပ်လုံးထွက်မပြချင်ပါ။ အာကာနှင့်လည်း ခုလိုမျက်နှာချင်းဆိုင် မတွေ့ဆုံလိုပါ။ သူ့အလုပ်မှာ အလွန်လျှို့ဝှက်သိုသိပ် သိပ်သည်းလွန်းမှ တော်ရုံကျမည့်လုပ်ငန်းဖြစ်သည်မဟုတ်လား။

ဒါ့အပြင် အာကာမှာ သူ့လောက် အတွေ့အကြုံရင့်ကျက်ဦးမည်မဟုတ်ဟုဆိုကာ စုံထောက်မင်းကြီးက ဖခင်စိတ် အပြည့်ဖြင့် စိုးရိမ်ကြီးကာ သူ့အား မပြတ်စောင့်ကြည့်ပေးရန်





နှင့်မထင်မှတ်သော အန္တရာယ်တစ်စုံတစ်ရာများ ရုတ်တရက် ပေါ်ပေါက်လာခဲ့မည်ဆိုပါက တိတ်တဆိတ် ဝင်ရောက်ကူညီဖြေရှင်းပေးရန် တိတ်တဆိတ် တာဝန်ပေးထားခဲ့သောကြောင့်ဖြစ်သည်။

အခု သူကောင်းစွာ သဘောပေါက် နားလည်လိုက်သည်မှာ အာကာမှာ သူထင်ထားသည့်ထက်ပင် ပို၍အရည်အချင်း ထက်မြက်နေကာ သူ၏ ကာကွယ်စောင့်ရှောက်မှုမလိုဆိုသည့် အချက်ပင်ဖြစ်သည်။

ငတေ. . ကမန်းကတန်းထ၍ ဘာချစ်အား ကျောပိုးကာ အာကာအား မသိမသာ လှမ်းအကဲခတ်ကြည့်ရာ သူ၏ မျက်လုံးများက သူတို့အား လုံးဝမကြည့်ပဲ လူရွှယ်၏ မျက်နှာပေါ်တွင်သာ ရောက်ရှိနေသည်ကို တွေ့ရသဖြင့် သူ၏စိတ်ထဲ ချောင်သက်သာမှုရသွားပြီး ထိုနေရာမှ သုတ်ခြေတင်၍ လစ်ထွက်လာခဲ့တော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးလဲ့ကျနေသော အရူးမလေးအား ဆွဲထူမ
လိုက်သည်။ အရူးမလေးမှာ သူ့အား စိုးရွံ့ကြောက်လန့်တ
လှုပ်နေသည့် မျက်ဝန်းများဖြင့် ငေးမောကြည့်နေလေသည်

သူမ၏ အရည်ကြည်လေးများ တဖိတ်ဖိတ် ကြည်
တောက်ပ ဝိုင်းစက်နေသော မျက်ဝန်းအလှအား သူတခဏ
ငေးကြည့်နေမိသည်။ သူမမျက်နှာလေးကတော့ ဝိုင်းစက်
လွန်းသော မျက်လုံးကလေးများဖြင့် အလွန်ဆန့်ကျင်ခြား
စွာပင် အကျည်းတန်နေလေသည်။

အုပ်စိုး. . သူမအား နှစ်လိုစနာ အားပေးကြင်
သော အပြုံးဖြင့်. . .။

"မိန်းကလေး. . ဘာမှမကြောက်ပါနဲ့၊ ကျုပ်တို့က
ကို အန္တရာယ်ပေးမယ့်သူတွေ မဟုတ်ပါဘူး၊ ဒါနဲ့ မင်းနာမ
ဘယ်လိုခေါ်လဲ"

သူ. . သူမအား လူကောင်းတစ်ယောက်လိုပင်
သာစွာ ဆက်ဆံပြောဆိုလိုက်၏။

သူမက သူ၏ စကားအား နားလည်ပုံရသည်။





ဝန်းတွင်းမှ ထိတ်လန့်ကြောက်ရွံ့ နေရိပ်များ လွင့်ပါးသွားပြီး
နေက်ကော့ညွတ်ရှည်လျားလှသော မျက်တောင်ရှည်များ
အား တဖျတ်ဖျတ်ခတ်ရင်း မျက်လုံးကလေးများ ချာချာလည်
သွားပြီး. . .။

"ကျွန်မ. . နာ. . မည်. . နာမည်က. . ."

"ဟော. . သိပြီ၊ ကျွန်မနာမည်က ဟိုးဟိုက နှင်းဆီ
လေးတဲ့"

သူမက ရုတ်တရက် ကလေးငယ်တစ်ယောက်သဖွယ်
သောအားရ လေသံဖြင့် လမ်းဘေးတစ်ဖက်၌ အလေ့ကျ
ပေါက်နေသော ခေါင်းလောင်းပန်း နီနီရဲရဲကလေးများအား
ညှိုးထိုးကာ ပြောလိုက်ခြင်းဖြစ်သည်။

"နှင်း. . ဆီ. . အင်း. . တကယ်လှတဲ့ နာမည်လေးပဲ"

သူသံယောင်လိုက်၍ ခပ်တိုးတိုး ရေရွတ်လိုက်၏။

"ဩော်. . ရော. . မနှင်းဆီ၊ ဒီလိုမျိုး ငွေတွေရှိရင်
စိတ်ကြိုက် မုန့်တွေအများကြီး ဝယ်စားလို့ရတယ်"

သူ၏စိတ်ထဲတွင် ဘာကြောင့်မှန်းမသိ သူမအပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် အလွန်စိတ်ရှည်သနားနေမိသည်။ သူမက သူပေးသည့်
ငွေအချို့ကို သေချာလှည့်ပတ်ရင်း . . .။

"ဒီရာလေးတွေနဲ့ မုန့်တွေအများကြီးစားရတယ်။
ဟီး. . ပျော်စရာကောင်းလိုက်တာ"

ထိုနောက် သူမ၏ မျက်လုံးလေးများက အာကာ
သို့ ဖျတ်ကနဲ တစ်ချက်ရောက်ရှိသွားပြီး ဘာမပြောညာမပြော
ပင် နောက်သို့ ချာကနဲလှည့်ထွက်ပြေးသွားလေသည်။ အာကာ
သူမ၏ နောက်ကျောပြင်အားကြည့်၍ သူ၏စိတ်ထဲတွင် မျက်
လုံးလှလှလေးများကို သေချာစွဲထင်မှတ်မိနေကာ အသိအမှတ်
မပြုပဲ မနေနိုင်ချေ။

× × ×

အခန်း – ၈

ဗိုက်ဇာတ်သိမ်းပွဲ

ညဆယ်နာရီကျော်နေပြီဖြစ်သည်။

အရှုးမလေးမှာ ကြောက်ရွံ့တုန်လှုပ်ခြင်းကင်းလျက်
ထော်ပျော့ရွက်ဖြင့် စနစ်တကျ ထုပ်ပိုးထားသော ခေါက်ဆွဲကြော်
ထုပ်လေးတစ်ထုပ်နှင့်ထမင်းထုပ် တစ်ထုပ်တို့အား ကြိုးစမှဆွဲ
၍ ရွာပြင်ဘက်သို့ လျှောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းနှစ်စုံ. . . ။

နီရဲသွပ်နေသော မျက်ဝန်းနှစ်စုံက လရောင်အော တွင် တစ်ကိုယ်တည်း လှုပ်ရှားသွားလာနေသော သူမအား မျက်တောင်မခတ် စူးစူးရဲရဲစိုက်ကြည့်နေကြသည်။ ထိုမျက်လုံး များမှာ အလွန်ရက်စက်ကြမ်းကြုတ် ကောက်ကျစ်သော ကျ ငစဉ်းလဲတစ်ကောင်၏ သူ့ရှေ့မှ သားကောင်အားကြည့်နေ သည့် မျက်လုံးများကဲ့သို့ပင် အလွန်ကြောက်မက်ထိတ်လန့် ဖွယ်ကောင်းနေ၏။

အရူးမလေးက သူမအပေါ် ကျရောက်လာတော့မည့် အန္တရာယ်အငွေ့အသက်များအား လုံးဝခံစားသိရှိဟန်မတူချေ။ ထိုမျက်ဝန်းနှစ်စုံကလည်း သူမနှင့်အတူ သစ်ပင်များအား အ ကာအကွယ်ယူ၍ လိုက်ပါရွေ့ပြောင်းနေသည်။

သစ်ပင်များ တစ်ပင်နှင့်တစ်ပင် ကျဲပြတ်သွားသော အခါတွင်တော့ မျက်လုံးနှစ်စုံ၏ ပိုင်ရှင်အား လဝန်း၏ အလ အညီဖြင့် ကောင်းစွာတွေ့မြင်လိုက်ရသည်။ ထိုလူနှစ်ယော မှာ မျက်နှာတစ်ခုလုံး ရစရာမရှိအောင် ညှိမဲဖူးရောင်နေသော ဘချစ်နှင့်ငတေတို့ပင်ဖြစ်သည်။





သူတို့နှစ်ယောက်မှာ အသက်နှစ်ဆယ်သာသာအရွယ် ောင်လေး၌ ဆွေမျိုးမိဘကင်းမဲ့လျက် သွက်သွက်ခါအောင် ူးသွပ်နေသည့် အကျည်းတန်မိန်းမပျိုလေးအပေါ်၌ အနည်း ယ်မျှ စာနာ၊ သနားငဲ့ညှာခြင်းမရှိသည့်အပြင် ကိုယ်၏ လူမ န့်စွာ ပြုမူမှုအပေါ် အနည်းငယ်မျှ တွေးတောမိခြင်းမရှိပဲ ူတို့၏ အသားနာကျင်ထိခိုက်ဒဏ်ရာရခြင်းအပေါ်တွင်သာ ဖြစ်မဲ့သော သူမအပေါ်တွင် လွန်စွာ အငြိုးအမျက်သိုး၍ ်ရက်စက်စက် ကလဲ့စားချေရန် မြေခွေးတစ်ကောင်၏ အ ဉာဏ်ဖြင့် စဉ်းစားကြံစည်နေလေသည်။

"ဟင်း. . ဟင်း. . ကောင်မ၊ နင့်ကြောင့် ငါတို့အခုလို ်ရတာ၊ နင့်ကို ကောင်းကောင်း ပြန်ဒုက္ခပေးရမှ ငါကျေနပ် ယ် ဘချစ်သက်တမ်းတလျှောက်လုံးမှာ ကိုယ်ဖြစ်ချင်တာ ်ချင်တာမှန်သမျှကို ဖြစ်အောင်လုပ်လိုက်ရမှ ကျေနပ်တဲ့ ောင်၊ နင့်လို အရူးမနဲ့တွေမှ ငါ့ရာဇဝင်အရိုင်းခံရမှာလား၊ ဲ့ဝမရဘူးကွ၊ နင်မကြာခင်ကာလမှာ ငါ့အကြောင်း သိစေ ယ်၊ ဟား. . ဟား. . ဟား"

"ဒီတစ်ခါ နင်. . လုံးဝကံမကောင်းနိုင်တော့ဘူး၊ နင့်

www.burmeseclassic.com

www.burmeseclassic.com



ထို သိကြားမင်းတစ်ယောက်ကလွဲပြီး ဘယ်ခွေးတစ်ကောင် ကြောင်တစ်မြီးမှ ကယ်တင်နိုင်မှာမဟုတ်ဘူး"

ဘချစ်. . သူမနောက်သို့ တိတ်တဆိတ် ချောင်းမြောင်း လိုက်လာရင်း အံတင်းတင်းကြိတ်ကာ စိတ်ထဲမှ အညှာအတာ ကင်းမဲ့စွာဖြင့် ဟားတိုက်ရယ်မောလျှောင်ပြောင် သရော်ကာ ကြိမ်းဝါးနေတော့သည်။

သူတို့သည် အရှုမလေး၏ ပြုမူလှုပ်ရှားသွားလာမှု မှန်သမျှကို ကြိုတင်လေ့လာအကဲခတ် စုံစမ်းခဲ့ပြီးဖြစ်သည်။ သူမအား ရွာအပြင် တောစပ်နားတွင် နေထိုင်သော ဘွားချစ် ဆိုသည့် မုဆိုးမအဘွားအိုနားထိုင်းကြီးက သနားချစ်ခင်လျက် သူ့အိမ်တွင် ခေါ်ယူကျွေးမွေးစောင့်ရှောက်ထားခြင်းဖြစ်သည်။

သို့နှင့်. . .။

တောစပ်အနားသို့ ရောက်ရှိလာခဲ့ပြီး ရှေ့ ခပ်လှမ်း လှမ်းရှိ ဖယောင်းတိုင်မီးလေး တဈက်လက်ထွက်ပေါ် နေသော ထရံကာအိမ်လေးတစ်အိမ်အား လှမ်းတွေ့နေရပြီဖြစ်သည်။

"ဟိတ်. . ရပ်လိုက်စမ်း"

ဘချစ်နှင့်ငတေတို့နှစ်ယောက် သူမရှေ့မှ ပိတ်ဆို့ဟန့်



ားလိုက်ကြသည်။ သူတို့၏ မျက်နှာမှာ တစ္ဆေ၊ သရဲများ ောက်စီးကပ်ထားရသည့်အလား နီရဲနေကာ ကြောက်မက် ောင်းလှ၏။

"ဘုတ်"

,အရှုမလေး၏ မျက်ဝန်းအစုံမှာ ယုန်ဖြူလေးတစ် င်နှယ် ဝိုင်းစက်ပြူးကျယ်သွားပြီး လက်ထဲမှ အထုပ်လေး င် ဖယောင်ရမ်းလွတ်ကျသွားလေ၏။ ထိတ်လန့်ကြောက် ကြောင့် ခန္ဓာကိုယ်လေးပင် ဟန်ချက်ပျက်သို့ နောက်သို့ ွှတ်သွားသည်။

"ရှင်. . ရှင်တို့. . ."

"ကဲ. . မင်းအခု ဘာတတ်နိုင်သေးလဲဟင်"

ချောင်ပိတ်မိနေသော ယုန်သူငယ်တစ်ကောင်ကို အ းစားမုဆိုး ကျားငစဉ်းလဲက မကြာမီ သူ၏ခံတွင်းဝဆီသို့ ောက်ရှိလာတော့မည်ဖြစ်သော သားကောင်အား မသတ်မီ တ်ကြိုက် ဆော့ကစားကာ တဖက်သူကြောက်လန့်တုန် ၁် စိုးထိတ်ခြင်းစွာဖြင့် စိတ်ဆင်းရဲဒုက္ခဖြစ်အောင် နှိပ်စက် ပြုတော့မည့် မျက်လုံးများဖြင့် သူမတစ်ကိုယ်လုံးကို ခြုံ

www.burmeseclassic.com

www.burmeseclassic.com



သိုင်း၍ကြည့်ကာ အဆီပြန်နေသော မျက်နှာများဖြင့် မိန့်မိန့်ကြီး ပြုံးနေလေသည်။

* * *

"ကဲ. . ဒီတစ်ကြိမ်တော့ မင်းအလှည့်ပဲ၊ လွှတ်အောင် ပြေးပေတော့"

ဟူသော သွားကြားထဲမှ လေသံသဲ့သဲ့နှင့်အတူ ဘချစ် သူမအား ခုန်အုပ်ရန် ဟန်ပြင်လိုက်စဉ်. . .။

သူမက တုန်လှုပ်ခြင်းကြီးစွာဖြင့် ခေါင်းသွင်သွင်ခါရမ်း လျက် နောက်သို့ လှစ်ကနဲ ခုန်ဆုတ်သွားလျက်. . .။

"သွား. . သွား. . မလာနဲ့၊ ငါ့အနားမလာနဲ့ မကောင်း ဆိုးဝါးနတ်မိစ္ဆာတွေ"

ဘချစ်နှင့်ငတေတို့မှာ တစ်ယောက်မျက်နှာကို တစ် ယောက်ကြည့်ကာ အားပါးတရပြုံးပြီး သူမအနားသို့ တစ်လှမ်း ချင်း တိုးကပ်လာသည်။

သူမကလည်း နောက်သို့ တရွေ့ရွေ့ ဆုတ်သွားခဲ့ပြီး



နောက်ဆုံး သစ်ပင်တစ်ပင်နှင့်တိုက်ရိုက်ထိကပ်လိုက်ချိန်တွင် ဘချစ်က ရှေ့သို့ တစ်လှမ်းစောတိုးကာ လက်နှစ်ဖက်အား ရှေ့သို့ ဆန့်တန်းထားလိုက်၏။

သူမက လက်နှစ်ဖက်အား လေထဲတွင် ဝှေ့ခါရမ်းနေ လျက်. . .။

"မ. . မလာနဲ့၊ သွား. . နင်. . နင်တို့ အသေဆိုးနဲ့ သေရလိမ့်မယ်၊ သေ. . ရ. . လိမ့်မယ်"

သူမစကား မဆုံးမီမှာပင် ရုတ်တရက်. . .။

"အွတ်"

"အ. . ."

ဘချစ်နှင့်ငတေတို့၏ ခြေလှမ်းမှာ တုန့်ကနဲရပ်တန့် သွားပြီး မျက်လုံးများ ရုတ်ချည်းပြူးထွက်လာလျက် လည်ပင်း အား လက်ဖြင့် တင်းကြပ်စွာ ဆုပ်ကိုင်ရင်း ဒူးထောက်ပြိုဆင်း သွားလေသည်။

ဘချစ်မှာ တစ်ချက်နှစ်ချက် တွန့်လိမ်ကောက်ကွေး၍ ငြိမ်သက်သွားပြီး ငတေက ပြင်းထန်သော ဝေဒနာအား ချိမဆန့် ပြင်းပြင်းပျပျ ခံစားရင်း ကိုယ့်ကိုယ်ကိုမည်သို့မည်

www.burmeseclassic.com

www.burmeseclassic.com



ပုံ ဖြစ်သွားမှန်းပင် မသိလိုက်ဟန်ဖြင့် သူမအား မယုံနိုင်ခြင်း များစွာသော မျက်လုံးများဖြင့် ကြည့်နေရင်းမှ သူမ၏ ပုံရိပ်က အမည်းစက်တစ်ခုအဖြစ် တဖြည်းဖြည်း ဝေဝါးပျောက်ကွယ်သွားလေတော့သည်။

ထိုနောက် သူမရှေ့သို့ တစ်လှမ်းချင်း ထွက်လာပြီး သူတို့၏ မျက်နှာအား အတန်ကြာ ငုံ့၍လှည့်ပတ်ကြည့်နေရင်းမှ ရုတ်တရက် ခေါင်းလေးမော့ကာ လက်ခုပ်လက်ဝါးတီးရင်း ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး. . .။

"ဟား. . ဟား. . သူတို့သေသွားပြီ၊ အသက်မရှိတော့ဘူး၊ ကောင်းလိုက်တာ၊ ပျော်လိုက်တာ၊ သူတို့သေမှ အေးတယ်၊ သူတို့ ဘာမှမလုပ်နိုင်တော့ဘူး၊ ဟီး. . အရမ်းပျော်ဖို့ကောင်းလိုက်တာ. . ဟား. . ."

ဟူ၍ ပါးစပ်မှ တတွတ်တွတ်ရေရွတ်မြည်တမ်းလျက် အလွန်အူမြူး ပျော်ရွှင်ခုန်ပေါက်မြူးတူး၍ ထွက်ခွာသွားလေတော့သည်။

!



## အခန်း – ၉

### စိညာဉ်ခေါ်သူ

ဇာသပြင်ကျေးရွာအနောက်ဘက်. . .။

ဇာသပြင်ကျေးရွာအရှေ့နှင့်အနောက်ဟူ၍ ကွဲပြားခြင်း၊ အရှေ့ပိုင်းတွင် လူနေအိမ်ခြေငါးရာကျော်ရှိပြီးတော့ အနောက်ပိုင်းတွင် လူနေအိမ်ခြေ လေးရာကျော်ခန့်ရှိသဖြင့် ကျေးရွာလေးမှာ မြို့ငယ်လေးတစ်မြို့ သဖွယ် အလွန်စည်



www.burmeseclassic.com

www.burmeseclassic.com



ကားသိုက်မြိုက်လှသည်။

ဦးဩဇာ. . .။

ဦးဩဇာဆိုသူမှာ ဇာသပြင်ရွှေးရွာ (ရှေ့/နောက်)
တစ်ခုလုံး မသိသူမရှိလောက်အောင် နာမည်ကျော်ကြားနေ
သော သူဌေးကြီးတစ်ဦးပင်ဖြစ်သည်။

ရွာထဲတွင် ရာသီအလိုက် အမျိုးမျိုးသော အလုပ်အ
ကိုင်များပြုလုပ်ကာ အလွန်စိတ်သဘောထားကောင်းသော
သူဌေးကြီးဖြစ်သည်။ တစ်ရွာလုံးကလည်း သူ့အား လေးစား
ရိုသေ ချစ်ခင်ကြသည်။

သူ၏ ချမ်းသာကြွယ်ဝမှုမှာ ရွာရှေ့သူဌေးကြီးဦးချမ်း
သာနှင့်အပြိုင်ဖြစ်သည်။ အခုတော့ ဦးချမ်းသာသေဆုံးသွား
သည့်အတွက် တစ်ရွာလုံးတွင် ပြိုင်ဘက်မရှိ ချမ်းအသာဆုံး
သူတစ်ဦးတည်း ဆက်ခံထားသူဖြစ်သည်။

လူအားလုံး၏ တွေးထင်မြင်ချက်အမြင်တွင် လိုတရ
အားလုံး ပြီးပြည့်စုံနေသော ဘဝကိုရရှိကာ တစ်ချိန်က သူနှင့်
အပြိုင်အဆိုင်ပြုကာ ရာထူးအရာခံ အင်္ဂလိပ်မျက်နှာဖြူကြီး





များ၏ ဒင်နာ၊ ပါတီများတွင် မျက်နှာလိုမျက်နှာရဖြင့် ဂုဏ်တု
ဆက်ပြိုင်ပြုလုပ်ခဲ့ကြဖူးသော ဦးချမ်းသာဆိုသူ သေဆုံးသွား
ခြင်းအတွက် ဘယ်သူ့ကိုမှ ထုတ်ဖော်မပြောသည့်တိုင်အောင်
သူ့စိတ်ထဲ တိတ်တဆိတ် ကျေနပ်ဝမ်းမြောက်နေလိမ့်မည်ဟု
ထင်မှတ်ကြသည်။

သို့သော် အစစ်အမှန်တွင်မူ ဦးဩဇာစိတ်ထဲတွင် အ
သေးငယ်မျှ ကျေနပ်ဝမ်းမြောက်မှု မရှိသည့်အပြင် ကြီးစွာ
ခြောက်ချားပူပန်သောကဖြစ်နေရသည်ကို မည်သူမှမသိချေ။
အကြောင်းကား သူဌေးကြီးဦးချမ်းသာဟု နာမည်ခံထားသူမှာ
သူ၏ အစ်ကိုရင်း ငတေဇာဖြစ်နေသည်မဟုတ်ပါလော။

သူသည် သိုးရေခြုံထားသော ဝံပုလွေတစ်ကောင်
ဆတ် အဆပေါင်းများစွာ ပို၍ကြောက်မက်ဖွယ်ကောင်းသည့်
သူရောင်ဖန်ဆင်းထားသော ဘီလူးတစ်ကောင်ပင်ဖြစ်သည်။

လခြမ်းကွေးလေးမှာ လေပြေညင်းလေးနှင့်အတူ မသိ
သော စီးမျောလွင့်ပါးလာသည့်နှယ် တဖြည်းဖြည်းနဲ့ မိုးကောင်း
ကင်ပြာကြီး၏ အလယ်ဗဟိုနေရာသို့ပင် ရောက်ရှိနေပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဂျွီ"

ဦးညြဇာအခန်းတံခါးအား တွန်းဖွင့်၍ အခန်းတွင်း
ချက်ချင်းမဝင်သေးပဲ သူ့နောက်တွင် အရိပ်သဖွယ် အမြဲရှိ
သော ခန္ဓာကိုယ်ဖွံ့ဖြိုးတောင့်တင်း၍ မျက်နှာထားကြမ်းတ
ခက်ထန်နေသည့် လူသန်ကြီးလေးယောက်ဘက်သို့ မျက်
လှည့်လိုက်ပြီး. . .။

"ကျုပ်. . အနားယူတော့မယ်၊ မင်းတို့တွေ သတိ
ယအပြည့်နဲ့ စောင့်ကြနော်"

လူသန်ကြီးလေးယောက် ပြိုင်တူဦးညွတ်လိုက်ကြ

"စိတ်ချပါ. . . သူဌေး"

ဦးညြဇာ ခေါင်းညိတ်၍ အခန်းထဲသို့ ဝင်ရောက်သွာ
ပြီး အတွင်းမှ တံခါးနှစ်ချပ်အား အသာပြန်စေ့ထားလိုက်
သူ့အခန်းတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်နှင့်သူ
မှာ နိုးကြားတက်ကြွဟန်အပြည့်ဖြင့် ဝဲယာတစ်ဖက်တစ်ချ
တွင် နှစ်ယောက်စီခွဲ၍ တိတ်ဆိတ်စွာ စောင့်ကြပ်နေလေ





သစ်ပင်၊ ပန်းမာလာမျိုးစုံတို့ဖြင့် စိမ်းစိုလှပသာယာ
သော ပန်းဥယျာဉ်လေးထဲက အဖြူရောင်လူရိပ်တစ်ခု ဘွားက
နဲ ထွက်ပေါ်လာခဲ့၏။

"အူး. . . အူး"

ညဥ့် ကျင်လည်ကျက်စားတတ်သော တောခွေးတစ်
အုပ်၏ ဝမ်းခေါင်းသံပါပါ အူဟစ်လိုက်သော အသံက တိတ်
ဆိတ်ငြိမ်သက်လွန်း၍ အသက်ကင်းမဲ့နေသည့် ညဥ့်ယံ၌ တော
အုပ်တစ်ခုလုံးတွင်သာမက အရပ်လေးမျက်နှာဆီသို့ ခြောက်
ခြားတုန်လှုပ်ဖွယ် ပဲ့တင်ထပ် ထွက်ပေါ်လာသည်။

လေပြင်း၏ တိုက်ခတ်မှုကြောင့် အဖြူရောင်လူရိပ်၏
ဆံနွယ်မျှင်များမှာ အထက်သို့ ပျံဝဲတက်နေသည်မှာ ရုတ်တ
ရက် မြင်ကွင်းကနဲတွေ့မြင်လိုက်ရသူအဖို့ လိပ်ပြာလွင့်မတတ်ထိတ်
လန့်သွားကြရမည်သာဖြစ်သည်။

ထိုလူရိပ်မှာ စနစ်တကျ တန်းစီစိုက်ပျိုးထားသော
ထင်းရှူးပင်တန်းများအောက်မှ တလှုပ်လှုပ်ဖြင့် ရွေ့လျားနေ
သည်။ လူရိပ်၏ ခန္ဓာကိုယ်အချိုးအစားမှာ ဖော့ဖယောင်းသ



www.burmeseclassic.com

www.burmeseclassic.com



ဖွယ် လွန်စွာပြေပြစ်ပျော့ပျောင်းလှပ၍ အရပ်က ငါးပေနှင့် ခြောက်လောက်ရှိသည်။

ထိုနောက် လူရိပ်မှာ ထင်းရှူးပင်များကုန်လွန်၍ ဥ ယျာဉ်၏ အပြင်ဘက်သို့ ထိုးထွက်ရောက်ရှိလာချိန်၌ လဝန်း ၏ အလင်းရောင်ကြောင့် ထိုလူရိပ်မှာ အသက်သုံးဆယ်ကျော် ခန့်ရှိသော အမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း တွေ့လိုက်ရ လေသည်။

သူမ၏ မျက်နှာမှာ လူသေကောင်မျက်နှာကဲ့သို့ စွတ် စွတ်ဖြူဖွေးနေပြီး မျက်လုံးများတွင် အရောင်စုံများ ခြယ်သထား ၍ နှုတ်ခမ်းပေါ်တွင် နှုတ်ခမ်းနီနီရဲရဲအား ထင်းနေအောင်ဆိုး ထားလေသည်။

အဝေးမှကြည့်လျှင် သွေးရည်များ စွန်းထင်းနေသည် ဟု ထင်မှတ်ရမည်။ သူမ၏ မျက်နှာမှာ သက်ဝင်လှုပ်ရှားမှု ရှိပဲ ဟန်မူယာကင်းမဲ့လွန်းသည်။ မျက်ဝန်းအစုံကမူ အရောင် များ တလက်လက် ပြိုးပြိုက်တောက်ပနေ၏။ ဤမျှ ညဉ့်နက် သန်းခေါင်အချိန်တွင် လူသေမျက်နှာနှင့်တူသော ဤလူမှာ





ည်သူဖြစ်ပါမည်နည်း။

ဧရဲပြည်မှလာသော တစ္ဆေသရဲများဖြစ်နေမည်လော။

* * *

မည်းနက်ချွန်မြွေနေသော လက်သည်းရှည်ကြီးများ ရှိနေသည့် လက်တစ်ဖက်က လက်တစ်ဆန့်ခန့်ရှိသော အလုံး သေးတစ်လုံးရှိနေသည့် အလွန်ပါးလွှာသေးမျှင်သော သံမဏိ နန်းကြိုးမျှင်လေးအား လေထဲ၌ တစ်ချက်နှစ်ချက် အားယူဝှေ့ ရမ်း၍ နှစ်ထပ်အိမ်ကြီးတစ်လုံး၏ အပေါ်ထပ် လက်ရန်းသို့ ဦးတည်ပစ်လွှတ်လိုက်သည်နှင့် အလုံးလေးမှာ မြွေတစ်ကောင် နှယ် လက်ရန်းတိုင်အား နှစ်ပတ်သုံးပတ်မျှ ရစ်ပတ်သွားခဲ့၏။

သူမက ဇင်းကြိုးမျှင်လေးအား တစ်ချက်ဆွဲကြည့်၍ စိတ်ချရတော့မှ ခိုတွဲ၍ အိမ်နံရံများအား ကန်ကျောက်၍ ပေါ့ ပါးလှပကျွမ်းကျင်စွာဖြင့် အပေါ်သို့ တက်သွားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"တုံ"

အုန်းမောင်းခေါက်သံတစ်ချက် ပျံ့လွင့်ထွက်ပေါ်လာ၏။ လူသန်ကြီးလေးယောက်၏ မျက်လုံးလေးစုံမှာ အရပ်လေးမျက်နှာဆီသို့ နေရာမလပ်မအောင် လှည့်ပတ်ရောက်ရှိနေသည်။

"အူး. . ဝူး. . ဝူး. . . "

လမ်းပေါ်ရှိ ခွေးလေခွေးလွင့်များ၏ ဆွဲဆွဲငင်ငင်အူလိုက်သံက လမ်းပေါ်တွင် ညဉ့်အချိန်၌ ကျင်လည်ကျက်စားလေ့ရှိသည့် မကောင်းဆိုးဝါးနာနာဘာဝ ပရလောကသားတို့အား တွေ့မြင်ရ၍ ထိတ်လန့်ဖွယ်အသံဖြင့် လူသားတို့ကြောက်ရွံ့စိတ်အား နှိုးဆွသတိပေးလိုက်သကဲ့သို့ရှိနေသည်။

ထိုစဉ် ပုပ်အက်အက် အသံဆိုးကြီးတစ်ခုက ညဉ့်လေပြင်းလေးနှင့်အတူ သူတို့ဆီသို့ ရောက်ရှိလာလေသည်။ လူသန်ကြီးတစ်ယောက်၏ မျက်နှာမှာ အနည်းငယ်ရှုံ့မဲ့သွားပြီး သူ့ဘေးနားရှိ အဖော်ဖြစ်သူအား လေသံတိုးတိုးလေးဖြင့်. . .။

"ဒီအပုပ်နံ့ကြီးက ဘယ်ကရောက်လာတာလဲမသိဘူး ဆိုးလိုက်တာကွာ၊ အရင်နေ့တွေက ဘာအပုပ်နံ့မှ မရပါဘူး"





"အကောင်ပလောင်တစ်ကောင်ကောင် သေနေလို့ ဖြစ်မှာပါ။ မနက်ကျမှ ခြုံထဲဆင်းပြီး ရှာကြည့်ကြတာပေါ့"

အချိန်အနည်းငယ် ကြာသည်အထိ ဘာထူးခြားချက်မှမရှိပဲ အရာရာမှာ ပကတိအတိုင်း အေးချမ်းတိတ်ဆိတ်ငြိမ်သက်နေ၏။

သူတို့လေးယောက်သည် သတိဝီရိယကြီးစွာထား၍ စောင့်ကြပ်နေရာမှ ခေါင်းထဲတွင် ရီဝေဝေကြီးဖြစ်လာပြီး ခန္ဓာကိုယ်အားအင်ပြည့်ဝလန်းဆန်းမှု မရှိတော့သလို လေးလံထိုင်းမှိုင်းလာခဲ့သည်။

သူတို့၏ ရင်ထဲတွင် တပြိုင်နက်တည်းလိုလို စိုးရိမ်ထန်လှုပ်ပူပင်ခြင်းများ တိုးဝှေ့ဝင်ရောက်လာပြီး ဦးခေါင်းအားခပ်ဆတ်ဆတ်ခါရမ်းပစ်လိုက်ကြသည်။

သို့သော် ဦးခေါင်းမှာ ကြည်လင်လာခြင်းမရှိသည့်အပြင် မျက်လုံးများက မှုံနောက်ပြာဝေလာခဲ့သည်။

"ဟင်. . ငါတို့ ဘယ်လိုဖြစ်. . . "

ရုတ်တရက် ဝဲဘက်၌ ရပ်နေသော မျက်ခုံးထူထူနှင့်



www.burmeseclassic.com

www.burmeseclassic.com



လူမှာ တစ်စုံတစ်ခုအား စဉ်းစာမိဟန်ဖြင့် သူ၏ခန္ဓာကိုယ်မှာ တစ်ချက်တုန်ယင်သွားပြီး. . . ။

"အ. . . ပုပ်. . . နံ့"

"ဟင်း. . . ဟင်း"

သူ၏ အထိတ်တလန့် ရေရွတ်လိုက်သံနှင့်အတူ မိန်းမတစ်ယောက်၏ လေသံသဲ့သဲ့မျှ ခပ်တိုးတိုး မျှင်မျှင်လေးရယ်မောသံတစ်ခု ထွက်ပေါ်လာခြင်းကြောင့် သူတို့ အသံလာရာဆီသို့ ဖျတ်ကနဲလှမ်းကြည့်လိုက်သောအခါ. . . ။

BURMESE CLASSIC

သူတို့၏ အသည်းနှလုံးများမှာ ရုတ်ချည်း အောက်သို့ နိမ့်ဆင်းကျသွားသလို ခံစားလိုက်ရသည်။

မိန်းမတစ်ယောက်. . . ။

လူသေမျက်နှာကြီးနဲ့ မိန်းမတစ်ယောက်သည် တိုးဝဲ ယဲ့ရယ်မောရင်း သူတို့ဆီသို့ တဖြည်းဖြည်း ရွေ့လျားလာနေသည်ကို တွေ့လိုက်ရသည်။

သူတို့လေးယောက်သည် ခေသူမဟုတ်။ ချက်ချင်းပင် သူတို့၏ ထိတ်လန့်လှုပ်ရှားနေသော စိတ်အား ကြိုးစားထိန်း





ချုပ်၍ သူမအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်မှပင် သူတို့၏ စိတ်အစဉ်မှာ ပို၍ ယောက်ယက်ခတ် ပူထူဆူပွက်သွားရသည်။

သူတို့၏ ခန္ဓာကိုယ်မှာ အားအင်ချိနဲ့ ကုန်ခမ်းမောပန်းနေသူတစ်ယောက်ကဲ့သို့ လှုပ်ရှား၍မရပဲ ခေါင်းထဲ၌လည်း မူး၍ ရီဝေမူးနောက်မှိုင်းဝေလာသည်။

ထို့ကြောင့် ယိမ်းခါတုန်ယင်နေသော သူတို့၏ ခန္ဓာကိုယ် ပျော့ခွေနွဲ့ကျမသွားစေရန် အတော်လေး အားယူကြိုးစား ထိန်းနေရ၏။

ထိုစဉ် သူမက သူတို့နှင့်မျက်နှာချင်းဆိုင်တွင် ရပ်တန့်၍ သူ၏ ကြောက်မက်ဖွယ် လက်သည်းရှည်များရှိသည့် လက်ချောင်းအား လေထဲသို့ ဖြည်းညှင်းစွာ မြှောက်တင်ရင်း လက်ညှိုးထိုးကာ. . . ။

"ခွင့်လွှတ်ပါ၊ နင်တို့ကို ငါမသတ်လို့ မရတော့ဘူးနင်တို့ရဲ့ ဝိညာဉ်ကို ငါနုတ်ယူရလိမ့်မယ်"

ဟူသော တိုးသဲ့သဲ့ စကားသံနှင့်အတူ. . . ။

"ရွှတ်. . ရွှတ်"

www.burmeseclassic.com

www.burmeseclassic.com



"အွတ်"

"အင့်"

သူတို့၏ လည်ပင်းများ၌ ပြတ်ရှရာတစ်ခုစီ ဖြစ်ပေါ်လာပြီး သွေးများယိုစိမ့်ထွက်လာကာ အသံပင်မထွက်နိုင်ပဲ လဲကျသေဆုံးသွားလေတော့သည်။

BURMESE CLASSIC

## အခန်း - ၁၀

### ဝိဉာဉ်ခြေပွဲ

"အား"

ဦးဩဇာ ထိတ်လန့်တကြား အော်ဟစ်၍ အိပ်ယာမှ လန့်နိုးလာခဲ့သည်။ သူ၏ တစ်ကိုယ်လုံးမှာလည်း ချွေးစေးများ ဖြင့် စို့ရွဲနေ၏။

"ဘုရား . . ဘုရား . . ဘယ်လိုအိပ်မက်ကြီးပါလဲ၊ မ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်တာ"

ဟူ၍ နှလုံးခုန်မပြယ်သေးသော ပင်ပန်းနွမ်းနယ်မော ဟိုက်နေသော လေသံသဲ့သဲ့ဖြင့် ခပ်တိုးတိုး ရေရွတ်ညည်းတွား လိုက်မိလေသည်။

အိပ်မက်ထဲတွင် သွေးသံရဲရဲဖြင့် လွန်စွာဆာလောင် မွတ်သိပ်နေဟန်ရှိသော မကောင်းဆိုးဝါး၊ နာနာဘာဝကောင် များ၏ အလယ်တွင် သူရောက်ရှိနေကာ သူ့အား သတ်ဖြတ် စားသောက်ကြမည့်ဟန်ဖြင့် တရွေ့ရွေ့ တိုးကပ်လာနေကြ၏။

သူ၏ နှလုံးသားများ ကွဲအက်ကြေပျက်သွားမတတ် ထိတ်လန့်စွာဖြင့် အော်ဟစ်အကူအညီတောင်းလိုက်ပါသော် လည်း သူ၏အသံမှာ လည်ချောင်းဝ၌ တစ်ဆို့ပျောက်ကွယ် လျက် တစ်စိုးတစ်စိမျှ ထွက်ပေါ်လာခြင်းမရှိပေ။

ကိုယ့်ကိုယ်ကို အားမလိုအားမရဖြင့် အတင်းကြုံးရုန်း အော်ဟစ်သည့်တိုင် အသံက ထွက်ပေါ်လာခြင်းမရှိပါ။ သူတစ် ယောက်တည်း အခုကဲ့သို့ ဘေးကျပ်နံကျပ်ဖြင့် ထွက်ပေါက် မဲ့ ဒုက္ခရောက်နေစဉ် ဘယ်ကဘယ်လို ရောက်ရှိလာသည်မသိ



သော အနက်ရောင်တောက်တောက် ဝတ်စုံနက်ကြီးအား ဝတ် ဆင်ထားကြသည့် အင်မတန်ကြီးမားသော လူအကြီးကြီးနှစ် ယောက်က သူ့အား တွန်းလှည်းကြီးပေါ်သို့ ချီမတင်ကာ အ နက်ရောင်ပိတ်စပါးလေးတစ်ထည်အား သူ၏ခန္ဓာကိုယ်တွင် လွှမ်းခြုံပေးသည်။

သူသည် အတင်းအကြပ် ဘာမှလှုပ်ရှားရုန်းကြွခြင်း မျိုးမရှိပဲ အသာငြိမ်နေလိုက်၏။ အဓိကက သူ့ . . ဒီမကောင်း ဆိုးဝါးများ၏ လက်ထဲမှ လံတ်တလော လွတ်မြောက်ရန်အ တွက်ဖြစ်သည်။

ထူးဆန်းသည်မှာ ထိုလူနှစ်ယောက်အား မြင်သည်နှင့် ဆာစောတုန်းက ဆာလောင်မွတ်သိပ်နေဟန်အပြည့်နဲ့ အော် ဟစ်ညည်းညူနေသော မကောင်းဆိုးဝါးကောင်များမှာ မီးကို ရေနှင့်ငြိမ်းလိုက်သကဲ့သို့ ငြိမ်သက်သွားပြီး ဘေးတစ်ဖက်သို့ ရှိသွားကြသည်။ ထိုနောက် ယင်းလူထူးလူဆန်းကြီးနှစ်ယောက် က သူတို့အား တွန်းလှည်းကြီးဖြင့် မည်သည့်နေရာသို့ခေါ် ဆောင်သွားမှန်း မသိချေ။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဦးဩဇာတစ်ယောက် သူ၏ အိပ်မက်အကြောင်းအား ပြန်လည်စဉ်းစားတွေးတောရင်း ကြက်သီးများ တဖြန်းဖြန်းထကာ ခန္ဓာကိုယ်တစ်ခုလုံးရှိ သွေးများပူထူအုံ့နွေးဆူပွက်လာလေသည်။

* * *

လူရိပ်တစ်ခု ဦးဩဇာ၏ အုတ်တံတိုင်းခတ်ထားသော ခြံဝင်းအနောက်ဘက်သို့ လျှင်မြန်ပေါ့ပါးစွာဖြင့် ချဉ်းကပ်လာခဲ့သည်။

ထိုလူက တခြားသူမဟုတ်။ အာကာပင် ဖြစ်သည်။ အာကာ . . အုတ်တံတိုင်းဘေးတွင် ကပ်လျက်ပေါက်နေသော သရက်ပင်ကြီးမှတစ်ဆင့် အုတ်တံတိုင်းပေါ်သို့ ရောက်ရှိသွားပြီး လရောင်အောက်၌ ငြိမ်သက်တိတ်ဆိတ်နေသော ဦးဩဇာ၏ ခြံဝန်းကျယ်ကျယ်အား တစ်ချက်ဝေ့ဝဲအကဲခတ်ကြည့်ရှုလေလာ၍ ပေါ့ပါးသွက်လက်စွာပင် အောက်သို့ခုန်ဆင်းကာ အ



မှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

* * *

ဦးဩဇာ ခေါင်းတစ်ချက် ခပ်ပြင်းပြင်းခါရမ်း၍ စားပွဲပေါ်တင်ထားသော ရေဖလားဆီသို့ လှမ်း၍ကြည့်လိုက်မိသည်။ ရုတ်ချင်းပင် ရေသောက်ချင်စိတ်များ ပြင်းပျစွာ ဖြစ်ပေါ်လာပြီး ကိုယ်ပေါ်မှ ဂွမ်းစောင်လေးအား ဖယ်ရှား၍ ကုတင်ပေါ်သို့ လက်တစ်ဖက် အားထောက်ပြုရင်း မတ်တတ်ရပ်ရန် ဟန်ပြင်လိုက်မိသည်။

ရုတ်တရက် သူ၏လက်မှာ အေးစက်ကျိချွဲပျစ်နေခဲ့သော အရည်များပေါ်သို့ လက်ထောက်မိလိုက်သဖြင့် သူ၏ ရင်ဘတ်ထဲ၌ တစ်ချက် အေးစက်ကျဉ်တက်သွားကာ သူ၏လက်အား ဖျတ်ကနဲပြန်လည်သိမ်း၍ ကြည့်မိလိုက်ရာ သွေးရည်များ စေးကပ်ပေကျံနေခြင်းအား တွေ့မြင်လိုက်ရသည်နှင့် ဖြန့်သွားဟန်ဖြင့် သူ၏ ဘေးတွင် အိပ်မောကျနေသော ဇနီးဖြစ်သူအား ထိတ်ထိတ်ပျာပျာဖြင့် လှမ်းကြည့်လိုက်ရာ သူ့မျက်နှာပေါ်တွင် မယုံကြည်နိုင်လောက်အောင် ထိတ်လန့်

www.burmeseclassic.com



တုန်လှုပ်သော အရိပ်အယောင်များ ပျံ့သီလာလေသည်။

"မေ . . မေ . . ဘယ်လိုဖြစ်ရ . . တာ . . လဲကွာ"

ဟူ၍ အေးစက်တောင့်တင်းနေသော သူမ၏ ခန္ဓာကိုယ်အား ဆွဲယူပွေ့ဖက်ထားလိုက်ပြီး ကွဲအက်ခြောက်သွေ့ တုန်ခါနေသော လေသံသဲ့သဲ့ဖြင့် ကြေကွဲစွာပင် နင့်နင့်သီးသီး နဲ့ ကယောင်ခြောက်ချား ရေရွတ်လိုက်မိသည်။

သူ၏ ဦးနှောက်တစ်ခုလုံးမှာလည်း ချက်ချင်းဆွဲဆုတ် ခြေမွပျက်စီးသွားသည့်နှယ် ဟာလာဟင်းလင်းကြီးဖြစ်သွား လေသည်။ သူမက လည်ပင်းတွင် စူးနစ်နက်ရှိုင်းသော ဓား ပေါက်ရာနှစ်ခုဖြင့် မည်သည့်အချိန်ကတည်းက သေဆုံးသွား သည်မသိခဲ့ရချေ။

ရုတ်တရက် ပူထူအုံ့မှိုင်းနေသော သူ၏ ဦးနှောက်အ တွင်း၌ အလင်းရောင်တစ်ခု ဖျတ်ကနဲ ဝင်းလက်ပြီးပြက်သွား ချိန်တွင် သူ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ချက်ချင်းအေးစက်ပြီး တောင့်တင်းထုံကျဉ်သွားခဲ့ရသည်။

"ဗလ . . အောင်နက် . . ထင် . . ပေါ် . . ကျော်ထွေး"





သူ . . တုန်လှုပ်ခြင်းကြီးစွာဖြင့် တစ်ယောက်ချင်းစီ၏ ည်အား အငမ်းမရ ရေရွတ်အော်ခေါ်လိုက်၏။

သို့သော် သူတို့လေးယောက်စလုံး တုံ့ပြန်သံအား ချက် ပြန်၍မကြားရသည်နှင့် သူ့တပည့်များ၏ အခြေအနေအား ာင်းစွာ သဘောပေါက်နားလည်လိုက်မိသည်။

ထိုစဉ် . . .။

"ကျွီ"

စိတ်ခြောက်ချားဖွယ် မြည်သံရှည်ကြီးနှင့်အတူ တံခါး ချပ်မှာ ဖြည်းညှင်းစွာ ပွင့်ဟသွားပြီး ထိုအသံကြီးကြောင့် သူ၏ရင်ထဲသို့ ကြောက်စိတ်တစ်မျိုး ခုန်ဝင်လာကာ ကျော ဝင် စိမ့်ဝင်သွားလေသည်။

ထိုနောက် ပွင့်သွားသော တံခါးနှင့်အတူ တံခါးဝ၌ တရက် ပြန်းကနဲတွေ့မြင်လိုက်ရသော လူသေမျက်နှာဖြင့် ကြောင့် သူ၏နှလုံးသားမှာ ချက်ချင်းသေဆုံးသွားသလို ကနဲ ငြိမ်သက်သွားပြီး သူမအား မယုံကြည်နိုင်သော မျက် များဖြင့် ငြိမ်သက်တွေဝေစွာ ငေးစိုက်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ထံသို့ တရွေ့ရွေ့ချဉ်းကပ်လာနေသည် ရုတ်တရက် သူ၏ စူးရှထက်မြက်သော မျက်လုံးများက သူ ကိုယ်ပေါ်မှ တစ်စုံတစ်ခုသော ထူးခြားချက်အား သတိပြု ဟန်ဖြင့် ခေါင်းသွင်သွင်ခါရမ်းလျက်. . .။

"မဟုတ်ဘူး၊ မင်း. . မင်းက ယမင်းမဟုတ်ဘူး၊ မင် ဘယ်သူလဲ၊ ငါ့ကို လိမ်ညာလှည့်ဖျားလို့ မရဘူး"

သူ၏ ပြာအက်အက် အသံဖြင့် အလန့်တကြား ေ ရွတ်ညည်းတွားလိုက်သံကြောင့် သူမ၏ မျက်လုံးများမှာ ပို၍ စူးရှစိမ်းလက်သွားပြီး ခြေလှမ်းများ တုန့်ကနဲရပ်တန့်သွားခြင် နှင့်အတူ သူမ၏ ညာဘက်လက်မှာ ဆတ်ကနဲတစ်ချက် ဆ တန်းလှုပ်လိုက်သည်နှင့်. . .။

"ဝှစ်"

"အင့်"

ဦးသြဇာထင်မှတ်မထားသော လျှပ်တပြက် သူမ လှုပ်ရှားမှုကြောင့် သူပျာပျာသလဲ ရှောင်တိမ်းရန် ကြံရွယ်တ ပြင်လိုက်သည့်တိုင် သူ၏ ရင်ခွင်ထဲ၌ ဇနီးဖြစ်သူအား ထွေ





ထားမိသည့်အတွက် သူ၏လှုပ်ရှားမှုမှာ လွန်စွာနှေးကွေး လုံနေ၏။ အလွန်အေးစက်သေးမျှင်သော အရာတစ်ခုက သူ၏ လည်ပင်းအား တင်းကြပ်စွာဖြင့် လာရောက်ရစ်ပတ် သည်ကို ခံစားလိုက်ရသည်။

"အစ်. . . အစ်"

သူ. . ချက်ချင်းပင် အသက်ရှူရ မွန်းကြပ်နာကျင် ောင်ပိတ်သွားခဲ့သည်။ သူအလွန်အမင်း သွေးပျက်ခြောက် ားစွာဖြင့် သူ၏ လည်ပင်းသားထဲသို့ နစ်ဝင်မတတ် ရစ်ပတ် ားသော အလွန်ပါးလွှာသေးမျှင်သော နန်းကြိုးမျှင်ပြောင် တ်လက်ကလေးအား သွေးရူးသွေးတန်း အတင်းလိုက်ဆွဲ တ်သော်လည်း ကြိုးမျှင်လေးမှာ လည်ပင်းသားနှင့်ခပ်တင်း ည်း ဖိကပ်နေသဖြင့် လုံးဝယူ၍မရချေ။ သူအသံကုန်အော် စ်၍ အကူအညီတောင်းလိုသော်လည်း လည်ပင်းထက်မှ ပြင်းရှရှ ပူလောင်စပ်ဖျဉ်းနာကျင်နေရသည့် ဝေဒနာတစ် ကြောင့် အသံပင်မထွက်နိုင်ပဲ တအီးအီးဖြစ်နေခဲ့သည်။

မချိမဆန့် နာကျင်ပြင်းရှသော ဝေဒနာကြောင့် ရှုံ့မဲ့



www.burmeseclassic.com

www.burmeseclassic.com



တွန့်လိမ်နေသော သူ၏ မျက်နှာအား မျက်လုည့်ပြပွဲတစ်ခု အား ကြည့်နေသည့်အလား သွေးအေးစိမ်းသက် ခါးသီးသော မျက်လုံးများဖြင့် စိတ်ဝင်တစား အရသာရှိရှိ မြိန်ရှက်စွာဖြင့် ထိုင်ခုံတစ်လုံးအား ယူ၍ အေးဆေးသက်သာစွာ ထိုင်ကာ စောင့်ကြည့်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မက ရှင့်ရဲ့ ယမင်းမဟုတ်ဘူး၊ ရှင့်ရဲ့ သေမင်းပါ. . ဟင်း. . ဟင်း၊ အခုချိန်ကစပြီး ကျွန်မရင်ထဲ က ရှင့်အပေါ် အနှစ်နှစ်အလလက ပုပ်အက်ဆွေးမြေ့နေပြီ ဖြစ်တဲ့ အမုန်းတရား၊ နာကျည်းခြင်းဝေဒနာတွေကို လျော့ သက်သာမှုရအောင် ရှင့်ရဲ့ မသေဆုံးမီ အချိန်လေးမှာ အေး ပျက်နာကျင် ထိတ်လန့်နေတဲ့ မျက်နှာကို တစိမ့်စိမ့် အရသာ ရှိရှိ စောင့်ကြည့်ရင်း ကျွန်မရင်ဘတ်တစ်ခုလုံးနဲ့ မဆန့်အောင် ပြည့်သိပ်နေတဲ့ ဝေဒနာတွေကို ဒီနည်းနဲ့ ကုစားရမယ်ရှင့်"

အေးခဲသော အသံဖြင့် တစ်လုံးချင်း ခပ်ဖြည်းဖြည်း ညည်းညူရေရွတ်လိုက်၏။

သူ. . သူမအား တစ္ဆေတစ်ကောင်ကဲ့သို့ တုန်လှုပ်ခြ





ကြီးစွာဖြင့်ကြည့်ရင်း ရင်ထဲမှ ပြင်းပြင်းပျပျ မေးချင်သော စ ကားလုံးများက ပြင်းထန်စွာ ခုန်ပေါက်ရုန်းကြွလျက် ယင်းမေး ခွန်းများက သူ၏ မျက်လုံးများထဲ၌ပင် ပေါ်လွင်ထင်ဟပ်လာ ခဲ့သည်။

ဒါကို သူမက ပါးနပ်စွာ သိမြင်သွားဟန်ဖြင့် နာကျင် ခြင်းခါးသက်စွာ ပြုံး၍ ညာဘက်လက်တွင် ရစ်ပတ်ကာ ခပ် တင်းတင်း ဆွဲထားသော ကြိုးစအား ဘယ်ဘက်လက်ညှိုးဖြင့် ကြိုးတပ်တူရိယာစ်ခုပမာ တစ်ချက်တီးခတ်လိုက်၏။

"အ. . ."

"ကျွန်မဘယ်သူလဲဆိုတာ ရှင်အရမ်းသိချင်နေတယ် ဟုတ်လား၊ ရှင့်ကိုဘာကြောင့် ဒီလောက်အထိ ခါးခါးသီးသီး နဲ့ အော်ကလီဆန်အောင် ငြိုးမျက်မုန်းတီးနေသလဲဆိုတာ သိ ချင်တယ်မဟုတ်လား၊ ကောင်းပြီ၊ ကျွန်မပြောပြမယ်၊ အဲဒါဟာ သခါနီးလူရဲ့ နောက်ဆုံး ဆန္ဒကို ဖြည့်ဆည်းပေးခြင်းမျိုးပဲ၊ ရှင်မှတ်မိဦးမလားမသိဘူး၊ တစ်ချိန်က ရှင်တို့ကြောင့် ကံဆိုး မိုးမှောင်ကျခဲ့ရတဲ့ ဦးကောင်းမြတ်နှင့်ဒေါ်ချယ်ရီဆိုတဲ့ သင်မ



www.burmeseclassic.com

www.burmeseclassic.com



ယားနှစ်ယောက်ကို ရှင်မှတ်မိဦးမလား”

သူမက ပြောရင်း သူ့ဆီသို့ တစ်လှမ်းချင်း တိုးကပ် သွားကာ ကြိုးမှာ ပျော့အိကျလာခဲ့သောကြောင့် အသည်းကြေ ပျက်မတတ် နာကျင်မှု အနည်းငယ်သက်သာမှုရရှိသွားပြီး အ လွန်တုန်ယင်တိုးဖျော့လွန်းသော စကားသံအချို့က သူ၏နှုတ် ဖျားမှ အတော်လေး အားယူ၍ ထွက်ပေါ်လာခဲ့သည်။

“မင်း. . . မင်း. . ဘယ်သူလဲ”

သူမက သူနှင့်လက်တစ်ကမ်းခန့်အကွာတွင် ရပ်တန့် လိုက်ပြီး. . . ။

“ကျွန်မ. . ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူးရှင် ကျွန်မ. . ရှင်နဲ့ အပေးအယူတစ်ခု လုပ်ချင်တယ်”

သူ၏ မျက်လုံးများမှာ ချက်ချင်း ပြူးပြက်တောက် သွားပြီး ကြိုးစမှာ သူ၏ အသားထဲသို့ စူးနစ်စိမ့်ဝင်နေပြီဖြစ် ၍ သွေးအချို့ယိုစိမ့်ကျနေခြင်းကို လက်ချောင်းများဖြင့် တင် ချက်ပွတ်သပ်သုတ်လိုက်၏။

“ဘာ. . ဘာအပေးအယူလုပ်မှာလဲ”





သူမက ကြိုးအား အနည်းငယ် လျှော့ချပေးလိုက်ပြန် လေသည်။

“ရှင့်အတွက် ဘာမှ သိပ်မခဲယဉ်းတဲ့ အပေးအယူပါ။ ခင်းခေါင်ဘယ်မှာလဲဆိုတာ ကျွန်မကို ပြောပြပါ၊ ဒါဆို ရှင့်အ သက်ကို ကျွန်မချမ်းသာပေးလိုက်မယ်”

ဦးသြဇာက သူမအား မယုံကြည်နိုင်ခြင်း ကြီးစွာဖြင့် မော့ကြည့်လိုက်ကာ. . . ။

“မင်း. . မင်းတကယ်ပြောတာလား”

“တကယ်ပြောတာရှင့်၊ ဘာလဲ. . ရှင်မယုံကြည်ဘူး လား၊ ဒါဆိုရင်လည်း ရပါတယ်၊ ကျွန်မအတွက် အဲဒီကိစ္စက သိပ်အပမ်းမကြီးပါဘူး၊ ရှင်တို့ရှိတဲ့ နေရာမျိုးကိုတောင် ကျွန်မ က ရအောင်အနံ့ခံလိုက်နိုင်သေးတာပဲမဟုတ်လား၊ ရှင်မပြော ချင်လည်း ရပါတယ်”

“မ. . မဟုတ်ပါဘူး၊ ကျုပ်ပြောပြမှာပါ၊ မင်းပေးထား တဲ့ ကတိသာ တည်ပါစေ”

“အို. . စိတ်သာချစမ်းပါရှင်”



www.burmeseclassic.com

www.burmeseclassic.com



"....."

"အား..."

သူ၏ စကားသံဆုံးသည်နှင့် သူမက ကြိုးစအား ခ
ပြင်းပြင်း ဆွဲဆောင့်ပစ်လိုက်သဖြင့် သွေးများ ပို၍တစိမ့်စိမ့်
ထွက်လာပြီး နာကျင်မှုကြောင့် မျက်နှာတစ်ခုလုံး ရှုံ့မဲ့တွန့်လိ
ကာ အသားများပင် တဆတ်ဆတ် တုန်ယင်နေ၏။

ဦးသြဇာ အသည်းခိုက်ခိုက်တုန်အောင် နာကျင်မှ
ကြောင့် အံတင်းတင်းကြိတ်လျက် သူမအား ဒေါသအခိုးအငွေ
များ ပြည့်နှက်နေသော မျက်လုံးနီနီရဲရဲများဖြင့် စူးစူးရဲရဲစို
ကြည့်နေသည်။

သူကြည့်နေစဉ်မှာပင် သူမ၏ နှုတ်ခမ်းများ ကော
ကျစ်စဉ်းလဲစွာ တစ်ချက်ကွေးညွှတ်သွားပြီး...။

"ဘာလဲ၊ ရှင်က ကျွန်မကို ဒေါသထွက်နေတာလ
သေချာလည်း စဉ်းစားကြည့်ပါဦး၊ ရှင့်လိုလူမျိုးနဲ့ ကတိသ
ဆိုတဲ့ စကားလုံးနဲ့တောင် တန်ရဲ့လားဆိုတာကို၊ ဟင်း..
ဟင်း.. ရှင်က ဦးနှောက်မရှိပေမယ့် ကျွန်မကတော့ စဉ်း





င်ခြင်နိုင်စွမ်း အပြည့်ရှိတယ်ရှင့်၊ တကယ်လို့ ကျွန်မက ရှင့်
သက်ကို ချမ်းသာပေးလိုက်မယ်ဆိုရင် ကျားသေကို အသက်
င်းပေးသလို ဖြစ်နေမှာပေါ့၊ ရှင်က ကြိမ်းသေပေါက် ကျွန်မ
ို ပြန်ဒုက္ခပေးမှာပဲ၊ ဟား.. ဟား.. ရှင်က ခွေးလောက်
ာင် အသိဉာဏ်မရှိတဲ့လူပဲ၊ မှတ်ထား.. ကျွန်မအသက်
တာတောင် ရှင်တို့ကို လုံးဝခွင့်မလွှတ်ဘူး"

သူမက လှောင်ပြောင်သရော်ဟန် အပြည့်ဖြင့် ဟား
ိုက်ရယ်မောလိုက်ရင်း သူ့မှသေဆုံးမီ သူ၏စိတ်များ ပူပြင်း
ာင်မြိုက်အောင် မခံချိမခံသာဖြင့် ဒေါသများ တောက်
ာင်ထကြွအောင် နှိုးဆွမီးမြိုက်ပေးလိုက်ခြင်းသာဖြစ်သည်။

ကျွန်မ.. ဒီလောက်တော့ သူတို့အပေါ် ရက်စက်သင့်
ည်ဟု ထင်သည်။ ကျွန်မ၏ အင်မတန်နုဖတ်ကြွရွှဖူးသစ်
ည့် နှလုံးသားနုနုအား မုန်းတီးစက်ဆုပ်နာကျည်းစိတ်တို့ဖြင့်
သိပ်စွာ မီးလောင်တိုက်သွင်းခဲ့သော သူတို့အား ဒီလောက်
ာ့ ပြန်၍ ကလဲ့စားချေသင့်သည်။

ဒါတောင် ကျွန်မရင်ထဲတွင် ငါးနှစ်ကျော်ခံစားလောင်



www.burmeseclassic.com

www.burmeseclassic.com



မြိုက်ခဲ့ရသော ဝေဒနာမှာ သူအခု ခံစားနေရသော ဝေဒနာနှင့် နှိုင်းယှဉ်လျှင် များစွာပေါ့လျော့နိမ့်လွန်းသည်ဟု အားမလိုအားမရဖြစ်နေမိသည်။

ကျွန်မ၏ နှုတ်ခမ်းပေါ်တွင်လည်း ရိသဲ့သဲ့ ထိမထင် အပြုံးလေးတပ်ဆင်ထားလိုက်သည်။ ကျွန်မ၏ တိုက်စစ်မှာ ထိရောက်ပြင်းထန်လှသည်။ သူ၏ မျက်နှာကြီးမှာ ချက်ချင်း ပေါက်ကွဲထွက်တော့မည့် မီးတောင်ကြီးတစ်ခုပမာ နီရဲဆူ တက်နေပြီး လည်ပင်းကြောများ မေးကြောများပင် ဖောင်းကြွ ထောင်တက်လာသည်ကို ကျွန်မအသေအချာ တွေ့နေရသည် လေ။

အကယ်၍များ သူ၏ ကြမ်းရှပြင်းထန်စူးရှလှသော မျက်လုံးများကသာ လူတစ်ယောက်အသက်ကို ခြွေနှုတ်ပစ်နိုင် သည်ဆိုလျှင် ကျွန်မမှာ ဒီနေရာ၌ပင် ချက်ချင်းအသားတုံးအ သားတစ်များအဖြစ် တစစီ လွင့်မျံစုတ်ပျက်ထွက်သွားမည်သာ ဖြစ်သည်။

ဦးဩဇာတစ်ယောက် သူမွေးလျှင် သူ့သမီးသာသာ





လောက်သာရှိမည့် မိန်းမတစ်ယောက်က သူ့အား ခွေးတစ် ကောင်ကဲ့သို့ မထီလေးစား ပြောဆိုဆက်ဆံနေခြင်းကြောင့် ခန္ဓာကိုယ်တစ်ခုလုံး သွေးများ ပွက်ပွက်ဆူလာကာ ဒေါသတ ရားများက လှိုင်းတံပိုးကြီးများသဖွယ် သူ၏ရင်ဘတ်ထဲ၌ ပြင်း ထန်စွာ ထိပုတ်ရိုက်ခတ်နေသည့်အတွက် ဒေါသများ နင့်သီး ဆတ်တတ်ပင် ဖြစ်နေသည်။

နောက်ဆုံး ၎င်းဒေါသများ လွင့်စင်ပေါက်ကွဲလွတ် ထွက်သွားရာ မျက်လုံးထဲတွင် ဘာမှမမြင်နိုင်တော့ပဲ သူမအား တစ်စစီဖွဲ့ခြွေပစ်ချင်ဇောဖြင့် သူမရှိရာသို့ ဖြန်းကနဲ ပြေးဝင် သွားခဲ့သည်။ သူမက သူ့ထက်ပို၍ ပါးနပ်လျှင်မြန်ကျွမ်းကျင် စွာဖြင့် ခပ်ဝေးဝေးသို့ ဦးစွာလှည့်ပတ်ပြေးသွားရာ သူ၏ကိုယ် အား ဟန်ချက်ညီအောင် မထိန်းနိုင်တော့ပဲ. . .။

"ဝုန်း"

"ခစ်. . . ခစ်"

သူ၏ ခန္ဓာကိုယ်မှာ ပစ်လဲချော်ကျသွားသဖြင့် ကြမ်းစ ပြင် အသားထဲသို့ ခပ်နက်နက် နစ်ဝင်သွားသဖြင့် သွေးများမှာ



www.burmeseclassic.com

www.burmeseclassic.com



မြင်မကောင်းနိုင်လောက်အောင်ပင် ဖြာဆင်းကျလာသည်။ သူမက သဘောကျသွားဟန်ဖြင့် ခေါင်းမော့ရယ်မောလိုက်၏။

ထို့ပြင် သူမက ကြိုးအား နောက်သို့ ဆွဲဆောင့်လိုက်သည်နှင့်ကြိုးမျှင်ပါးပါးလေးမှာ ပြတ်တောက်သွားတော့မတတ် တင်းမာသွားလေသည်။

"အစ် . . အစ် . . အစ်"

ဝက်များကဲ့သို့ တအစ်အစ်အသံကြီးသာ ထွက်လာပြီး အသက်ရှူရ အလွန်မွန်းကြပ်နေဟန်ဖြင့် မျက်လုံးကြီးများ ပြူးထွက်လာကာ ကြမ်းပြင်ထက်၌ လူးလိမ့်ရင်း ခြေလက်ကြောများပင် ဆတ်ကနဲ၊ ဆတ်ကနဲဖြစ်နေသည်ကို တွေ့ရသည်။

သူမက အလွန်ကျေနပ်ပျော်ရွှင် နှစ်ခြိုက်စွာဖြင့် ရယ်မောရင် ကြိုးစအား ထပ်မံ၍ တင်းလိုက်ချိန်၌ . . .။

"ဝေါ့ . . ဝေါ့"

ဦးသြဇာ၏ ပါးစပ်မှ သွေးနီရည်များ နှစ်ချက်သုံးချက်မျှ အန်ထုတ်၍ ဦးခေါင်းမှာ ချာကနဲလှည့်ဆင်းကျသွားလေ၏။

× × ×



အခန်း - ၁၁

တရားခံဘယ်သူလဲ

အာကာ . . ဖြုန်းကနဲ တွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့် သူ၏ရင်ထဲ၌ ထိတ်ကနဲဖြစ်သွားပြီး မားပေါက်လေး ကြောင့် ပစ်ခတ်ဟန့်တားရန် ဟန်ပြင်လိုက်သော်လည်း များစွာ နောက်ကျသွားခဲ့ပြီဖြစ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့် သူလက်အား အသာလေးပြန်ရုပ်သိမ်း၍



www.burmeseclassic.com

www.burmeseclassic.com



လူသတ်သမားအား အမိသေချာပိုင်နိုင်စွာ ဖမ်းနိုင်ရန် သူ့အတွက် အမြန်ပုန်းခိုနိုင်ရန် နေရာတစ်နေရာအား အလောတကြီး လှည့်ပတ်ရှာဖွေကြည့်လိုက်ပြီး အလောင်းတစ်လောင်းအား ကျော်ခွ၍ ပြတင်းတံခါးရှိရာသို့ လျှင်မြန်စွာ ချဉ်းကပ်သွားပြီး တံခါးဘောင်တန်းများမှတစ်ဆင့် အပေါ်ဘက်ထုတ်တန်းတစ်ခုပေါ်သို့ ဖက်တွယ်တက်လိုက်၏။

ထိုနောက် အပေါ်စီးမှနေ၍ လူသတ်သမား၏ အခြေအနေအား အကဲခတ်စောင့်ကြည့်နေလိုက်သည်။ လူသတ်သမားမှာ သူ့ထက် တစ်ကွက်ပိုကျော့နေကာ ကြောက်မက်ဖွယ်ကောင်းသော ရန်သူတစ်ယောက်ဖြစ်ကြောင်း နားလည်လိုက်မိသည်။

သူမက အေးစက်စက်ဟန်မူယာဖြင့် ကြိုး၌ ပေကျံနေသော သွေးများအား ကြာပွတ်တစ်ချောင်းကဲ့သို့ လေထဲ၌ ရွှမ်းကနဲမြည်အောင်ရိုက်၍ ကြိုး၌ပေနေသော သွေးစများကို လွှင့်စင်ခါထုတ်ပစ်လိုက်ပြီး ကြိုးမျှင်လေးအား ရစ်လုံးသဖွယ် သူ၏ ညာဘက်လက်၌ ရစ်ပတ်သိမ်းဆည်းထားလိုက်ကာ ညင်





သာပေါ့ပါးသော ခြေလှမ်းဖြင့် တံခါးပေါက်ရှိရာ မျက်နှာမူ၍ လှည့်ထွက်လာခဲ့သည်။

"နှင်း. . . ဆီ"

နှင်းဆီဆိုသော စကားလုံးနှစ်လုံးက သူ၏နှုတ်ဖျားမှ လွင့်စင်ထွက်သွားမတတ် ဖြစ်သွားခဲ့ရသည်။ လူသေမျက်နှာနှင့်တူသော မိန်းမ၏ မျက်ဝန်းတစ်စုံမှာ သူ့ကိုယ်သူ နှင်းဆီဟု ပြောသွားခဲ့သော အရူးမလေး၏ မျက်ဝန်းများနှင့်တစ်ထေရာတည်း တူနေသည်မဟုတ်ပါလော။

ထိုမျက်ဝန်းများအား တွေ့မြင်လိုက်ရသည်နှင့် သူ၏ရင်ထဲ၌ အမျိုးအမည်မသိသော ခံစားချက်တစ်မျိုးက စီးဖြာသွားခဲ့လေသည်။ ဘာကြောင့်လဲဆိုတာကို သူ့ကိုယ်သူပင် နားလည်နိုင်အောင် ဖြစ်သွားခဲ့သည်။

ဇင်းလူသတ်မှုများ၏ နောက်ကွယ်တွင် သူထင်ထားသည်ထက်ပင် ပို၍ စိတ်ဝင်စားဖွယ် မြုပ်ကွက်များစွာ ပါဝင်နေပြီဆိုတာကို သူရိပ်စားမိလိုက်သည်။ ထို့ကြောင့် သူ၏ ပထမအကြံအစည်အား ဖျက်သိမ်း၍ အသာငြိမ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက အပြင်ဘက်ရှိ အလောင်းလေးလောင်းအား တစ်စက်ကလေးမျှပင် ငဲ့စောင်းမကြည့်ပဲ သွေးအေးတိတ်ဆိတ်စွာဖြင့် ဖြတ်ကျော်သွားလေတော့သည်။

!

## အခန်း— ၁၂

### လျှို့ဝှက်ချက်

အာကာ . . သူမနောက်မှ ထပ်ကြပ်မကွာ နောက်ဆောင်ခံလိုက်ပါလာသည်။ သူမက ရွာနှစ်ရွာကြား၌ လူများ …စ်ထားသော သင်္ချိုင်းပျက်ရှိရာသို့ ဦးတည်သွားနေခြင်း …ကြောင်း နောက်မှကောင်းစွာ သတိပြုမိလိုက်၏။

သူ့ရှေ့မှ လျှင်မြန်ဖျတ်လတ်စွာဖြင့် လှုပ်ရှားသွားလာ



www.burmeseclassic.com

www.burmeseclassic.com



နေသော သူမနောက်မှ မပေါ့ဆဝံ့ပဲ သတိအပြည့်ဖြင့် ဆက်လိုက်လာခဲ့သည်။ နောက်. . သူမက သချိုင်းပျက်ကြီးအား ကြောက်ရွံ့ တုန်လှုပ်ခြင်းကင်းစွာဖြင့် ကျော်ဖြတ်လိုက်ပြီး သစ်ပင်ခြုံနွယ်များဖြင့် ရှုပ်ထွေးနေသော အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားသည်။

ထိုသချိုင်းပျက်နား၌ ကျက်စားနေသော ခွေးလေခွေးလွင့်နှစ်ကောင်၊ သုံးကောင်က သူမအား တွေ့မြင်လိုက်သည်နှင့် အူသံရှည်ကြီးဖြင့် ဆွဲဆွဲငင်ငင်ပင် တစ်ချက်အူလိုက်လေတော့သည်။

သူသည် သူမအား မျက်ခြည်ပြတ်သွားမည်ကို စိုးရိမ်၍ ခပ်သွက်သွက်လေးပင် သစ်ပင်များကြားသို့ တိုးဝှေ့ဝင်လိုက်သည်နှင့်အမိုးများပေါက်ပြဲလန်၍ အလွန်တရာမှ အိုမင်းပြီးဟောင်းနွမ်းရိရော်နေပြီဖြစ်သော ဇရပ်ပျက်တစ်လုံးအား တွေ့မြင်လိုက်ရသည်။ ၎င်းဇရပ်မှ မီးရောင်ခပ်မှိန်မှိန်လေးက အမှောင်ထုအား အံတုလျက် တလက်လက် လင်းဖြာနေ၏။

ထိုနောက် သူက ဆွေးရိနေပြီဖြစ်သော ဇရပ်ခေါင်မိုး





ပေါ်၌ သတိကြီးစွာထား၍ လရောင်အား အားပြုကာ ကောင်းမွန်ခိုင်ခန့်ပုံရသော နေရာများအား ရွေးနင်း၍ ကလေးလက်သီးဆုပ်သာသာ အပေါက်မှတဆင့် အောက်သို့ ငုံ့ကြည့်လိုက်ရာ ဇရပ်တွင်းရှိ အရာအားလုံးအား အတိုင်းသား မြင်လိုက်ရလေသည်။

အမျိုးသမီးတစ်ယောက်က ယိုင်နဲ့နေသော ထိုင်ခုံတစ်လုံး၌ထိုင်ရင်း ပြာလဲ့နေသော အရည်များရှိနေသည့် ကြွေဇလုံထဲသို့ ဇာဂနာခပ်ရှည်ရှည်တစ်ခုအားနစ်၍ အတွင်းမှ တစ်စုံတစ်ခုအားညှပ်ကာ ဆွဲယူပြီး အကျအနခင်းထားသော အနက်ရောင်ကတ္တီပါအဝတ်စပေါ်သို့ အကျအနဖြင့် တစ်ခုချင်းစီ အစီရင်ခံတင်နေသည်ကို တွေ့ရသည်။

ထိုအရာလေးများအား သူသေချာကြည့်လိုက်သောအခါ သူ၏ရင်ထဲ၌ အနည်းငယ်လှုပ်ရှားသွားမိသည်။ လက်သန်းစိပ်ခန့်ရှိပြီး ဖြူဖွေးချွန်မြနေသော အရိုးချောင်းလေးများအား တွေ့လိုက်သည်နှင့် စဉ်းစားနေစရာပင် မလိုပဲ ဘချစ်တို့သေဆုံးသွားရခြင်းအကြောင်းရင်းအမှန်အား အတပ်သိရှိလိုက်

www.burmeseclassic.com



၏။

၎င်းအရိုးဖြူချောင်းလေးများမှာ ဖြူများ၏ ဆူးတောင်များပင် ဖြစ်သည်။ တောစပ်၌ အသက်ပျောက်နေသော ဘချစ်နှင့်ငတေဆိုသူတို့၏ လည်ပင်းထဲ၌ စူးနစ်ဝင်နေသော ဖြူဆူးတောင်နှစ်ချောင်းအား တွေ့သည်နှင့် အားလုံးသောလူများက အလွန်ဖြစ်ခဲရှားပါးတိုက်ဆိုင်သော လူသေမှုတစ်ခုအဖြစ် သတ်မှတ်ထားကြသည်။

အခု. . မတော်တဆ လူသေမှုမှာ လူသတ်မှုတစ်ခုအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားပြီး သူမတို့နဲ့ တစ်စုံတစ်ရာပတ်သက်ဆက်နွယ်နေလိမ့်မည်။ သူမ၏ ရှေ့၌ အမျိုးမျိုးသော ဆေးပုလင်း သေးသေးကလေးများကိုလည်း တွေ့နေရသည်။

"စုစု. . မမဒီမှာ နောက်တစ်ရက်လောက် ဟန်ပြပြီး ဆက်နေပြီးတာနဲ့ ဒီနေရာက အမြန်ဆုံး ခြေရာဖျောက်ထွက်သွားတော့မယ်. . သိလား၊ အဲဒါ စုစုပြင်ဆင်စရာရှိတာတွေကို အဆင်သင့်ပြင်ဆင်ထားပါ"

ဟူသော ချိုလွင်ယာယာသော စကားသံနှင့်အတူ





သူမက အဝတ်အစားများ လဲလှယ်၍ ခန်းဆီးစတစ်ခုနောက်ကွယ်မှ ထွက်လာသည်ကို တွေ့လိုက်ရသည်။

"ဟုတ်ကဲ့ပါ. . မမနှင်းဆီ"

စုစုဆိုသော မိန်းမပျိုလေးက ဇာဂနာအား ခုံပေါ်တွင် အသာပြန်ချ၍ ကျိုးနွံစွာဖြင့် ထိုင်ခုံအား နေရာဖယ်ပေးလိုက်လေ၏။

"ထိုင်. . . မမ"

သူမက ထိုင်ခုံ၌ အသာဝင်ထိုင်ပြီး အဆိပ်ရည်လူးသုတ်ထားသော ဆူးတောင်လေးများအား အရည်ကြည်လေးများဖြင့် ရွှန်းစိုတောက်ပနေသော မျက်ဝန်းများဖြင့် စူးစိုက်ကြည့်လိုက်၏။

"မမ. . ပင်ပန်းသွားပြီနဲ့တူတယ်"

သူမ၏ မျက်လုံးများက သူ့ထံသို့ ဖျတ်ကနဲပြောင်းရွှေ့သွားပြီး. . . ။

"ဟင့်အင်း. . မမမပင်ပန်းပါဘူး၊ သူတို့ကို ကလဲ့စားချေနိုင်မယ်ဆိုရင် ဘယ်လောက်ခက်ခဲပင်ပန်းတဲ့ အလုပ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေပါစေ၊ ပင်ပန်းဆင်းရဲကြီးတယ်လို့ မမစိတ်ထဲမှာ လုံးဝမခံစားမိဘူး”

စုစုပင့်သက်တစ်ချက် ရှိုက်သွင်းလိုက်ပြီး သူမအား အလွန်နာကျည်းစာနာကရုဏာသက်သော အကြည့်တစ်မျိုးဖြင့် ကြည့်ကာ ဟောင်းနွမ်းနေပြီဖြစ်သော ကွပ်ပျစ်လေးပေါ်ရှိ အဝတ်ထုပ်တစ်ခုအားယူ၍ သူမအား ပေးလိုက်၏။

“ကျေးဇူးပဲ”

အဝတ်ထုပ်ထဲမှ လက်တစ်ထွာသာသာ ဗူးလေးတစ်ဗူးအား ထုတ်ယူ၍ သံမဏိလက်သည်းရှည်ကြီးများရှိနေသည့် လက်အိတ်အမည်းရောင်အား ချွတ်ကာ ဗူးထဲသို့ စနစ်တကျ ပြန်ထည့်ထားလိုက်သည်။ ထိုဗူးထဲ၌ မျက်နှာပုံစံအလွန်ပါးလွှာနေသော သားရေချပ်ကလေးသုံးလေးခုကိုလည်း တွေ့ရသည်။

ထိုနောက် သူမက ကျွမ်းကျင်သွယ်လျသော လက်ချောင်းကလေးများဖြင့် မျက်နှာပေါ်မှ တစ်စုံတစ်ခုအား ဆွဲခွာလိုက်ရာ ပါးလျှပ်နေသော သားရေပြားတစ်ခု ပါလာလေတော့သည်။





ထိုအခါ ၎င်းသားရေချပ်အောက်မှ အလွန်တရာ စွဲဆောင်မူးယစ်ဖွယ်ကောင်းသော မျက်နှာလေးတစ်ခု ထွက်ပေါ်လာခဲ့လေသည်။

ဝင်းမွတ်ဖြူစင်နေသည့် မျက်နှာပေါ်တွင် လေးကိုင်းသွယ်မျက်ခုံး၊ မျက်တောင်ခပ်ထူထူကော့ကော့များ ဝန်းရံထားသည့် အနက်ရောင်ရွှန်းစိုတောက်ပနေသော မျက်ဝန်းတောက်တောက်စူးစူးလေးများ (ထိုမျက်ဝန်းလှလှလေး၌ သွေးအေးခြင်း ဝှက်ရက်စက်ခြင်းများ ကိန်းဝပ်နေ၏။) ဖြောင့်စင်းသော နှာတံ၊ ဖူးကြွပြည့်တင်းနေသော နှုတ်ခမ်းကလေးများမှာ ဆေးဆိုးထားမပါပဲ သဘာဝအလျောက် ပန်းသွေးရောင်နီရဲစိုလက်နေပြီး မှာ နံနက်ခင်း၌ ပွင့်ဖို့အရှိန်ယူနေသော နှင်းဆီငုံကလေးကို နှုတ်ခမ်းတို့ဖြင့် တစ်ခုချင်းစီ အလွန်လှပသေသပ်ကျနစွာ ရှိနေသည်။

အာကာ. . . သူမ၏ မျက်နှာလေးအား သတိလက်လွတ် ငေးမောကြည့်နေရာမှ. . .။

“ဂွတ်”



www.burmeseclassic.com

www.burmeseclassic.com



သူနင်းထားသော သစ်သားချောင်းမှာ အောက်သို့ အနည်းငယ် နိမ့်ဆင်းသွားပြီး တိုးသဲ့သဲ့ အသံလေးတစ်ခုထွက် သွားခဲ့သည်။

သို့သော် ထိုအသံလေးအား သူမက ကြားလိုက်ဟန် ဖြင့် မျက်ဝန်းနက်နက်လေးများက သူရှိရာသို့ ဆတ်ကနဲ ဖူး စိုက်ကျရောက်လာပြီး. . .။

"အပေါ်က ဘယ်သူလဲ၊ ဆင်းခဲ့ပါ"

အေးစက်တည်ငြိမ်လှသော သူမ၏ ဖိတ်ခေါ်သံလေး ကြောင့် သူဘယ်လိုမှ ရှောင်လွှဲ၍မရမှန်း နားလည်လိုက်သ ဖြင့် အေးစက်ရဲဝံ့စွာပင် သူမနှင့်မျက်နှာချင်းဆိုင်ရန် ဆုံးဖြတ် လိုက်လေသည်။



## အခန်း - ၁၃

### ရှင်းတမ်း

"ကောင်းပြီလေ၊ ကျွန်မနဲ့ သူတို့နဲ့ ဘယ်လိုပတ်သက် ခဲ့သလဲဆိုတာကို ရှင့်ကို ပြောပြမယ်၊ တကယ်ဆို ကျွန်မဘဝ မှာတုန်းဆိုးမိုးမှောင်ကျခဲ့ရတဲ့ အဲဒီအကြောင်းတွေကို ကျွန်မဘယ် သူ့ကိုမှ မပြောဘူးလို့ ဆုံးဖြတ်ထားခဲ့တာ၊ အဲဒီအကြောင်းတွေ ကို ပြန်ပြောခြင်းဟာ ကျွန်မနှလုံးသားရဲ့ ဒဏ်ရာအနာတရ



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းတွေကို သွေးအလိမ်းလိမ်းနဲ့ အသစ်တဖန် ပြန်လည်ကွဲအက် နာကျင်နေတယ်၊ ကျွန်မရဲ့ စိတ်ကိုလည်း သွေးဖျော်ခြောက်ချားစေတယ်လေ၊ ဒါပေမယ့် အဲဒီအကြောင်းတွေကို ကျွန်မ..ရှင့်ကို ပြောပြမယ်၊ အဲဒီအတွက် ရှင့်ဆီက ကျွန်မ တောင်းဆိုစရာ တစ်ခုရှိတယ်"

အာကာမျက်မှောင်ကြုတ်လိုက်ပြီး. . .။

"ဘာများလဲ. . . ပြောလေ"

"စိတ်ချပါ၊ ရှင်ပေးနိုင်မယ့် တောင်းဆိုမှုမျိုးပါ၊ ရှင့်အတွက် ဘာမှမခဲယဉ်းပါဘူး"

ထိုစဉ် စုစုက ရေနွေးကြမ်းနှင့်စားစရာအချို့ လာချပေးရင်း ပြန်လှည့်ထွက်သွား၏။ ထိုနောက် သူမ၏ မျက်ဝန်းများမှာ အဝေးတစ်နေရာသို့ အတန်ကြာအောင် ငေးမောကြည့်နေပြီး ဆွေးမြေ့ကြေကွဲခါးသီးတုန်လှုပ်နေသော မျက်နှာဖြင့် သူမဘဝ၏ ဇာတ်ကြောင်းအား စတင်ပြောပြလေသည်။

x x x



## အခန်း- ၁၄

### အတိတ်ခြေရာ

"အူဝဲ. . . အူဝဲ"

စူးစူးဝါးဝါး ထွက်ပေါ်လာသော ကလေးငိုသံကြောင့် ခေါက်တုန့်ခေါက်ပြန်ဖြင့် အကြိမ်ပေါင်းမရေတွက်နိုင်အောင် လျှောက်နေသော ဦးကောင်းမြတ်ခြေထောက်များမှာ တုန့်ကနဲ ရပ်တန့်သွားပြီး ချွေးများပြန့်သီးနေသော မျက်နှာမှာ ဝိတိ



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းတစ်မျိုးဖြင့် ဝင်းလက်တောက်ပလင်းဖြာသွားသည်။

ချက်ချင်းပင် ကလေးငိုသံ အဆက်မပြတ် ထွက်ပေါ်နေသော အခန်းဆီသို့ မပြေးရုံတမယ် ခြေလှမ်းများဖြင့် ခပ်သွက်သွက် လျှောက်သွားပြီး တုန်ယင်နေသော လက်များဖြင့် အခန်းတံခါးခေါက်ကာ. . .။

"ဒေါ်ညို. . ဒေါ်ညို. . ဘာလေးမွေးလဲဟင်"

"မိန်းကလေးတော့. . မိန်းကလေး၊ အရမ်းကို ချစ်ဖို့ကောင်းတာပဲ၊ ခဏလေး. . သူဌေး၊ ကျွန်မခဏနေရင် ယူလာပြမယ်"

"ဪ. . အင်း. . အင်း. . ဒါနဲ့ ချယ်ရီရော ဘယ်လိုနေလဲ"

"ကောင်းတယ်၊ ကလေးရော၊ ကလေးကတော်ပါအားလုံး ကောင်းတယ်၊ သူဌေးစိတ်မပူနဲ့"

ဦးကောင်းမြတ် ကျေနပ်ပီတိများ စိမ့်ဖြာနေသောမျက်နှာဖြင့် သူ့အား မျက်လုံးလေးများ ချာချာလည်အောင် လိုက်ကြည့်နေသော ဆယ်နှစ်သာသာကလေးငယ်၏ခေါင်းတွင် ဝင်





ဆိုင်၍ ဦးခေါင်းအား ချစ်မြတ်နိုးဟန်ဖြင့် ပွတ်သပ်ပေးလိုက်ပြီးနောက်. . .။

"သား. . မင်းခေါင်၊ နောက်ဆို သားမပျင်းရအောင် သားနှင့်အတူတူကစားမယ့် အဖော်ညီမလေးတစ်ယောက်ရှိပြီသိလား၊ သားက ညီမလေးကို ဂရုစိုက်ရမယ်နော်"

မင်းခေါင်. . မျက်မှောင်လေးအသာရှုံ့လိုက်ပြီး. . ။

"ညီမလေး. . ဟုတ်လား"

"အင်းလေ၊ ဘာဖြစ်လို့လဲ. . သားရဲ့"

"ဟင့်အင်း၊ သားက ညီမလေးမလိုချင်ဘူး၊ ညီလေးပဲလိုချင်တာ"

"ဟောဗျာ၊ ဘာဖြစ်လို့လဲ၊ သားပဲ အရင်ကပြောတော့ ကစားဖော်လိုချင်တယ်ဆို၊ ဒါကြောင့် သားမေမေက သားနဲ့အဖော်ရအောင် ညီမလေးတစ်ယောက် မွေးပေးတာလေ"

မင်းခေါင်က ခေါင်းလေးငုံ့ထားလိုက်၏။

"ပြောလေ. . . သား၊ ဘာဖြစ်လို့လဲ"

သူ့သားဖြစ်သူ၏ မျက်နှာအားကြည့်၍ မချင့်မရဲဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်ပြန်သည်။

"အခု . . သား . . ညီလေးရော၊ ညီမလေးပါ မလိုချင်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေနှင့်မေမေက သားကို မချစ်တော့မှာ စိုးလို့ပေါ့"

မင်းခေါင်၏ မပွင့်တပွင့် ဖြေသံလေးကြောင့် စိတ်ကောင်းခြင်းတစ်ဝက်၊ ကြည်နူးပျော်ရွှင်ခြင်းတစ်ဝက်ဖြင့် ခင် ဟဟ ရယ်မောလိုက်မိသည်။

"ဟား . . ဟား . . ကြံကြံဖန်ဖန်သားရယ်၊ ဖေဖေတို့က သားရော၊ ညီမလေးကိုပါ အတူတူချစ်မှာပါကွာ"

အမှန်တွင် မင်းခေါင်လေးမှာ သူတို့၏ သွေးသားရင်း ချာမဟုတ်ချေ။ အိမ်ထောင်သက်တမ်း လေးနှစ်ကျော်အထိ ကလေးမရသော သူတို့လင်မယားနှစ်ယောက် ကလေးရှာ နေချိန်တွင် ကံအကြောင်းတိုက်ဆိုင်စွာပင် လသားအရွယ် က လေးငယ်တစ်ယောက်အား ကောက်ရခဲ့သည်။

ထိုကလေးငယ်ကို ဆယ်နှစ်ကျော် ချစ်ခင်ယုယ နာစွာဖြင့် ဂရုတစိုက် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့စဉ် ကံတရား





၏ ကျိစယ်နောက်ပြောင်မှုကြောင့် အသက်သုံးဆယ်ကျော်မှ နီးဖြစ်သူမှာ ကိုယ်ဝန်ရှိကာ သမီးလေးတစ်ယောက်ရရှိခဲ့ခြင်း ဖြစ်သည်။

ထိုနောက် သမီး၏ မျက်နှာအား တွေ့ရချိန်၌ ထိုကိစ္စ မှာ သူ၏ဦးနှောက်ထဲ၌ မေ့မေ့ပျောက်ပျောက်ပင် ဖြစ်သွားခဲ့ လေသည်။

"သမီးလေးက အရမ်းချစ်ဖို့ကောင်းတာပဲနော်၊ အရမ်း လည်း ချောမှာ၊ ကိုယ်တို့သမီးလေးရဲ့ အသားအရေက ပန်း သွေးရောင်ကြည်လဲ့နေတာက နှင်းဆီပန်းရဲ့ ပွင့်ချပ်လေးနဲ့တူ တယ်၊ အဲဒါကြောင့် သမီးလေးကို ပန်းသွေးနှင်းဆီလို့ နာမည် ပေးရင် ကောင်းမယ်နော်၊ ချယ် . . ဘယ်လိုသဘောရလဲ"

"ပန်း . . သွေး . . နှင်းဆီ၊ အင်း . . ကောင်းတယ်၊ သ မီးလေးနဲ့လည်း လိုက်လျောညီထွေရှိတယ်"

"ဟား . . ဟား . . ဒါဆို ကိုယ်တို့သမီးလေးကို ဒီနေ့က စပြီး ပန်းသွေးနှင်းဆီလို့ပဲ ခေါ်တော့မယ်၊ တစ်လပြည့်လို့ရှိရင် ကိုယ်တို့ရဲ့ မိတ်ဆွေတွေဖိတ်ပြီး သမီးလေးအတွက် နာမည်



www.burmeseclassic.com

www.burmeseclassic.com



ပေး ကင်ပွန်းတပ်ပွဲလုပ်ပေးရမယ်”

“ဟင်း . . ဟင်း . . ကိုသဘောပါပဲရှင်”

“ဒါနဲ့ သမီးလေးက ကိုယ်နှင့်တူတာလား၊ ချယ်နဲ့တူတာလားဟင်”

“အဲဒါတော့ ချယ်လည်း မပြောတတ်ဘူး၊ ချယ်တို့နှစ်ယောက်စလုံးနဲ့ တူတယ်ထင်တာပဲ”

“ကိုယ်ကတော့ ချယ်နဲ့တူလို့ သမီးလေးက ဒီလောက်ချောတာလို့ထင်တယ်”

သူတို့ လင်မယားနှစ်ယောက်သည် ပထမဦးဆုံးရရှိသော သမီးလေးအပေါ်တွင် အစစအရာရာ၌ စိုးရိမ်သောစိတ်ကြီးစွာဖြင့် သည်းသည်းလှုပ် ဂရုစိုက်နေရချိန်၌ မင်းခေါင်လေးအပေါ်တွင် တဖြည်းဖြည်းနဲ့ တာဝန်ပျက်ကွက်သလို၊ ဥပက္ခာပြုမိသလို ဖြစ်မှန်းမသိ ဖြစ်သွားခဲ့ရလောက်အောင်ကို သမီးလေးက အတော်လေးကို ချူချာလှသည်။

သို့သော် ငယ်ရွယ်နုနယ်သော မင်းခေါင်၏ နှလုံးသားမှာ ခံစားထိရှလွယ်သည်။ သူ၏ မိဘနှစ်ပါးက သူ့အား ဤမျှ





အထိ ဥပက္ခာပြု၊ လျစ်လျူရှုထားခြင်းမှာ သူ့အား အချစ်ခင်တော့ဟု ထင်မှတ်ကာ အားငယ်စိုးရိမ်စိတ်တို့ဖြင့် ပူလောင်ခြင်းပျစွာ ခံစားခဲ့ရသည်။

ထို့ကြောင့် အမြဲတမ်းလိုလိုပင် သူတို့၏ အခြေအနေအား တစေ့တစောင်း ချောင်းမြောင်းအကဲခတ်တတ်လာသည်။ တဖြည်းဖြည်းနဲ့ မိဘများနှင့်သူသည် ခပ်စိမ်းစိမ်းဖြစ်လာသည်။

သူသည်လည်း ဟိုကောင်မလေးနားသို့ သိပ်မကပ်ပဲ ခပ်ခွာခွာနေခဲ့သည်။ အဲဒီကောင်မလေးကိုလည်း သူ့စိတ်ထဲတွင် မုန်းတီးနေမိသည်။

ထိုအဖုအကြိတ်လေးများမှာ သူ၏ရင်ထဲတွင် ဘယ်သူမှ မသိမမြင်နိုင်ပဲ တိုးပွားရင့်မှည့်လာခဲ့သည်။ တစ်ခါတစ်ခါတော့လည်း ဘယ်လိုစိတ်ကူးပေါက်သည်မသိ။ အလုပ်ကိစ္စ၊ ဟိုကောင်မလေးကိစ္စတို့ဖြင့် ဗျာများနေသော ဖခင်ဖြစ်သူဆီသို့ သွားရောက်ကာ သူ့အား ပုံပြော၍ ချော့မြူသိပ်ရန် သွားပြောသည့်အခါမျိုး ဆယ်ခါနှစ်ခါလောက်သာ သူစိတ်ကျေနပ်ပျော်ရွှင်စေရန် လိုက်လျော၍ အကြောင်းအမျိုးမျိုးပြကာ ငြင်းဆန်



www.burmeseclassic.com

www.burmeseclassic.com



နှစ်သိမ့်သည်က များသည်။

တစ်ခါတစ်လေတော့လည်း ဖေဖေကိုယ်တိုင်ပင် လိုလိုလားလားဖြင့် သူ့စိတ်နှစ်ခြိုက် ပျော်ရွှင်စေရန် အချိန်ပေး လုပ်ဆောင်နေတတ်သည်။ မေမေကတော့ ဟိုကောင်မလေး နှင့်သာ အချိန်ကုန်နေတတ်၏။

သူ၏ ဗျာယီယကိစ္စအဝဝကို ဒေါ်ညိုက ဒိုင်ခံလုပ်ပေး ရသည်။ တစ်ခါတစ်ရံတွင် သူသည် ဖေဖေတို့မေမေတို့ရဲ့ သား အရင်းဟုတ်ပါလေစဟု ကိုယ့်ကိုယ်ကို သံသယဖြစ်မိသည်။

ထိုသံသယများ တစ်စထက်တစ်စ အားကောင်းပြင်း ထန်လာစေရာ သူ၏ ဘဝမှန်အဖြစ်အပျက်များ ပေါ်ပေါက် လာစရာကိစ္စအချို့ကို သူကပဲ ဖန်တီးခဲ့ခြင်းဖြစ်သည်။

အဲဒါကတော့ သူနှင့်ကစားဖော်ဖြစ်သော ဘေးအိမ်က ကောင်လေးနှင့်သူ စရန်ဖြစ်သောနေ့ကဖြစ်သည်။ အဲဒီကောင် လေးမှာ သူ့လက်ချက်ကြောင့် ခေါင်းပေါက်သွားပြီး သူ့မှာလည်း ကုတ်ခြစ်ရာ ဒဏ်ရာများ ရရှိခဲ့သည်။

ဖေဖေကတော့ ကောင်လေးရဲ့ မိဘများနှင့်ပြေလည်





ပြေလည်ကြောင်း ဖြေရှင်းပေးသော်လည်း မေမေမှာ သူ့ အပြစ်လုပ် ငြူစူချင်လာသည်။ နောက်. . အဲဒီလို ရန် သုံးလေးပွဲလောက် ဖြစ်လိုက်သောအခါ ဖေဖေက သူ့အား ပြစ်တစ်စုံတစ်ရာမဆိုပဲ သူ့အား နှစ်သိမ့်ဖျောင်းဖျ၍ ဒိုင်ခံ ရှင်းပေးသည်။ မေမေကတော့ ဖေဖေ့အား ဘယ်သူမှမသိ အောင် အသာလက်ကုတ်ခေါ်၍. . .။

"ကိုယ်. : ဘယ်လိုလုပ်ကြမလဲ၊ ချယ်ကတော့ သိပ် တာပဲ၊ ချယ်တို့က မျိုးရိုးအစဉ်အဆက်၊ ဂုဏ်သိက္ခာရှိရှိ ဆင့်အတန်းရှိရှိ နေလာခဲ့ကြတာ၊ အခုတော့ သူ့ကြောင့် ယ်တို့ လူတကာနဲ့ မျက်နှာပျက်ရလွန်းအားကြီးလို့ သိက္ခာ ည်း ကျလှပြီ၊ ဒီအရွယ်လေးနဲ့ ဒီလောက်ရန်ပွဲတွေ ဖြေရှင်း ရတာကတော့ သဘာဝမကျဘူး၊ ဒါတောင် လူတွေက ကို အရှိန်အဝါကိုကြောက်လို့ ငြိမ်နေကြတာ"

"ဩော်. . ချယ်ကလည်း သားက ကလေးပဲရှိသေး သို့၊ အဲဒါတွေ ဘယ်နားလည်ပါ့မလဲ၊ ဒါ. . ကလေးသဘာ



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူး. . ကိုယ်ရယ်၊ ကလေးချင်းက ကြရင်း စိတ်အခန့်မသင့်လို့ ရန်ဖြစ်ကြတာတော့ ဟုတ်ပါပြီ ချယ်အပြစ်မဆိုချင်ပါဘူး၊ ဒါပေမယ့် ခုဟာက တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်းမဟုတ်၊ သုံးလေးခါရှိရနေပြီ၊ နောက်. . . လက်ကလည်း အတော်ရဲတယ်၊ သူကပဲ သူများကလေး သွေးထွက်သံယိုဖြစ်အောင် လုပ်လိုက်တာချည်းပဲ၊ ချယ် သူ့ကြောင့် လိုက်လျော်ရတဲ့ ငွေတွေကို နှမျောလို့ပြောတာ ဟုတ်ဘူးနော်၊ ချယ့်မှာ လုံးဝနှမျောတွန့်တိုစိတ်မရှိဘူး"

"ဒါဆို ချယ်က ဘာကိုပြောချင်တာလဲ"

"အင်း. . ချယ်တို့တော့ မှားပြီထင်တယ်၊ ဘယ်လို ရိုးဗီဇက ပေါက်ဖွားဆင်းလက်လာတယ် မသိတဲ့ ကလေး ကောက်ယူမွေးစားခဲ့မိလို့လေ၊ ချယ့်အထင် ဒါဟာ ကလေး ဗီဇသွေးပြတာလို့ ထင်တယ်၊ ကိုယ်. . အဲဒါကြောင့် အခုရှိ နောင်ရှင်းဆိုတဲ့ စကားအတိုင်း စောစောစီးစီးပဲ သူ့ကို ချယ် တို့ မိတ်ဆွေသင်္ဂဟထဲက ကလေးမရှိတဲ့ မိသားတစ်စုစု ကလေးဘဝအတွက် ငွေတွေ အပြည့်အဝပေးပြီး မွေးစားခိုင်





ိုက်ရင် ကောင်းမလား. . ကို"

ဦးကောင်းမြတ်၏ မျက်နှာမှာ ထိတ်ထိတ်ပျာပျာဖြင့် သွေးဆုတ်ဖြူလျော်ကျသွားပြီး. . . ။

"ချယ်. . မင်းစကားကို လက်လွှတ်စပယ်မပြောပါနဲ့၊ ကိုယ့်စိတ်ထဲမှာ သားကရော ကိုယ့်သား၊ သမီးကလည်း ကိုယ့် သမီးပဲ၊ နှစ်ယောက်စလုံး အတူတူပဲ၊ ချယ်. . မင်းသေချာပြန် စဉ်းစားကြည့်ပါဦး၊ သားကို ကိုယ်တို့နှစ်ယောက် ပထမဆုံး ကောက်ရတုန်းက ဘယ်လောက်ကြည်နူးချမ်းမြေ့ ပျော်ရွှင်ခဲ့ ကြသလဲ၊ ဘယ်လောက်ဂရုတစိုက် ကြင်နာယုယခဲ့လဲ၊ အခု တော့ ချယ်လုပ်ပုံက ငါးကြင်းမြင်လို့ ငါးကင်းပစ်သလိုဖြစ်နေ ပြီ၊ ဒီလိုမျိုး လူတစ်ယောက်ကို လွယ်လွယ်ကူကူ စွန့်ပစ်ကန် ထုတ်လို့ ရမတဲ့ပလား၊ ဟင်း. . နောက်ပြီး သားကို ကိုယ်တို့ ဆယ်နှစ်ကျော် ပိုးမွေးသလို မွေးလာခဲ့ကြတာလေ၊ အဲဒီဆယ် နှစ်ဆိုတဲ့ အချိန်ကာလနှင့်သံယောဇဉ်ကို ချယ်ထည့်မတွက်ဘူး လား၊ ချယ်ရော လွယ်လွယ်ကူကူနဲ့ ဖြတ်တောက်ဝံ့သလား၊ သေသေချာချာ စဉ်းစားကြည့်ပါဦးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ချယ်ဘာမှမပြောနိုင်လောက်အောင် ကိုယ့်စကားတွေ
က မြားအစင်းကလေးသဖွယ် အရှိန်အဟုန်ပြင်းထန် စူးရှစွာ
ဖြင့် ချယ့်နှလုံးသားထဲသို့ တစ်ဆုံးစိုက်ဝင်သွားခဲ့သည်။ ချယ့်
နှလုံးသားကို လှုပ်ခါနိုင်စွမ်းရှိပြီး ဘာတစ်ခွန်းမှ ထပ်မပြော
နိုင်လောက်အောင်ကို ချယ့်ဘက်မှ ဆွံ့အတိတ်ဆိတ်သွားခဲ့
လေသည်။

ဆယ်နှစ်ကျော်ဆိုတဲ့ သံယောဇဉ်။ ဟုတ်ပါသည်။
သံယောဇဉ်ကြီးကို ချယ်ကိုယ်တိုင်လည်း လွယ်ကူစွာ ဖြတ်
တောက်မစွန့်ပစ်နိုင်ပါ။ စောစောက အရှက်သည်း၍ သွေး
နွေးဆူပွက်ကာ စိတ်ထင်ကာ ပြောဆိုခဲ့မိသော စကားအတွက်
ပင် ချယ်ပြန်၍ ရှက်ရွံ့နောင်တရမိသည်။ ချယ်ဘယ်လောက်
စိတ်ဓာတ်သေးသိမ်ညံ့ဖျင်းသွားပြီလဲ ဆိုတာကိုပေါ့။

သားကို ချယ်ကိုယ်တိုင်လည်း လွန်စွာချစ်မြတ်နိုး
သည်။ သို့သော် ချယ်ပွင့်ပွင့်လင်းလင်း ဝန်ခံရလျှင် ချယ့်
အတ္တကြီးသည်။ တစ်ကိုယ်ကောင်းဆန်သည်ဟုပဲဆိုဆို ကို
ရဲ့ အသွေးအသက်နှင့်ရင်း၍ ပိုင်ဆိုင်ခဲ့ရယူခဲ့ရသော သမီးလေး





မိခင်စိတ်အပြည့်ဖြင့် ပို၍ချစ်မြတ်နိုး တန်ဖိုးထားလှသည်။
ထို့အပြင် ကိုယ့်ကိုလည်း သမီးလေးကိုသာ ပိုချစ်စေ
သည်လေ။ ချယ်ကတော့ သမီးလေးရပြီးချိန်၌ သားအပေါ်
အနည်းငယ်အချစ်ပေါ့သွားတာတော့ အမှန်ပင်ဖြစ်သည်။
မညာချင်ပေ။

"ကိုယ်ထင်တယ်၊ သားရဲ့ မိဘအရင်းတွေဟာ သား
အကြောင်းအမျိုးမျိုးကြောင့် စွန့်ပစ်သွားခဲ့ပေမယ့် သားရဲ့
ည်ကို ကြည့်ရခြင်းအားဖြင့် သားရဲ့ မိဘတွေ အဆင့်အ
တန်းတလည်း ခပ်နိမ့်နိမ့်ထဲက မဖြစ်နိုင်ဘူး"

"ချယ်. . မှားသွားတယ် ကို၊ ချယ့်ကိုခွင့်လွှတ်ပါ၊ ချယ်
ကိုယ်တိုင်လည်း သားကို တကယ်တမ်း မစွန့်ပစ်နိုင်ပါဘူး၊ ချယ်
ဒေါသကြောင့် အခုလို စကားတွေ ထွက်သွားခဲ့မိတာ ခွင့်
လွှတ်ပါ. . . ကို"

ချယ်ဝမ်းနည်းကြေကွဲစွာနဲ့ပင် တောင်းပန်စကားဆို
မိသည်။ ချယ်တို့ရဲ့ အိမ်ထောင်သက်တမ်းတလျှောက်
တစ်ကြိမ်တစ်ခါမှ အခုလို စိတ်အနှောင့်အယှက်၊ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



မမြင်ခဲ့ဘူးပေါ့။ သူတို့ လင်မယားနှစ်ယောက်စလုံးမှာ သူ့အ
တိုယ်ဆန္ဒတို့ကို အပြန်အလှန် အလေးအနက် တန်ဖိုးထား
သေလျက် အပေးအယူမျှတခဲ့သူများသာ ဖြစ်သည်မဟုတ်
လော။

## အခန်း - ၁၅

### အငြိုး

မင်းခေါင် အမှတ်မထင် သိခဲ့ရသော သူ့ဘဝ၏လျှို့
ဝှက်ချက်ကြောင့် တစ်ယောက်တည်း ကြိတ်မှိတ်၍ အတော်
ကြာ ထိခိုက်ကြေကွဲနာကျင်ခဲ့ရလေသည်။

ထိုဝေဒနာအား ဘယ်သူမှ မရိပ်မိအောင် ကြိတ်မှိတ်
မျိုသိပ် အလူးအလဲခံစားလာရင်းနဲ့ပင် ဆယ့်နှစ်နှစ်ခိုသော



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကာလအရှည်ကြီးကိုပင် ကုန်ဆုံးသွားခဲ့ပြီဖြစ်သည်။ သူလည်း စိတ်ထွက်ပေါက်ရှာသည့်အနေဖြင့် အပြင်တွင်သာ အချိန်ကုန်ခဲ့သည်က များသည်။ အပေါင်းအသင်းလည်း အတော်စုံခဲ့သည်။

အဲဒါကြောင့်ပင် မိခင်ဖြစ်သူက အိမ်မကပ်သော သူ့အား ယိုးမယ်ဖွဲ့အပြစ်ဆိုချင်သည်။ သို့သော် ဖခင်ကတော့ သူ့အား လွတ်လပ်ခွင့်ပေးထားခဲ့သည်။ ထိုလွတ်လပ်ခွင့်အား အသုံးချ၍ သူအတော်လေးကို ပျက်စီးလေလွင့် ဆိုးသွမ်းသွားခဲ့မိသည်။

ယနေ့ မနက်စောစောစီးစီးပင် သူအိပ်ယာမှ နိုးထခဲ့သည်။ ရေမိုးချိုးအဝတ်အစားလဲ၍ အောက်ထပ်တွင် ဒေါ်ညိုပြင်ဆင်ပေးထားသော ကော်ဖီနှင့်မုန့်ကို ဇိမ်ပြေနပြေစားကာ ဘယ်သွားရကောင်းမလဲဟူ၍ စဉ်းစားနေမိသည်။

ဒေါ်ညိုက သူ့ဘေးတွင် လိုအပ်သည်ကို ပြင်ဆင်ဖြည့်ဆည်းပေးရင်း. . .။

"သား. . ဒီနေ့ ထူးထူးဆန်းဆန်း မနက်စောစော





ထိုပါလား၊ ရော့. . ကော်ဖီနည်းနည်းထပ်ထည့်ဦး"

"ဟုတ်ကဲ့၊ ဪ. . ကြီးညို၊ ကျွန်တော့်ရဲ့ လျှော်စရာရှိတဲ့ အဝတ်တွေကို ခြင်းတစ်ခြင်းနဲ့ ကျွန်တော့်အခန်းရှေ့မှာ ချထားခဲ့တယ်. . သိလား၊ မေ့မနေနဲ့ဦးနော်"

"အေးပါကွယ်၊ အေး. . ကြီးညိုအမြဲသတိရပါတယ်၊ ကြီးညို အမြဲသားအခန်းရှေ့ကိုရောက်တယ်၊ သားထားခဲ့တာတွေလို့ ခုဆို နှစ်ပတ်လောက်တောင်ရှိပြီ၊ ဘယ်လိုလဲ၊ အဝတ်အစားတွေ ပုံနေပြီမဟုတ်လား"

ဒေါ်ညိုမှာ သူ့အား ချစ်ခင်သံယောဇဉ်ကြီးသူလည်းဖြစ်သည်။ ထိုနောက် မင်းခေါင်မှာ နံနက်စာစားသောက်ပြီးစီးသည်နှင့် အပြင်သို့ထွက်ရန် ခြံထဲမှအဖြတ် ဒန်းစီးနေသော နှင်းဆီလေးအား တွေ့ရ၍ သူ့ခြေလှမ်းများက ဘယ်ကဘယ်လို သူမဆီသို့ ဦးတည်ရောက်ရှိသွားခဲ့သည်မသိ။

"ညီမလေး. . တစ်ယောက်တည်းလား၊ အစ်ကို. . . ဒန်းလွှဲပေးရမလားဟင်"

သူမ၏ ဝိုင်းစက်တောက်ပနေသော မျက်လုံးများက



www.burmeseclassic.com

www.burmeseclassic.com



သူ့ထံသို့ ဖျတ်ကနဲ ကျရောက်လာခဲ့ပြီး ချက်ချင်းပင် ထိုမျက်ဝန်းများထဲ၌ ထူးဆန်းသော အရိပ်အယောင်လေးတစ်ခု ဖြတ်ပြေးသွားခဲ့သည်။ သူမက ဦးခေါင်းအား သွင်သွင်ခါရမ်းလိုက်ပြီးမှ . . .။

"ဟင့်အင်း . . . မလွှဲပေးနဲ့"

သူက ဟက်ဟက်ပက်ပက် တစ်ချက်ရယ်သွမ်းရင်းမှ သူမဘေး၌ ဝင်ထိုင်လိုက်၏။

"ဘာဖြစ်လို့လဲ၊ အစ်ကိုလွှဲပေးတော့ ညီမလေးက ဇိမ်နဲ့စီးရတာပေါ့၊ မကောင်းဘူးလား"

သူမ၏ မျက်နှာပေါ်တွင် မလိုလား၊ မနှစ်မြို့က်ခြင်းအထင်သေးရှုံ့ ချခြင်းစသော ပုံရိပ်တို့က ထင်ထင်ရှားရှားထွက်ပေါ်လာကာ ဝုန်းကနဲ ထရပ်လိုက်ပြီး . . .။

"မစီးချင်ပါဘူး"

သူ့စိတ်ထဲ၌ တစ်ချက်အောင့်မျက်နာကျင်သွားခဲ့ကာ အတော်လေးကို မခံချိမခံသာဖြင့် မချင့်မရဲဖြစ်သွားသော်လည်း ဒေါသနဲ့ မခံချင်စိတ်တို့အား မျိုသိပ်ထိန်းချုပ်ထားလိုက်ပြီး သူ့





၏ ဟန်ပန်အမူအယာတို့အား မသိကျိုးကျွံပြု၍ ချိုမြိန်နှစ်လိုဖွယ် တစ်ချက်ပြုံးလိုက်၏။

"ဒါဆိုရင်လည်း တစ်ခါတစ်ရေ အစ်ကိုနှင့်အတူတူ အပြင်လေးဘာလေး ထွက်လည်ပါလား၊ ငါ့ညီမလေးက အိမ်နဲ့ကျောင်းပဲဆိုတော့ ပျင်းစရာကြီးဖြစ်မနေဘူးလား၊ အစ်ကိုက"

သူ၏ စကားမဆုံးမီမှာပင် သူမက အိမ်ဘက်သို့ ချာကနဲလှည့်ထွက်သွားလေသည်။ သူ့ရင်ထဲတွင် တနုတ်နုတ် ခံပြင်းနာကျင်သွားရသည်။ သူမ၏နောက်ကျောပြင်အား စူးစိုက်ကြည့်ရင်း မျက်နှာတစ်ပြင်လုံးမှာ ကြောက်မက်ဖွယ်ကောင်းအောင်ပင် တင်းမာခက်ထန်လာသည်။

ဒါ . . ဘယ်သူ့စနစ်လည်းဆိုတာကို သူကောင်းကောင်းသဘောပေါက်သည်။သူ့အား ကလေးသာသာ မလောက်လေး မလောက်စား ကောင်မလေးက အခုကဲ့သို့ မတူသလို၊ မတန်သလို မထီလေးစားခဲ့သည်မှာ သုံးလေးကြိမ်ပင်ရှိပြီဖြစ်သည်။

"တောက်"

တောက်တစ်ချက် ခပ်ပြင်းပြင်းလေးခေါက်ကာ အပြင်



www.burmeseclassic.com

www.burmeseclassic.com



ခါက်သို့ ထွက်လာခဲ့လေသည်။

## အခန်း – ၁၆

### ကြမ္မာဆိုးအား ဖိတ်ခေါ်ခြင်း

နှင်းဆီ. . အခန်းထဲသို့ စဝင်လိုက်သည်နှင့်မေမေ၏ ထိတ်ထိတ်ပျာပျာ အသံကြီးအား စတင်ကြားလိုက်ရပြီး သူမ ရင်ထဲ၌ ထိတ်ကနဲဖြစ်သွားမိသည်။

"ကို. . ကို. . အမြန်လာပါဦး၊ ဒုက္ခပါပဲ"

"ဟေ. . ဘာဖြစ်လို့လဲ. . ချယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းမြတ် ရေချိုးလက်စကြီးနဲ့ ပြေးထွက်လာကာ အလောတကြီး မေးလိုက်မိသည်။

“ဘာဖြစ်လို့လဲကွာ၊ အလန့်တကြားနဲ့”

“ဘာဖြစ်ရမှာလဲ၊ ချယ်နှင့်ကိုတို့ရဲ့ မင်္ဂလာဦး လက်ထပ်လက်စွပ် မရှိတော့ဘူး”

သူမစကားကြောင့် ဦးကောင်းမြတ်လန့်ဖြန့်၍ မျက်လုံးများက သူမ၏ ဘယ်ဘက်လက်ခလယ်ရှိရာသို့ ဖျတ်ကနဲ ရောက်ရှိသွားခဲ့သည်။ လက်ခလယ်၌ သူမအမြဲဝတ်ဆင်ထားသော စိန်လက်စွပ်နေရာတွင် လက်စွပ်ရာ အဖြူရောင်ကြောင်းတစ်ကြောင်းကိုသာ တွေ့ရလေသည်။

“ဘယ်လိုဖြစ်တာလဲ. . ချယ်”

“ချယ်. . အိပ်ယာကထတော့ လက်စွပ်ဝတ်ထားတဲ့နေရာက ယားသလိုလိုရှိလာတာနဲ့ မှန်တင်ခုံရှေ့မှာ လက်စွပ်ကို ခဏချွတ်တင်ပြီး ရေချိုးခန်းဝင်နေလိုက်တယ်၊ နောက်. . ချယ်မှန်ရှေ့မှာ သနပ်ခါးတွေ၊ ဘာတွေလိမ်းပြီးတဲ့အထိ အဲဒီလက်စွပ်ကို သတိမရသေးဘူး၊ အဝတ်အစားလဲတော့မှပဲ ချယ်





ဖျတ်ကနဲ သတိရလို့ ကြည့်တာ လက်စွပ်မရှိတော့ဘူး၊ အဲဒါ အစ်ကို့သား ယူသွားတာပဲဖြစ်မယ်”

မေမေက ပူလောင်ပြင်းပျ စိတ်လှုပ်ရှားနေသော မျက်နှာဖြင့် ပြောရင်း ကိုမင်းအား စွဲချက်တင် စကားဆိုသည်ကို ဖေဖေက ဘဝင်မကျဟန်ဖြင့် မျက်မှောင်ကုတ်ကာ မေမေ့အား ခပ်စူးစူးလေး စိုက်ကြည့်ကာ. . .။

“ဘယ်လိုပြောလိုက်တာလဲ. . ချယ်”

“အို. . ချယ်ဒီနေ့ရာမှာ သေချာထားထားတာပါဆို၊ လုံးဝသေချာတယ်၊ လက်စွပ်က အတောင်ပံပေါက်ပြီးတော့ ပျံမသွားနိုင်ပါဘူး၊ နောက်ပြီး. . ချယ်တို့ဆီမှာရှိတဲ့ အလုပ်သမားအားလုံးက သစ္စာရှိတာ ချယ်သိတယ်၊ သူတို့မှာ အဲဒီလို အကျင့်ဆိုးတွေလည်း မရှိဘူး”

မေမေ့အသံက တင်းမာပြတ်သားလှ၏။

“ချယ်. . စကားကို မျက်လုံးစုံမှိတ်ပြီး စွတ်မပြောပါနဲ့၊ သေချာပြန်ရှာကြည့်ပါဦး”

“လုံးဝပြန်ရှာစရာ မလိုဘူး. . ကို”

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ ဖေဖေနှင့်မေမေအားကြည့်၍ မသိမသာပင် အောက်နှုတ်ခမ်းလေးအား ဖိကိုက်ထားလိုက်မိသည်။ ကိုမင်းကြောင့် ဖေဖေနှင့်မေမေတို့မှာ တစ်လကိုတစ်ကြိမ်လောက်တော့ အနည်းဆုံး ပဋိပက္ခဖြစ်ကာ စကားအခြေအတင်ပြောရမြဲဖြစ်သည်။

သူမတို့ မိသားစုလေးမှာ ကိုမင်းကြောင့် အမြဲပူဆွေးစိတ်ဆင်းရဲ အနှောက်အယှက်ဖြစ်ခဲ့သည်။ အထူးသဖြင့် မေမေ့မှာ ပို၍စိတ်သောကရောက်ရသည်။ ထို့ကြောင့် သူမစိတ်ထဲတွင် သူ့အပေါ် တွင် မြင်ပြင်းကပ်ကာ သူမတို့မိသားစုလေးထဲတွင် သူမရှိတော့လျှင် ဘယ်လောက်ကောင်းလိုက်မလဲဟု တွေးတောမိလာသည်။

တစ်ရက်ပင် မကြာလိုက်ပါ။ အဖြေမှန်သည် ဘွားကနဲ သူတို့ဆီသို့ ရောက်ရှိလာသည်။ ညနေပိုင်းလောက်တွင် ဖေဖေ့ အသိမိတ်ဆွေတစ်ယောက်က ဖုန်းအဆက်အသွယ်လုပ်ကား

"ဟယ်လို"

"ကိုကောင်းမြတ်မဟုတ်လား၊ ကျွန်တော်အောင်ချစ်





ပါ"

"ဩော်. . အောင်ချစ်ကိုး၊ ပြော. . ပြောဘာကိစ္စရှိသို့လဲ"

"ဟုတ်ကဲ့၊ ကိုကောင်းမြတ်ရဲ့သား မင်းခေါင်က သူ့သူငယ်ချင်းတစ်ယောက်ကို စိန်လက်စွပ်တစ်ကွင်းရောင်းခိုင်းပြီး ကျွန်းတောထဲမှာ ဖဲချတာ ကုန်သွားတယ်တဲ့၊ အဲဒါ ကျွန်တော့်အိမ်ဘေးက ကောင်လေးပြောလို့သိရတာ၊ နောက်ပြီး ကိုကောင်းမြတ်သား ပေါင်းနေတဲ့ လူတွေက တကယ့်ထိတ်ထိတ်ကျဲဖော်တွေတဲ့၊ အဲဒါကြောင့် ကျွန်တော်စိုးရိမ်ပြီးတော့ ကိုကောင်းမြတ်ကို အသိပေးတာ"

"ဩော်. . ဟုတ်ကဲ့ဗျာ၊ ဟုတ်ကဲ့၊ အခုလို သတိပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်၊ နောက်လည်းပဲ သားနဲ့ပတ်သက်ပြီး အကြောင်းတစ်စုံတစ်ရာထူးလို့ရှိရင် ခုလို အကြောင်းကြားပေးပါနော်၊ ကျုပ်တို့ အိမ်ကိုလည်း လာလည်ပါဦး၊ ဖိတ်ခေါ်ပါတယ်"

တစ်ဖက်က ဖုန်းချသွားသည်နှင့်ဖေဖေမှာ စိတ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



ညည်းညူ၍ ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

"ဒီကလေး. . ဘာတွေလျှောက်လုပ်နေရတာလဲကွ"

"ချယ်. . ပြောတယ်မဟုတ်လား ကို၊ အခု ကို့သား ချယ်ထင်ထားတာထက်တောင် အများကြီးပိုဆိုးနေသေးတယ် သူ့ကြောင့် ချယ်တို့မိသားစု ဘယ်လောက်အထိ အရှက်တကွဲ အကျိုးနည်းကိစ္စတွေ ဖြစ်ရဦးမှာလဲ. . ကို"

ဦးကောင်းမြတ်က သူမအား နွမ်းလျသော မျက်ဝန်းများဖြင့် မော့ကြည့်လိုက်ပြီး. . .။

"ချယ်. . အဲဒီလို ခွဲခြားခွဲခြားစကားတွေ မပြောပါနဲ့ကွာ၊ သားမှာလည်း ချယ်နဲ့ပတ်သက်ပြီး ခံစားချက်တွေရှိနေတာ ကိုရိပ်မိတယ်၊ နောက်ပြီး သားက လူငယ်ပဲ၊ လူငယ်တော့လည်း ဘာမှ သိပ်စဉ်းစားတွေးတောဆင်ခြင်နိုင်စွမ်းမရှိပဲ ကြုံရာလူနဲ့ပေါင်းပြီး ခုလိုဖြစ်သွားတတ်ကြတာပဲ၊ အဲဒါ တို့အပြစ်လည်း မကင်းဘူး၊ ကိုယ်တို့နှစ်ယောက်ကလည်း ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေပြီး သားကို သေသေချာချာ ဂရုစိုက်နိုင်ကြဘူးလေ"





သူမ၏ မျက်နှာပြင်မှာ နာကျင်ခံပြင်းမှုတို့ဖြင့် နီရဲခက်ထန်လာကာ. . .။

"ကို. . ကိုက ချယ့်ကို ပြန်ပြီးအပြစ်တင်ဝေဖန်နေတာလား၊ ဒါမှမဟုတ် ချယ့်ကို စိတ်ဓာတ်သေးသိမ်ညှို့ဖျင်းနိမ့်ကျတဲ့ မိန်းမတစ်ယောက်အဖြစ် ကို့ရင်ထဲမှာ ထိန်းချုပ်မျိုသိပ်သတ်မှတ်ထားတာတွေကို ဒီစကားတွေနဲ့ ထုတ်ဖော်ပြောပြလိုက်တာလား၊ ရှင်းရှင်းပြောစမ်းပါရှင်"

ထိုနောက် သူမ၏ နှုတ်ခမ်းများမှာ ကြေကွဲနာကျင်ခြင်းများနှင့်အတူ သရော်မော်ကားဟန်ဖြင့် လှစ်ကနဲ တစ်ချက်တွန့်ကွေးပစ်လိုက်ပြီး. .။

"ချယ်. . တကယ်အံ့ဩတယ် သိလား၊ ကိုက ချယ်နဲ့ယှဉ်ရင် သူ့ကိုပိုပြီး အလေးထားဦးစားပေး လိုအပ်နေသလို ဘာလို့များ သူ့အပေါ် ဒီလောက်နားလည်ခွင့်လွှတ်ပေးနိုင်နေရတာလဲဟင်၊ ချယ်လုံးဝလိုက်မမီတော့ဘူး"

"မဟုတ်ဘူး. . မဟုတ်ဘူး. . ချယ်"

ဦးကောင်းမြတ်က ထိတ်ထိတ်ပျာပျာဖြင့် ဝုန်းကနဲထ



www.burmeseclassic.com

www.burmeseclassic.com



ရပ်၍ သူမ၏ လက်မောင်းနှစ်ဖက်အား ဆုပ်ကိုင်ကာ ဗျာ
သလဲပင် တောင်းပန်စကားဆိုလိုက်၏။

"ကိုယ့်စကားတွေဟာ အဲဒီလို သဘာမျိုးသက်ရော
သွားခဲ့တယ်ဆိုရင် ကိုယ်တောင်းပန်ပါတယ်ကွာ၊ ကိုယ့်မှာ
ဒီလို သဘောဆန္ဒမျိုး မရှိရိုးအမှန်ပါ၊ ကိုယ်နှင့်ချယ်တို့ရဲ့ လ
ထပ်လက်စွပ်အပေါ် ချယ်ဘယ်လောက် အလေးအနက်
ဖိုးထားတယ်ဆိုတာ ကိုယ်သိပါတယ်၊ စိတ်ချပါ၊ ချယ့်လက်
လုံးဝမဆုံးရှုံးစေရပါဘူး၊ ကိုယ်ပြန်ရအောင် လုပ်ပေးပါ့
သားကိုလည်း နားဝင်အောင် ကိုယ်ဆုံးမမှာပါ"

"ချယ်ကလည်း တခြားပစ္စည်းဆိုရင် ဒီလောက်
လေးအနက်ထားပြီး ပြောနေမှာမဟုတ်ဘူး"

မင်းခေါင်တစ်ယောက် သူတို့ပြောသမျှ စကား
လုံးအား နံရံတစ်ခုအကွယ်မှ အသာလေး ငြိမ်နားထောင်
လေသည်။

ခြံစောင့်ဦးလေးထွန်းက သူ့အား ခြံတံခါးလာဖွင့်
ရင်းနဲ့. . .။





"လူလေး. . . လူလေးဖေဖေက လူလေးပြန်လာရင်
ညှော့ခန်းထဲ လွှတ်လိုက်ပါလို့ အဘကိုမှာထားတယ်၊ မျက်နှာ
သည်း တော်တော်မကောင်းဘူး၊ ဘာဖြစ်နေလဲမသိဘူး"

ဆိုကတည်းက ဒီကိစ္စပဲဖြစ်မယ်ဆိုတာကို သူအတတ်
သိရှိလိုက်၏။ အခု သူထင်ထားသည့်အတိုင်းပင် ဖေဖေတို့
ဘယ်လိုသတင်းရသွားခဲ့သည်မသိချေ။

ထိုနောက် ဒေါ်ချယ်ရီတို့ သားအမိညှော့ခန်းထဲမှထွက်
သွားသည်နှင့်. . .။

"ဖေဖေ. . ကျွန်တော့်ကို တွေ့ချင်လို့ဆို"

"အေး. . သား. . ဝင်လာခဲ့လေ"

သူက အခြေအနေအရပ်ရပ်ကို ကောင်းစွာအကဲခတ်
သဘောပေါက်ထားသည့်အတွက် လိမ္မာပါးနပ်စွာနှင့်ပင် ဖေ
မေးသမျှကို အမှန်အတိုင်းပင် ဖွင့်ဟဝန်ခံ၍ ဖေဖေ့ဆိုဆုံးမ
သမျှ အေးဆေးငြိမ်သက်စွာပင် နာခံမှတ်သားနေလိုက်တော့
သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ ချယ်နှင့်ကို၏ကြားတွင် သူနှင့်ပတ်သက်၍ ပဋိပက္ခရန်ပွဲ.သေးသေးမွှားမွှားကလေးဖြစ်လိုက်၊ ပြန်အဆင် ပြေလိုက်ရှိနေခဲ့ရာမှ ထိုနေ့တွင်းမိတ်ဆွေတစ်ယောက်မင်္ဂလာ ဆောင်၌ သူနှင့်ပတ်သက်၍ ကြားသိခဲ့ရသော စကားကြောင့် ချယ်မျက်နှာပင် ဘယ်နားထားရမှန်းမသိအောင် မျက်နှာ ပြင်လုံး ရောင်ရမ်းထူပူလာကာ ရှက်စိတ်၊ ဒေါသစိတ်တို့ နှလုံးသားတွေ ဝုန်းဒိုင်းကြခုန်ပေါက်လျက် တစ်ကိုယ်လုံး သားတဆတ်ဆတ်တုန်ကာ မင်္ဂလာဆောင်ခန်းမထဲ၌ ဟန် မဆောင်နိုင်တော့ပဲ အမြန်ပြေးထွက်လာခဲ့မိသည်။

အိမ်ပြန်ရောက်သည်နှင့်အားချင်း ကို့ကို အလုပ်မှ ဆက်ခေါ်ကာ အမောတကော ပြန်ပြေးလာရှာသော ကို့မျက် နှာကိုပင် မထောက်မထားမငဲ့ညှာနိုင်တော့ပဲ ချယ့်ရင်ထဲတွင် ရှက်စိတ်၊ နာကျည်းစိတ်၊ မခံချင်စိတ်တို့မှာ အားကောင်းပြင်း ထန်သော အစိုင်အခဲအဖြစ် တင်းကျပ်ပြည့်သိပ်စွာ ရှိနေခဲ့ ဖြစ်၍ ပထမဦးဆုံး ကို့အပေါ်တွင်သာ အားလုံးပုံချပေါက် ခဲ့လေသည်။





ထို့အတူ ချယ်၏ပါးပြင်ပေါ်တွင်လည်း ပူနွေးစွတ်စို သော မျက်ရည်များက စိုရွှဲနစ်နေပြီဖြစ်သည်။ ကိုသည် သွေး ရှိသလို မျက်နှာဖြင့် ဖျတ်ကနဲငြိမ်ကျသွားခဲ့ပြီး ချယ့်အားမ ခင်မရဲလည်းဖြစ်၊ မယုံကြည်နိုင်လောက်အောင်လည်းဖြစ်သော လုံးများဖြင့် ဘာမှမပြောနိုင်ပဲ အချိန်အကြာကြီး ငေးမော ကြည့်နေသည်။

“ဒါ . . ဒါတကယ်ပဲလား”

ကိုက နောက်မှ အိပ်မက်မှ ကယောင်ချောက်ချား နိုးလာသူတစ်ယောက်ကဲ့သို့ ခြောက်ကပ်ကွဲအက်နေသော အသံဖြင့် ရေရွတ်လိုက်သည်။

“ကျွန်မက သက်သက်လုပ်ကြံဇာတ်ထွင်ပြီး ပြောနေ ဘယ်ထင်လို့လား”

“ဘယ်လိုဖြစ်ရတာလဲကွာ၊ သားကို ဒီလောက်အထိ သွမ်းလိမ့်မယ်လို့ ကိုတစ်ခါမှ မတွေးခဲ့မိဘူး၊ သားက သူ့ တ်ဆွေ အပေါင်းအသင်းတွေနဲ့ ညဘက်ကလပ်မှာ ညဥ့်ငှက်



www.burmeseclassic.com

www.burmeseclassic.com



မလေးတွေနဲ့အတူ ပျော်ပါးခဲ့တယ်ပေါ့. . ဟုတ်လား"

"အမှန်ပဲ၊ သူက အဖတ်ဆယ်လို့တောင် မရတော့ လောက်အောင်ကို ပျက်စီးလေလွင့်နေတဲ့ လူတစ်ယောက်ပဲ ရှင်ဘယ်လိုပဲ ကြိုးစား၊ကြိုးစား ဘာမှဖြစ်လာမယ့်သူ မဟုတ်တော့ဘူး၊ အဲဒီတော့ ဒီနေ့ပဲ ရှင့်ကို ကျွန်မပြတ်ပြတ်သားသား မေးမယ်၊ ကျွန်မတို့သားအမိနှစ်ယောက်နဲ့သူ ဘယ်သူ့ကို ရှင် ရွေးချယ်မလဲ"

"ချယ်. . ကိုယ်. . ကိုယ်တောင်းပန်ပါတယ်ကွာ၊ကိုယ့်ကို ခေါင်းကျပ်နံကျပ်ဖြစ်အောင် ချောင်ပိတ်မရိုက်ပါနဲ့၊ ကိုယ်သားအပေါ် ဒီလောက်မရက်စက်ချင်ဘူး၊ နောက်ပြီး သားနဲ့ ကိုယ်တို့ကြားမှာရှိတဲ့ အနှစ်နှစ်ဆယ်ကျော်ဆိုတဲ့ သံယောဇဉ်"

"တော်ပါတော့ရှင်၊ တော်ပါတော့၊ ကျွန်မကို ရှင်ဒီသံယောဇဉ်ဆိုတာကြီးနဲ့ တုပ်နှောင်အကြပ်ကိုင်ဖို့ မကြိုးစားပါနဲ့တော့၊ သူ့ကို ကျွန်မအရမ်းစိတ်ကုန်သွားပြီ"

"အဲဒါကြောင့် ရှင့်ကို ကျွန်မအစောကြီးကတည်းက ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားလုပ်ဖို့ပြောတာ၊ မျိုးရိုးဗီဇသွေးဆိုတာ ပျောက်ဖျက်ရခက်တယ်ဆိုတာ အခုရှင်ယုံပြီ ဟုတ်လား၊ အဲဒါ တကယ်တော့ ကျွန်မတို့အမှားပဲ၊ ဘယ်လို ဘာမျိုးရိုးက ပေါက်ဖွားဆင်းသက်လာတယ်မသိတဲ့ ကလေး တစ်ယောက်ကို မေတ္တာစေတနာကြီးမားစွာနဲ့ မွေးစားမိခဲ့တဲ့ ကျွန်မတို့အမှားပဲ၊ ကျွန်မတို့ အကြီးအကျယ်မှားသွားကြတယ်၊ အခု သူ့မိဘတွေရဲ့ အဆင့်အတန်းဟာ ဘာလဲဆိုတာကို သူ့ရဲ့ပြုမူလုပ်ရှားမှုတွေနဲ့ သက်သေပြလိုက်ပြီလေ၊ သိပ်ရှက်ဖို့ ကောင်းတာပဲ၊ ကျွန်မတို့ မျိုးရိုးမှာ ဒီလိုသွေးဆိုးသွေးညစ်တွေ လုံးဝမရှိဘူး"

ဒေါ်ချယ်ရီ၏ အသံက ဒေါသလှိုင်းများကြောင့် တုန်ယင်အက်ကွဲ၍ ပို၍ကျယ်လောင်စူးရှသွားပြီး. . .။

"အခု ရှင့်ကို ကျွန်မက လွတ်လပ်စွာ ရွေးချယ်ဖို့ပြောနေတာနော်၊ ရှင်ကြိုက်တဲ့လမ်းကို ရွေးချယ်နိုင်တယ်၊ ရှင့်ကို ကျွန်မလုံးဝအပြစ်မပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းမြတ် သူမထံမှ တစ်ခါမှ ဒီလောက်အထိ ပေါက်ကွဲရုန်းကြွဆူပူခြင်းမျိုးအား မတွေ့မမြင်ခဲ့ဖူး၍ သူ့ရင်ထဲတွင် အတော်ပင် စိုးထိတ်ခြောက်ချားပူလောင်သွားရသည်။ မင်းခေါင်၏ အပြစ်များကလည်း သည်းခံခွင့်လွှတ်ကျေနပ်နိုင်စရာမရှိချေ။

"ရှင့်အတွက် ရွေးချယ်ရသိပ်ခက်နေမယ်ဆိုရင် ကျွန်မတို့ သားအမိပဲ ဒီအိမ်ကြီးပေါ်က ဆင်းသွားပါ့မယ်"

"ဟာကွာ၊ အဓိပ္ပါယ်မရှိတာပဲ၊ ချယ်နှင့်သမီးလေးတဘယ်တော့မှ ဒီအိမ်ကြီးပေါ်က ဆင်းသွားစရာ အကြောင်းမရှိဘူး"

သူမ၏ မျက်ဝန်းအစုံမှာ ဖျတ်ကနဲ တစ်ချက်ဝင်းလက်သွားပြီး. . .။

"ကောင်းပြီ၊ ဒါဆို ကျွန်မ. . ရှင့်ကို တောင်းဆိုစရာတစ်ခုရှိတယ်"

"ဘာများလဲ"





"ကျွန်မတို့နှစ်ယောက် ပိုင်ဆိုင်သမျှ ပစ္စည်းအားလုံးကို ရွှေနေ၊ ရွှေနေချုပ်တွေခေါ်ပြီး သမီးလေးနာမည်နဲ့ ကြိုလွှဲပေးထားချင်တယ်၊ သူ့ကိုလည်း ပစ္စည်းတချို့ တစ်ဝက်ပေးလိုက်မယ်"

"အင်း. . ချယ့်သဘောပဲကွာ၊ ကိုယ်ဘာမှ မပြောချင်တော့ဘူး၊ ချယ့်စိတ်တိုင်းကျ ဖြစ်စေရပါ့မယ်"

ထိုနောက် ချယ်ကိုယ်တိုင် စီစဉ်သင့်တာတွေစီစဉ်၍ အားချင်းအသိမိတ်ဆွေများမှတဆင့် နာမည်ကြီးရှေ့နေများဆီသို့ ဖုန်းဆက်အကြောင်းကြားပြန်သည်။

"ကို. . . ချယ်ကတော့ အမွေကိစ္စကို သန်ဘက်ခါပဲ အားချင်းစီစဉ်လိုက်ပြီ"

"ချယ်. . ကြိုက်သလိုလုပ်ကွာ၊ ကိုယ်ကတော့ ဘာမှ မပြောတတ်တော့ဘူး"

ချယ်တစ်ယောက် အခုကဲ့သို့ အလောတကြီးဆောင်ရွက်ချက်များကြောင့် အင်မတန်ဆိုးဝါး ပြင်းထန်ရက်စက်ခါး



www.burmeseclassic.com

www.burmeseclassic.com



သီးလှသော ကံကြမ္မာမုန်တိုင်းတစ်စင်းက သူမတို့၏ ဘဝအား ရစရာမရှိအောင် အပိုင်းပိုင်းအစစ ကြေမွရိုက်ချိုး၍ ပျက်စီးသွားခဲ့မယ်မှန်း ကြိုတင်သိမြင်ခွင့် ရခဲ့မည်ဆိုပါလျှင်. . .။

## အခန်း – ၁၆

### ဗုန်တိုင်း

မင်းခေါင်ညွှန့်ခန်းထဲသို့ ဝင်လိုက်သည်နှင့် ဦးကောင်းမြတ်တို့သုံးယောက်၏ မျက်နှာအား တွေ့မြင်လိုက်သည်နှင့် သူ၏ရင်ထဲ၌ ထိတ်ကနဲဖြစ်သွားသည်။ ဘယ်လိုလူတွေ ဘယ်သို့အာချောင်လိုက်ပြီလဲဟု သူ၏စိတ်ထဲမှ ထိုလူများကို ကြိတ်၍ကျိန်ဆဲလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းခေါင်. . အခု ဘယ်နှစ်နာရီရှိပြီလဲ၊ ဆယ့်တစ်နာရီကျော်နေပြီကွ၊ ဒါ. . လူကောင်းတွေ အိမ်ပြန်ချိန်မဟုတ်ဘူး"

မင်းခေါင်က သူတို့နှင့်ခပ်လှမ်းလှမ်းတွင် ခေါင်းငုံ့ငြိမ်သက်နေရာမှ. . .။

"ခွင့်လွှတ်ပါ. . ဖေဖေ၊ ကျွန်တော်. . နောက်တစ်ခါ ဒီလိုမဖြစ်စေရပါဘူး"

သူ. . တိုးလျှလျှအသံဖြင့် တောင်းပန်စကားဆိုလိုက်၏။ ဦးကောင်းမြတ်က သူ့ရှေ့သို့ နီရဲခက်ထန်မာကျောစွာဖြင့် လျှောက်လာကာ. . .။

"မင်းရဲ့ အပြစ်တွေက ခွင့်လွှတ်နိုင်စရာကောင်းလို့လား. . မင်းခေါင်၊ သေချာပြန်စဉ်းစားကြည့်ပါဦး"

"ဗျာ"

သူ၏ဦးခေါင်းမှာ ဆတ်ကနဲ ထောင်မတ်သွားပြီး ဘာမှ မသိနားမလည်သော မျက်လုံးများဖြင့် မော့ကြည့်လိုက်၏။

ထိုစဉ် ဦးကောင်းမြတ်က နှာခေါင်းကို တစ်ချက်ရှုံ့လိုက်ပြီး. . .။





"ဟင်. . မင်း. . မင်းအရက်တွေ သောက်ထားတယ်ဟုတ်လား"

"ဟုတ်. . ဟုတ်ကဲ့၊ သူငယ်ချင်းတွေက. . ."

"ကဲကွာ၊ ငါ့မျက်နှာကို အိုးမည်းသုတ်တဲ့ကောင်၊ ကျေးဇူးကန်းတဲ့ကောင်"

"ခွပ်"

သူ၏ ဒေါသတရားများမှာ အထွတ်အထိပ်သို့ရောက်ရှိသွားကာ မျက်လုံးထဲ၌ ဘာမှမမြင်နိုင်တော့လောက်အောင် ဒေါသတရားများက ဖုံးအုပ်သွားခဲ့လေသည်။

သူ၏ ပြင်းထန်လှသော လက်သီးဒဏ်ကြောင့် မင်းခေါင်၏ ကိုယ်မှာ နောက်သို့လည်စင်းကျသွားပြီး နှာခေါင်းထဲမှ သွေးများဖြာဆင်းထွက်ကျလာသည်။

မင်းခေါင် မျက်နှာထက်မှ နာကျင်မှုထက် နှလုံးသားဆီမှ နာကျင်မှုက ပို၍ ဆိုးဝါးပြင်းထန်သွားခဲ့သည်။ သူ၏မျက်လုံးများက ဒေါ်ချယ်ရီတို့ သားအမိဆီသို့ ဖျတ်ကနဲရောက်ရှိသွားချိန်၌ ထိုနာကျင်မှုမှာ ဗုံးတစ်လုံးထက်ပင် အဆပေါင်း



www.burmeseclassic.com

www.burmeseclassic.com



များစွာ ပိုပြင်းထန်သွားခဲ့လေသည်။

သူမတို့သားအမိနှစ်ယောက်၏ မျက်ဝန်းများထဲတွင် သူ့အား အလွန်အထင်အမြင်သေးစရာ သတ္တဝါတစ်ကောင် အား ကြည့်သောအကြည့်မျိုးဖြင့်ကြည့်ကာ အားရကျေနပ်နေ သည့် အရိပ်အယောင်အချို့ကိုလည်း တူညီစွာပင် တွေ့မြင် လိုက်ရသည်။

သူ့အား လူတစ်ယောက်က ပထမဦးဆုံးအကြိမ် သွေး ထွက်သံယိုဖြစ်အောင် လုပ်ခဲ့ခြင်းအပေါ် သူဘယ်တော့မှ မေ့ ပျောက်ကျေနပ်ခွင့်လွှတ်နိုင်တော့မည်မဟုတ်ပေ။

အခု သူ့ရင်ထဲ၌ အာဃာတ အငြိုးကြီးကြီးဖြင့် နာ ကျည်းမုန်းတီးခြင်းတို့အား မျက်နှာပေါ်တွင် တစ်စက်ကလေး မျှ ထုတ်ဖော်ပြသခြင်းမရှိပဲ ရင်ထဲ၌သာ လျှို့ဝှက်လုံခြုံသိုသိပ် စွာ မျိုသိပ်ထိန်းချုပ်ထားလိုက်ပြီး အလွန်တရာ စိတ်ထိခိုက် ဝမ်းနည်းကြေကွဲသော မျက်နှာဖြင့်. . .။

"ဖေဖေ. . ကျွန်တော့်ကို အပြစ်ရှိလို့ ရိုက်တယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်ဗျာ၊ ဖေဖေမကျေနပ်သေးဘူးဆိုရင်





ကျွန်တော့်ကို ကြိုက်သလို ဆုံးမအပြစ်ပေးနိုင်ပါသေးတယ်"

ဦးကောင်းမြတ် စိတ်ဆင်းရဲကြေကွဲစွာဖြင့်ပင် ခေါင်း သွင်သွင်ခါရမ်းလိုက်၏။

"တော်ပြီ. . . မင်းခေါင်၊ ဖေဖေ. . မင်းကို အရမ်းစိတ် တုန်သွားပြီ၊ အဲဒီတော့ မနက်ဖြန်ကျရင် မင်းရသင့်ရထိုက်တဲ့ ပစ္စည်းအချို့ကို ဖေဖေပေးမယ်၊ ဖေဖေတို့နဲ့ မင်းဘာမှမသက် ဆိုင်တော့ဘူးလို့ သဘောထားလိုက်ပါ"

မင်းခေါင်၏ ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါ ယိမ်းယိုင် သွားပြီး သူ့အား ကျောခိုင်းပစ်လိုက်သော ဦးကောင်းမြတ်၏ ကျောပြင်အား မယုံကြည်နိုင်ခြင်း၊ အံ့သြခြင်းတို့ ပြည့်နှက်နေ သော မျက်ဝန်းများဖြင့် စိုက်ကြည့်မိသည်။

"ဖေ. . ဖေ. . ."

ဦးကောင်းမြတ် လက်တစ်ချက်ကာလိုက်ပြီး. . .။

"တော်ပြီ. . သား၊ ဖေဖေ ဘာစကားမှ မကြားချင် တော့ဘူး"

မင်းခေါင် အခြေအနေအရပ်ရပ်အား ကောင်းစွာသ



www.burmeseclassic.com

www.burmeseclassic.com



ဘောပေါက် နားလည်လိုက်ပြီဖြစ်သည်။ သူဘာလုပ်သင့်သည်ဆိုတာကိုလည်း အပြေးအလွှား စဉ်းစားနေမိသည်။

"ဖေဖေ. . . ကျွန်တော် နောက်ဆုံးအနေနဲ့ တစ်ခုခုတောင်းဆိုချင်တယ်၊ ကျွန်တော် ဖေဖေတို့ဆီက ဘာပစ္စည်းတစ်ခုမှ မလိုချင်ပါဘူး၊ ကျွန်တော့်ကို ဒီအိမ်ကြီးမှာ နောက်နှစ်ရက်လောက် ဆက်နေခွင့်ပေးပါ"

"ရပါတယ်၊ ဖေဖေတို့ သားကို ဒီလောက်တော့လိုက်လျောနိုင်ပါတယ်"

"ကောင်းပြီ၊ ဒီအခွင့်အရေးကို ခင်ဗျားကိုယ်တိုင် ကျေကျေနပ်နပ်နဲ့ လိုလိုလားလား ပေးလိုက်တာနော်၊ အဲဒီအတွက် ခင်ဗျား နောင်တမရပါစေနဲ့၊ မင်းခေါင်ဆိုတဲ့ကောင်ဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ ခင်ဗျားတို့ ကောင်းကောင်းသိစေရမယ်"

ဟုတိတ်တဆိတ်ပင် ကျိန်ဆိုလိုက်လေသည်။

ထိုနောက် အလွန်စိတ်ပျက်ကြေကွဲဟန်ဖြင့် ခေါင်းငိုက်စိုက်ချကာ ဧည့်ခန်းထဲမှ လှည့်ထွက်လာခဲ့လေတော့သည်။

* * *





ည. . .။

နှင်းမှုန်များ ထူထပ်သိပ်သည်းစွာ အဆက်မပြတ်ကျဆင်းနေသော ညဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံးမှာ မြူနှင်းများအောက်၌ တိတ်ဆိတ်ငြိမ်သက်စွာရှိနေ၏။

ရေခဲတမျှ အေးစိမ့်လှသော ညလေပြင်းများကလည်း တသုန်သုန် တိုက်ခတ်နေသည့်အတွက် လမ်းကြိုလမ်းကြားရှိ ခွေးလေခွေးလွင့်များပင် ပျောက်ချင်းမလှ ပျောက်ကွယ်နေလေသည်။

ဒီဇင်ဘာလ၏ အရိုးကွဲမတတ် အအေးဒဏ်မှာ ပြင်းထန်လှ၏။

"ဒေါက်. . . ဒေါက်. . ."

"ဘယ်သူလဲ"

"ကျွန်တော်ပါ. . ဖေဖေ၊ ဖေဖေနှင့်မေမေတို့ကို ကျွန်တော်မထွက်သွားမီ နောက်ဆုံးအနေနဲ့ ကန်တော့သွားချင်လို့ပါ"

ဦးကောင်းမြတ် ဇနီးဖြစ်သူထံသို့ အံမိပွါယ်ကါသော



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများဖြင့် တစ်ချက်လှမ်းကြည့်လိုက်၏။ သူမက နေမကောင်းဖြစ်နေသော သမီးလေးနှင်းဆီ၏ နဖူးပြင်ပေါ်မှ ရေတပ်တင်ထားသော အဝတ်စအား ဘယ်ညာပြောင်းပြန်လှန်ပေးရင်း ဦးခေါင်းအား အသာအယာ ညိတ်ပြလိုက်၏။

"ဩော်. . အေး. . အေးလာပြီ"

"ကျွိ"

"ဟင်"

ဦးကောင်းမြတ် တံခါးဖွင့်လိုက်သည်နှင့် မင်းခေါင်နှင့်အတူ လူစိမ်းနှစ်ယောက်အား ဘွားကနဲတွေ့မြင်လိုက်ရသဖြင့် အနည်းငယ် ကြောင်အမ်းအမ်းဖြစ်သွားစဉ်. . .။

"ဒွပ်"

"အား"

လူစိမ်းနှစ်ယောက်အနက် သူနှင့်အနီးဆုံးရှိနေသည့်လူစိမ်းက လျှပ်တပြက် မျက်စိတစ်မှိတ်အတွင်းမှာပင် အလွန်ချွန်ထက်အေးမြသော ဓားသွားအား သူ၏ ဘယ်ဘက်ရင်အုံထဲသို့ ဖျတ်ကနဲ ထိုးစိုက်ချလိုက်လေသည်။





"မင်း. . ခေါင်၊ မင်း. . မင်းခွေးလောက်တောင် ကျေးဇူး. . မ. . . သိတတ်. . ."

ဝုန်း. . .။

မင်းခေါင်က စကားပင်ဆုံးအောင်မပြောနိုင်တော့ပဲ လဲကျသေဆုံးသွားသော ဦးကောင်းမြတ်၏ မျက်နှာကို လှောင်ပြောင်ထေ့ငေါ့သော အပြုံးတစ်စဖြင့်. . .။

"ခင်ဗျား. . ကျုပ်ကို ဘာပြောထားလဲ၊ ကျုပ်နဲ့ ခင်ဗျားတို့ကြားမှာ ဘာတစ်ခုမှ ပတ်သက်ဆက်နွယ်မှု မရှိတော့ဘူးဆို"

ထိုနောက် သူတို့သုံးယောက်မှာ ဦးကောင်းမြတ်၏အလောင်းအား ဖြတ်ကျော်၍ အခန်းထဲသို့ ဝင်လာကြသည်။ ဒေါ်ချယ်ရီတစ်ယောက် ကြက်သေသေနေရာမှ ဖျတ်ကနဲအသိဝင်လာပြီး. . .။

"ဒေါ်. . ဒေါ်ညို၊ ဦးလေးထွန်း. . လှဘော်"

ဟူ၍ အားကိုးတကြီးပင် အသံကုန် အော်ဟစ်ခေါ်လိုက်၏။ သူတို့သုံးယောက် အေးဆေးသော ခြေလှမ်းများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်လှမ်းချင်းလျှောက်လာကာ. . .။

"ဟင်း. . ဟင်း. . ခင်ဗျားကြီး သူတို့ကို လေကုန်ခံပြီး အော်မခေါ်နဲ့တော့၊ သူတို့က ခင်ဗျားတို့ကို လုံးဝအကူအညီ ပေးနိုင်တော့မှာမဟုတ်ဘူး"

သူမ. . သမီးဖြစ်သူအား တင်းတင်းကြပ်ကြပ် ဖိုက် ပွေ့ထားလျက် မျက်ရည်များ တသွင်သွင် စီးကျနေလေသည်။

"မင်း. . . မင်းလူယုတ်မာ"

မင်းခေါင်က သူမအား အလွန်ကောက်ကျစ်စဉ်းလဲ ကာ ရက်စက်ကြမ်းရှရိုင်းစိုင်းသော မျက်လုံးများဖြင့် စူးစိုက် ကြည့်ရင်း မျက်ခုံးအစုံအား ဟန်ပါပါ ပင့်တင်လိုက်သည်။

"ဩော်. . ကျုပ်လူယုတ်မာတစ်ယောက်ဖြစ်မှန်း ခင် ဗျားအခုမှ သိသလား၊ အင်. . အခုချိန်မှသိတော့ ခင်ဗျားတို့ အရမ်းနောက်ကျသွားပြီဗျာ"

"မင်းလိုမျိုး မိဘမဲ့ လမ်းလေလမ်းလွင့် ကလေးတစ် ယောက်ရဲ့ အသက်ကို ကယ်တင်ပြီး သူကောင်းပြုမိတဲ့ ငါတို့ လင်မယားနှစ်ယောက်ရဲ့ ရလာဒ်က ဒါလား"





"တိတ်စမ်း. . ခင်ဗျား ကျုပ်ရဲ့ နှလုံးသားကို စကား လုံးတွေနဲ့ ထိုးနှက်နင်းခြေတိုက်ခိုက်ဖို့ မကြိုးစားပါနဲ့၊ ခင်ဗျား အခြေအနေကို ကောင်းကောင်းသဘောပေါက်နားလည်သင့် တယ်၊ ကျုပ်ရဲ့ ဒေါသကို စကားလုံးတွေနဲ့ မထိုးဆွပါနဲ့၊ ကဲ. . ကဲ. . ကျုပ်စိတ်ကောင်းဝင်နေတုန်းလေး ခင်ဗျားတို့ လင်မယား ရဲ့ ကျေးဇူးတရားကို ထောက်ထားငဲ့ညှာလိုက်သောအားဖြင့် ကျုပ်အခွင့်အရေးတစ်ခုပေးမယ်"

"ဘာလဲ"

"ခင်ဗျားတို့ သားအမိနှစ်ယောက်ရဲ့ အသက် မသေ ချင်ဘူးဆိုရင် လောကမှာ ဆက်နေချင်သေးတယ်ဆိုရင်ပေါ့ လေ၊ မီးခံသေတ္တာသော့ကို ကျုပ်လက်ထဲအပ်ပါ"

"မင်းရဲ့ စကားကို ယုံကြည်လို့ရပါ့မလား"

"ဒါကတော့ ခင်ဗျားအပေါ် မူတည်တယ်လေ"

"ရော့. . ယူသွား. . ယူသွား၊ နင်တို့လိုချင်တာ ဒီပစ္စည်း မဟုတ်လား၊ ယူသွား. . အကုန်လုံးယူသွားကြတော့"

"ဟား. . ဟား. . ဟား. . ဒီလိုနားလည်တက်မှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး မီးခံသေတ္တာသော့ကိုယူကာ 'သေတ္တာထဲမှ ရွှေ၊ ငွေနှင့်လက်ဝတ်ရတနာများကို ထုတ်ယူလိုက်ကြသည်။

ထိုစဉ် မင်းခေါင်၏ အဖော်နှစ်ယောက်အနက် တစ်ယောက်သောသူက ဒေါ်ချယ်ရီ၏ ရင်ခွင်ထဲမှ ပန်းသွေးချယ်ရီထံသို့ တစ်ချက်လှမ်းကြည့်ကာ. . .။

"မင်းခေါင်. . မင်းညီမလေးက အတော့်ကိုလှတာပဲ၊ သူ့ကို ငါလိုချင်တယ်"

သူ့စကားကြောင့် ဒေါ်ချယ်ရီ၏ ရင်ထဲတွင် ပြင်းထန်စွာ ပေါက်ကွဲသွားကာ အော်ဟစ်ကျိန်ဆဲလိုက်သည်။

"ခွေးတိရစ္ဆာန်. . အရွယ်မရောက်သေးတဲ့ ကလေးကိုတောင် ချမ်းသာမပေးချင်ဘူး၊ နင်တို့ဟာ အသေဆိုးနဲ့ သေမယ့်ကောင်တွေပဲ"

"ဟာ. . ဒီအဘွားကြီး၊ ကဲကွာ. . ."

ထိုလူက ဒေါသကြီးစွာဖြင့် ဒေါ်ချယ်ရီ၏ ရင်ဝသို့ ဓားနဲ့ထိုးစိုက်ချလိုက်သည်။

"အား. . ."



ဒေါ်ချယ်ရီမှာ စူးစူးရှရှ အော်ဟစ်ရင်း လဲကျသေဆုံးသွားလေသည်။ သူမလဲကျသေဆုံးသွားသည်နှင့် ပန်းသွေးနှင်းဆီသည် ဆောက်တည်ရာမရ အော်ဟစ်ငိုကြွေးလေသည်။

"ဟင်. . မေမေ. . မေမေ၊ လူယုတ်မာတွေ၊ ငါ့အမေကို သတ်တဲ့ လူယုတ်မာတွေ"

သူမ ဒေါသကြီးစွာ အော်ဟစ်ရင်း ထိုသူ့ထံသို့ ပြေးသွားကာ ကုတ်ခြစ်ရိုက်ပုတ်လိုက်သည်။ ထိုလူက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလျက်. . .။

"ဟဲ. . ဟဲ. . ဟဲ. . ဒီကောင်မလေးက မလွယ်ပါလား ငါက ဒါမျိုးမှကြိုက်တာ"

ပြောပြီး အခန်းထဲသို့ ဆွဲခေါ်သွားသည်။ မင်းခေါင်နှင့်ကျန်ရှိသော အဖော်က အားပါးတရ ရယ်မောလိုက်ကြပြီး။

"ဟော့ကောင်. . မင်းပြီးရင် ငါ့အလှည့်ပဲဟေ့"

ထိုနောက် သူတို့အားလုံးသည် ပန်းသွေးချယ်ရီအား ဆန္ဒရှိသလို အသုံးပြုပြီးနောက် သတိမေ့နေသည့် ပန်းသွေးချယ်ရီအား ပစ်ထားခဲ့ကာ အိမ်ထဲမှ လှမ်းထွက်လိုက်ကြပြီး

www.burmeseclassic.com

www.burmeseclassic.com



ခြေစလက်စပျောက်စေရန် အိမ်ကို မီးရှို့လိုက်ကြသည်။

ပန်းသွေးနှင်းဆီသည် သတိမေ့နေရာမှ မီးလောင်သော အပူရှိန်ကြောင့် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အိမ်ထဲမှ ပြေးထွက်လာပြီး လမ်းဘေးတစ်နေရာအရောက် မဟန်ပဲ လဲကျမေ့မြောသွား၏။

* * *

ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေ၏။ ပန်းသွေးနှင်းဆီသည် မည်းနက်သော အမှောင်ထုထဲတွင် မောဟိုက်ပင်ပန်းစွာ ပြေးလွှားနေသည်။ သူမရင်ထဲမှ စူးရှနာကျင်သော ဝေဒနာဆိုးကို ခံစားရကာ အမှောင်ထုထဲမှ ရုန်းထွက်လွတ်မြောက်ရန် ပြေးလွှားနေခြင်းဖြစ်၏။

ထိုစဉ် သူမ၏ မိခင်နှင့်ဖခင်တို့နှစ်ယောက် သွေးသံရဲရဲနဲ့ ရောက်ရှိလာကာ သူမလက်ကို တစ်ဖက်တစ်ချက်ဆီမှ ဆွဲ၍ ခေါ်ဆောင်သွားကြသည်။





သူမသည် မြေပြင်နှင့်ခြေထောက် ထိတွေ့မှုမရှိပဲ ဖခင်နှင့်မိခင်တို့၏ ဆွဲခေါ်ရာသို့ လိုက်ပါသွားရာ မကြာမီ အလင်းတန်းလေးတစ်ခုကို တွေ့မြင်လိုက်ရ၏။

သူမ၏ဖခင်နှင့်မိခင်တို့သည် ထိုအလင်းတန်းထဲသို့ သူမအား တွန်းပို့လိုက်ကြပြီး ပျောက်ကွယ်သွားသည်။

"ဖေဖေ. . မေမေ. . ."

သူမအော်ဟစ်ခေါ်ရင်း ငိုကြွေးလိုက်၏။

"ဟော. . သမီး. . သမီး. . သတိရပြီလား"

ထိုအသံကြောင့် သူမဦးခေါင်းအား ငဲ့ကြည့်လိုက်ရာ ဆံပင်ဖြူများ တစ်ခေါင်းလုံးဖြူဖွေးနေသော တရုတ်အဘိုးအိုတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

"ကျွန်. . ကျွန်မဘယ်ရောက်နေလဲဟင်"

"သမီး. . တောလမ်းထဲမှာ သတိလစ်မေ့မြောနေလို့ အဘက ကယ်လာခဲ့တာ၊ ဘယ်လိုကံကြမ္မာဆိုးတွေ တွေ့ခဲ့လို့လဲ. . . ကလေးရယ်"

ပန်းသွေးနှင်းဆီ မိမိ၏ အခြေအနေကို ပြန်လည်ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြုကာ ငိုကြွေးလိုက်သည်။

"ဩော်. . ကံဆိုးလိုက်တာ၊ ဒါပေမယ့် ဒါတွေအားလုံးကို မေ့ပစ်လိုက်ပါတော့၊ ဘဘက ဆေးဆရာတစ်ယောက်လေ ဘဘမှာ မွေးစားသမီးတစ်ယောက်ရှိတယ်၊ သမီးနဲ့ဆိုရင် နှစ်ယောက်ပေါ့"

## အခန်း – ၁၇

## သံယောဇဉ်လွင်ပြင်

ပန်းသွေးနှင်းဆီသည် စကားဆုံးသည်နှင့်မိုင်ထောင်ခိုဝေးသော ခရီးကို ဖြတ်ပြေးလာသည့်အလား မောပန်းနွမ်းယ်ကာ မျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူရော်ဖြစ်နေ၏။ သူမ၏ မျက်ဝန်းထဲတွင် နာကျည်းကြေကွဲခြင်းအရိပ်များ ပြည့်နှက်နေပြီး ရုတ်တရက် ပါးစပ်ဟကာ အသက်ပြင်းပြင်းရှူရှိုက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီ. . မင်းဘာဖြစ်သွားလဲ"

မေးလိုက်စဉ် ပန်းသွေးနှင်းဆီနှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာကာ ရင်ဘတ်ကို လက်ဝါးနှင့်ဖိကပ်ခြင်းကို တွေ့မြင်လိုက်ရသည်။ သူမထိုင်ရာမှထကာ စားပွဲအံဆွဲကိုဆွဲဖွင့်၍ အဖြူရောင်ပုလင်းတစ်လုံးကို ထုတ်ယူလိုက်ပြီး အဖုံးဖွင့်ကာ အနီရောင်ဆေးမှုန့်များအား ပါးစပ်ထဲသို့ လောင်းထည့်လိုက်၏။ အာကာဝေယံ စားပွဲပေါ်တွင် အေးစက်နေပြီဖြစ်သော ရေနွေးကြမ်းရည်ပန်းကန်လုံးကို သူမထံသို့ လှမ်းပေးလိုက်လျှင် သူမအလိုက်သင့် ယူမော့လိုက်သည်။ ထိုနောက် သူမ ကုလားထိုင်ကိုမှီကာ မျက်ဝန်းများ မှေးမှိတ်ငြိမ်သက်နေလေ၏။ အာကာဝေယံ သူမကို အကဲခတ်ကြည့်ရင်း. . .။

"နှင်းဆီ. . မင်းမှာ ရောဂါတစ်ခုခုရှိနေသလား"

ပန်းသွေးနှင်းဆီ ခေါင်းကို ဖြည်းညှင်းစွာ ညိတ်ပြလိုက်လေသည်။

"ဟုတ်တယ်၊ ကျွန်မမှာ ရောဂါဆိုးတစ်ခုရှိနေတယ်"

"ဘယ်လိုဖြစ်ရတာလဲကွာ"





အာကာဝေယံ မေးရင်း သူမအား စူးစူးစိုက်စိုက်ကြည့်နေ၏။ ပန်းသွေးနှင်းဆီ၏ မျက်နှာပေါ်တွင် နာကျည်းကြေကွဲသော အပြုံးတစ်ခု ပေါ်လွင်လာသည်။

"ဒဏ်ရာတွေလေ၊ ဒဏ်ရာတွေပေါ့၊ လူ့ဘဝရဲ့ နုနယ်စဉ်အချိန်လေးမှာ ကံကြမ္မာရဲ့ ပြင်းထန်တဲ့ ရိုက်နှက်ချက်နဲ့ လူဆေနဲ့ အရိုင်းအစိုင်းတွေကြောင့် ကျွန်မရင်ထဲမှာ စူးစူးနစ်နစ် ခံစားခဲ့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေလေ၊ ကျွန်မရင်ဘတ်ကို သူတို့ ထိုးနှက်ထားတဲ့ ဒဏ်တွေကြောင့် နှလုံးသားထဲက ပြင်းထန်တဲ့ နာကျင်မှုတွေနဲ့အတူ တစ်ခုခုကို ခံစားရတိုင်း ဒါမှမဟုတ် ပြင်းထန်တဲ့ လှုပ်ရှားမှုတွေ လှုပ်ရှားပြီးတိုင်း ဒီလိုပဲ သွေးအန်ထွက်ကျလာတယ်လေ"

အာကာဝေယံ သူမ၏ စကားကို နားထောင်ရင်းမှ ရင်ထဲတွင် ဓားပါးပါးတစ်လက် ထိုးချလိုက်သည့်အလား စူးနစ်စွာ ခံစားနေမိသည်။ သူ သူမအား ရီဝေသည့် မျက်လုံးများဖြင့်ကြည့်ကာ. . .။

"နှင်းဆီရယ်. . မင်းဘယ်လောက်ထိ ခံစားရမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ကျွန်တော်နားလည်ပါတယ်၊ ကျွန်တော့်ရင်ထဲမှာလည်း နှင်းဆီနဲ့ ထပ်တူထပ်မျှ ခံစားနေမိတယ်၊ ဒါပေမယ့် တစ်ခုတော့ ပြောချင်တယ်"

နှင်းဆီက မချိမဆန့်ပြုံးကာ ပခုံးတစ်ချက် တွန့်လိုက်လေသည်။

"ဘာလဲ၊ ဒီလို ကလဲ့စားချေမှုတွေကို အဆုံးသတ်ပြီး သူတို့ကို ဥပဒေလက်ထဲ အပ်နှံဖို့မဟုတ်လား"

အာကာဝေယံ တည်ကြည်လေးနက်သော မျက်နှာဖြင့် ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်. . . နှင်းဆီ၊ မင်းရဲ့ ကျန်းမာရေးလည်း ကောင်းတာမဟုတ်ဘူး၊ ဒါကြောင့်. . . "

သူ့စကားမဆုံးမီ နှင်းဆီ၏ မျက်နှာတစ်ခုလုံး ဒေါ စက်ခက်ထန်လာကာ လက်ကာပြလိုက်၏။

"တော်ပါတော့၊ သူ. . ကျွန်မဆီက အကြွေးယူထားတာ ခုနစ်နှစ်ရှိပြီ၊ ဒီခုနစ်နှစ်အတွင်းမှာ ကျွန်မဘယ်လောက်အထိ ထိခိုက်ကြေကွဲခံရမယ်ဆိုတာ ရှင်စဉ်းစားကြည့်စမ်းပါ





ကြွေးယူသူနဲ့ ကြွေးရှင်ဘယ်သူက နေ့စဉ်နှင့်အမျှ ကြေကွဲထိခိုက်နေရမလဲ၊ ကျွန်မက ဘဝနဲ့ရင်းခဲ့ရတယ်၊ သူတို့ဆီက အသက်တွေကို ပြန်ရယူမယ်၊ ဒါဟာ ကြွေးယူသူနှင့်ကြွေးရှင်ကြားမှာရှိသင့်ရှိထိုက်တဲ့ ကံတရားပဲ၊ ဒီကိစ္စမှာ ဘာတရားဥပဒေမှ မရှိဘူး"

အာကာဝေယံ သူမအား ဂရုဏာသက်စွာကြည့်ရင်း ချိုပြုံး ပြုံးလိုက်၏။

"မဟုတ်သေးဘူးလေ၊ အခုချိန်မှာ သူ့အသက်ကို ရယူဖို့ထက် ကိုယ့်အသက်က ပိုပြီးအရေးကြီးပါတယ်၊ မင်းကသာ ဒီကိစ္စကို ဥပဒေအရ ရင်ဆိုင်မယ်ဆိုရင် ကျွန်တော်ကူညီမယ်"

ပန်းသွေးနှင်းဆီ၏ မျက်နှာပေါ်တွင် မထိတရိအပြုံးရိပ်တစ်ခု လှစ်ကနဲပေါ်လာသည်။

"ရှင်က စုံထောက်မင်းကြီးရဲ့ သားပီပီ ကျွန်မကို တရားဥပဒေနဲ့ ရင်ဆိုင်စေချင်တာလား"

သူမထံမှ မမျှော်လင့်သော စကားကြောင့် အာကာ



www.burmeseclassic.com

www.burmeseclassic.com



ဝေယံမျက်ခုံးပင့်ကာ ကြည့်လိုက်၏။

"နှင်းဆီ. . မင်းက ကျွန်တော့်ကိုတောင် သိနေမှပဲကိုး"

ပန်းသွေးနှင်းဆီ သူ့အား စိမ်းလက်သော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်၏။

"ဥပဒေကို ကျူးလွန်နေတဲ့သူဟာ ဥပဒေဝန်ထမ်းတွေကို အမြဲတမ်းဂရုစိုက်နေရတယ်လေ၊ ဦးချမ်းသာရဲ့ နာရေးတုန်းက ရှင်နှင့်ရှင့်အဖေ စုံထောက်မင်းကြီး ဦးဝေယံထက်မြတ်တို့ လာကြတာကို ကျွန်မတွေ့ထားတယ်လေ၊ အဲသည်အချိန်တုန်းက ရှင်က ကျွန်မကို အရှုံးတစ်ယောက်အဖြစ် အမှတ်မထင် ရှိနေခဲ့ပေမယ့် ကျွန်မကတော့ ဦးချမ်းသာအလောင်းကို လာကြည့်ကြတဲ့ လူတွေရဲ့ စကားနဲ့တင် ရှင်တို့သားအဖရဲ့ နာမည်နဲ့ အခြေအနေမြင့်မားမှုကို သိခဲ့ရပါတယ်"

အာကာဝေယံ သူမအား မှိုင်းမှုန်ရီဝေသော မျက်ဝန်းအစုံဖြင့် ကြည့်လိုက်၏။

"နှင်းဆီရယ်. . . မင်းက ဒီလောက်ထိသိနေမှတော့ ကျွန်တော်ကလည်း အမှန်အတိုင်း ပြောပြပါ့မယ်၊ သရဲတစ္ဆေ





ဆန်ဆန် ထူးခြားတဲ့ လူသတ်မှုတွေကြောင့် စိတ်ဝင်စားခဲ့ရတယ်၊ ကျွန်တော်ရဲ့ စိတ်ဝင်စားမှုကို သိရှိတဲ့ ကျွန်တော့်ဒယ်ဒီက ဒီထူးခြားတဲ့ လူသတ်မှုတွေအတွက် အလွတ်စုံစမ်းဖို့ အခွင့်ပေးတယ်လေ၊ မာမီကတော့ အန္တရာယ်များတယ်ဆိုပြီး လုံးဝမနှစ်သက်ဘူး"

ပန်းသွေးနှင်းဆီက သူ့အား အေးစက်စက်မျက်လုံးများဖြင့် စိုက်ကြည့်လိုက်၏။

"ကဲ. . အခုတော့ ရှင်အင်မတန် စိတ်ဝင်စားနေတဲ့ သရဲတစ္ဆေဆန်ဆန် ထူးခြားတဲ့ လူသတ်မှုရဲ့ တရားခံကို ရှင့်ရှေ့မှာ မြင်နေရပြီ၊ ဘယ်လိုဆက်လုပ်မလဲ"

အာကာဝေယံ၏ မျက်နှာပေါ်၌ ကြေကွဲရိပ်တချို့ ဖြတ်ပြေးသွားကာ. . .။

"ကျွန်တော်ဟာ အမှန်တရားကို နှစ်သက်တဲ့ လူတစ်ယောက်ပီပီ မင်းကို ဒီဘဝထဲက ဆွဲထုတ်ပြီး သူတို့ကို ဥပဒေအရ အရေးယူစေချင်တယ်၊ ဒါပေမယ့်. . ."

သူ့စကားကို တစ်ပိုင်းတစ်စဖြင့်ဖြတ်ကာ သူမအား



www.burmeseclassic.com

www.burmeseclassic.com



ရီဝေစွာ ငေးစိုက်ကြည့်နေ၏။ ပန်းသွေးနှင်းဆီ ငိုကြွေးသည်ထက်ပင် ကြေကွဲဝမ်းနည်းစရာကောင်းသော အပြုံးတစ်ခုကို ပြုံးကာ. . .။

"ဒါပေမယ့် ကျွန်မကိုလည်း ဥပဒေအရ အရေးယူရမှာပဲမဟုတ်လား"

အာကာဝေယံ ခေါင်းငိုက်စိုက်ကျသွားသည်။ ပန်းသွေးနှင်းဆီက သူ့အားကြည့်ကာ မချိတင်ကဲပြုံးလျက်. . .။

"ကိုအာကာ. . ရှင် ကျွန်မအတွက် ထိခိုက်နာကျင်နေတာလား"

အာကာဝေယံ သူမအား ရီဝေစွာ မော့ကြည့်လိုက်လေသည်။

"ဟုတ်တယ်. . နှင်းဆီ၊ ကျွန်တော်ပထမဆုံး လှို့ဝှက်ဆန်ဆန် ခြောက်ခြောက်ချားချား ဖြစ်စေခဲ့တဲ့ လူသတ်မှုရဲ့ တရားခံဟာ သူ့နှလုံးသားမှာ ဒီလောကဓံရာဇဏ်ချက်တွေနဲ့ ပြည့်နှက်နေလိမ့်မယ်လို့ မထင်မှတ်ခဲ့ဘူး၊ နောက်ပြီး ပိုဆိုးတာက မင်းရဲ့ ခံစားနေရတဲ့ ဝေဒနာ၊ ဒီဝေဒနာတွေကို တစ်နေရာ





ရာမှာ ငြိမ်ငြိမ်းချမ်းချမ်းလေးနဲ့ အနားယူပြီး ဆေးကုသစေချင်တယ်၊ ခက်တာက မင်းမှာ ဒီလိုကံတရား ပါမလာဘူး၊ အဲသည်လို သိရှိနေရတဲ့ ကျွန်တော့်နှလုံးသားမှာ ဘယ်တုန်းကမှ မခံစားခဲ့ရဘူးတဲ့ နာကျင်ကြေကွဲမှုတွေနှင့်အတူ မင်းကို နှမြောတွန့်တိုနေမိတယ်"

ပန်းသွေးနှင်းဆီ သူ့စကားကို နားမလည်ဟန်ဖြင့် မျက်မှောင်ကုပ်ကာ ကြည့်လိုက်သည်။

"ကျွန်မကို နှမြောတွန့်တိုတယ်၊ အဲသည်စကားက ဘာအဓိပ္ပါယ်လဲ"

အာကာဝေယံ သူမအား နက်မှောင်ညို့ရီသော မျက်ဝန်းအစုံဖြင့် ငေးမောကြည့်နေမိ၏။

"နှင်းဆီ. . မင်းဟာ မိန်းကလေးတွေထဲမှာ တကယ့်ကို ထူးထူးခြားခြား လှပတဲ့ ရှားပါးရတနာတစ်ပါးပဲ၊ မင်းရဲ့အလှမှာ ထက်မြက်မှုတွေ၊ ရဲရင့်မှုတွေနဲ့ ရောထွေးနေတဲ့အတွက် နှင်းဆီလှလှလေးတစ်ပွင့် ဖူးပွင့်နေသလိုပါပဲ"

ပန်းသွေးနှင်းဆီက မချိတင်ကဲပြုံးကာ. . .။

www.burmeseclassic.com

www.burmeseclassic.com



"ခက်တာက အဲဒီ နှင်းဆီလှလှလေးမှာ ဆူးရှိုင်းရှိုင်းတွေ ဝိုင်းရံထားခြင်းကို ခံနေရတယ်၊ အဲသည် ဆူးရှိုင်းတွေဟာ အဆိပ်တွေ အပြည့်နဲ့ပေါ့၊ ဒီလို ဆူးရှိုင်းကြားက နှင်းဆီတစ်ပွင့်ကို ရှင်နှမျောတွန့်တိုစရာ မလိုပါဘူး၊ ရှင်တို့လို လူမျိုးတွေအတွက် ပင်မြင့်ထက်က တော်ဝင်သဇင်ပန်းတွေ ဒုနှင့်ဒေးပဲ မဟုတ်လား"

အာကာဝေယံ သူမအားကြည့်ကာ နှလုံးသားတစ်ခုလုံး နာကျင်အက်ကွဲလာသည်။

"ဒါပေမယ့် ကျွန်တော်ကတော့ အဲသည်ဆူးရှိုင်းကြားက နှင်းဆီတစ်ပွင့်ကိုပဲ တက်မက်နေမိတယ်"

ဟုနက်ရှိုင်းတည်ကြည်စွာ ပြောလိုက်၏။

ပန်းသွေးနှင်းဆီ၏ ရင်ထဲလှိုက်ကနဲဖြစ်သွားကာ သူ့အာ ငေးမောကြည့်နေ၏။ အာကာဝေယံကလည်း သူမအား ရီဝေဆွတ်ပျံ့စွာ ကြည့်နေလေသည်။ သူတို့နှစ်ယောက်ကြားတွင် တိတ်ဆိတ်ခြင်းသည် ကြေကွဲဝမ်းနည်းဖွယ်ရာ လွှမ်းခြုံနေ၏။ ပထမဦးဆုံး သက်ဝင်လှုပ်ရှားလာသူမှာ ပန်းသွေးနှင်း





ဆီပင်ဖြစ်သည်။

"ကျွန်မတို့နှစ်ယောက်ရဲ့ တွေ့ဆုံမှုက အရမ်းနောက်ကျသွားပြီ၊ ကျွန်မကို သံယောဇဉ်မထားပါနဲ့"

အာကာဝေယံ သူမအား တည်ကြည်လေးနက်သော မျက်လုံးများဖြင့် ကြည့်လိုက်၏။

"နှင်းဆီရယ် . . မင်း ဒီကိစ္စတွေကို မေ့ပစ်ပြီး တခြား အဝေးကြီးကို လိုက်ခဲ့ပါလား"

ပန်းသွေးနှင်းဆီ ခေါင်းကို ဖြည်းညှင်းစွာ ခါရမ်းလိုက်သည်။

"ကျွန်မဟာ အရောင်မျိုးစုံနဲ့ ညစ်ပေခဲ့တဲ့ သူပါ၊ ရှင်နဲ့ မတန်ပါဘူး၊ နောက်ပြီး ကျွန်မအတွက် ဘဝနဲ့ရင်းပြီး ဒုက္ခတွေပေးခဲ့တဲ့ သူတို့ကို ကလဲ့စားချေပါရစေ၊ ကျွန်မတစ်ခုပဲ တောင်းဆိုချင်တယ်"

"ပြောပါ၊ ကျွန်တော်အတတ်နိုင်ဆုံး ကြိုးစားပေးမှာပါ"

"ကျွန်မ . . သူတို့ကို ကလဲ့စားချေပြီးရင် ရှင်ကိုယ်တိုင် ကျွန်မကို ဖမ်းဆီးပါ၊ တခြား ဘယ်သူမှ မဖမ်းဆီးပါစေနဲ့၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ရှေ့မှာမှ မကျဆုံးချင်ဘူး၊ ရှင့်လက်ထဲမှာပဲ ဘဝကို ပြီးဆုံးချင်တယ်"

သူမပြောရင်း ရင်ထဲတွင် ရှူးရှူးရှရှ နာကျင်လာကာ နှုတ်ခမ်းထောင့်မှ သွေးများစီးကျလာသည်။ အာကာဝေယံ၏ နှလုံးသားတစ်ခုလုံးမှာလည်း ထက်မြက်သော ဓားပါးတစ်လက်နဲ့ လှီးဖြတ်ခံနေရသည့်အလား ပြင်းပြင်းထန်ထန် နာကျင်လာကာ. . .။

"နှင်းဆီရယ်. . မင်းရဲ့ ဆန္ဒပြည့်ဝစေရပါမယ်၊ တစ်ခုတော့ ကြိုပြောထားပါရစေ၊ ဒီတစ်ကြိမ် သူ့ဆီသွားမယ်ဆိုရင် ကျွန်တော်လိုက်ခဲ့ပါရစေ"

"မဖြစ်နိုင်တာပဲရှင်၊ သူဟာ အင်မတန်ကောက်ကျစ်ယုတ်မာတဲ့ လူတစ်ယောက်ပါ၊ ဒါကြောင့် ယက္ခညီနောင်တဖြစ်လည်း ဦးချမ်းသာနှင့်ဦးဩဇာတို့ကို သတ်လိုက်တဲ့သတင်းကို ကြားလိုက်ရင် သူ့အတွက် ကြိုတင်ပြင်ဆင်ထားမှာ သေချာတယ်၊ ဒါကြောင့် ဒီတစ်ကြိမ် ကျွန်မရဲ့ ကလဲ့စားချေမှုဟာ အင်မတန်အန္တရာယ်ကြီးတယ်၊ နောက်ပြီး ရှင့်ဒယ်ဒီရဲ့ ဂုဏ်သိက္ခာအတွက် ရှင်. . ကျွန်မနဲ့ လက်တွဲလို့ မဖြစ်ပါဘူး"



"ဒါတွေကို ကျွန်တော်ကြိုတွေးထားပြီးသားပါ၊ ဘာပဲဖြစ်ဖြစ် နှင်းဆီရဲ့ မျက်လုံးထဲမှာ ကျွန်တော့်အပေါ် သံယောဇဉ်တွေရှိနေတာကို တွေ့မြင်ထားရပြီးပြီပဲ၊ ဒီသံယောဇဉ်တွေအတွက် ကျွန်တော်. . နှင်းဆီကို တစ်ခုတော့ ပြန်ပေးဆပ်ပါရစေ"

ပန်းသွေးနှင်းဆီ. . ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားလာရကာ မျက်ဝန်းထဲမှ မျက်ရည်များ ကျဆင်းလာပြီး. . ။

"ကောင်းပြီလေ၊ ဒီကနေ့ ကျွန်မတို့နှစ်ယောက်ရဲ့ အမြန်အလျှန် နားလည်မှုအတွက် ညစာအတူတူစားရအောင်နော်"

"ဟာ. . စားချင်တာပေါ့၊ ဒါဟာ ကျွန်တော်တို့ နှစ်ယောက်ရဲ့ တသက်စာ အမှတ်တရ ထမင်းပွဲလေးဖြစ်မှာပါ"

ဟု မက်မက်မောမော ပြောလိုက်၏။

* * *

မှောင်ရိပ်ဝါးနေသော အခန်းကျဉ်းလေးထဲတွင် အာ

www.burmeseclassic.com



ကာဝေယံနှင့်ပန်းသွေးနှင်းဆီတို့နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြ၏။

သူတို့နှစ်ယောက်ကြားတွင် ဖယောင်းတိုင်ကြီးတစ်တိုင် ထွန်းညှိထားသည်။ အာကာဝေယံသည် ဖယောင်းတိုင်မှ ထွက်ပေါ်သော မီးရောင်ထင်ဟပ်နေသည့် ပန်းသွေးနှင်းဆီ၏ မျက်နှာလေးမှာ အပြစ်ဆိုစရာ တစ်စက်လေးမှ မရှိအောင် ပင် လှပစွဲမက်ဖွယ် ကောင်းလှပေသည်။ သူတို့နှစ်ယောက် စားသောက်နေသော အစားအစာများမှာ ထည့်ဝါမှုမရှိပါ။

သို့သော် ကမ္ဘာပေါ်တွင် အကောင်းဆုံးနဲ့ အနှစ်သက်ဆုံး စားသောက်စရာများကို စားသုံးနေကြသည့်အလား မျက်နှာများမှာ ပြုံးချိုနေကြ၏။

ထို့ပြင် သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် မျက်စိအောက်မှ ပျောက်ကွယ်သွားမည်ကို စိုးရိမ်သည့်အလား အပြန်အလှန် တမေ့တမော ငေးကြည့်နေကြ၏။

အမှန်တွင် သူတို့သည် အနာဂတ်တွင် နှစ်ဦးတွေ့ဆုံရန်အချိန်မှာ အလွန်နည်းပါးနေပြီဖြစ်ကြောင်း သိမြင်ထားကြသည်မဟုတ်ပါလား။ သူတို့နှစ်ယောက် ညစာစားပြီးချိန်တွင်



ပန်းသွေးနှင်းဆီက လှပစွာပြုံးရင်း. . .။

"ကိုအာကာ. . . ရှင်ပင်ပန်းနေပြီနဲ့တူတယ်၊ အနားယူလိုက်ဦးလေ"

ဟုဆိုကာ ဖျာတစ်ချပ်ခင်း၍ အိပ်ယာပြင်ပေးလိုက်၏။

အာကာဝေယံ မအိပ်စက်ချင်သေးပါ။ သို့သော် သူက ပန်းသွေးနှင်းဆီ၏ ကျန်းမာရေးအတွက် အနားယူစေချင်သော ဆန္ဒဖြင့် အိပ်ယာဝင်ခဲ့၏။ 'သူဘယ်ညာလူးလိမ့်ကာ အိပ်မပျော်နိုင်ပဲ ရှိနေခဲ့ပြီး နံနက်အာရုဏ်တက်ချိန်ကလေးမှ မှေးတနဲ အိပ်ပျော်သွားလေသည်။

သူနိုးလာသောအခါ ဇရပ်ပျက်ထဲသို့ အလင်းရောင်များ တိုးဝင်လာနေပြီဖြစ်ပြီး စားပွဲပေါ်တွင် ရေနွေးခရားတစ်လုံးနှင့်အကြွမ်းပန်းကန်တစ်လုံး တင်ထားသည်ကို တွေ့မြင်လိုက်ရ၏။ အကြွမ်းပန်းကန်လုံးအောက်တွင် စာရွက်ဖြူလေးတစ်ရွက် ဖိထားသဖြင့် ယူကြည့်လိုက်သောအခါ. . .။

"သံယောဇဉ်ဆိုတာကို တွေ့မြင်လိုက်ရတဲ့ အချိန်မှာ သံယောဇဉ်ဟာ ကျွန်မနဲ့ အဝေးကြီးမှာ ရှိနေတယ်၊ ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် တစ်ကြိမ်တစ်ခါမှ မဆုံဆည်းခဲ့ရဘူးလို့ မှတ်ထင်ပြီး ဘဝသစ်မှာ ပျော်အောင်နေပါတော့”

ပန်းသွေးနှင်းဆီ။

စာကိုဖတ်ပြီးသောအခါ အာကာဝေယံ၏ နှလုံးသားတစ်ခုလုံး ပြင်းပြင်းထန်ထန် လှုပ်ရှားနာကျင်လာသည်။ သူ ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်လိုက်ရာ ‘စုစု’သည် သူ့အား ကြေကွဲဝမ်းနည်းသော မျက်လုံးများဖြင့် ငေးမောကြည့်နေခြင်းကို တွေ့မြင်လိုက်ရသည်။

“စုစု. . မင်းရဲ့မမကော”

စုစု၏ မျက်ဝန်းထဲမှ မျက်ရည်များ ကျဆင်းလာ၏။

“မမထွက်သွားပြီ၊ သူက မှာသွားတယ်”

“ဘာမှာသွားလဲ”

“အစ်ကိုလေး အိပ်ယာကမနိုးမချင်း ကျွန်မကို စောင့်ကြည့်ပေးပါတဲ့၊ အစ်ကိုလေးနိုးလာရင် မနက်စာကျွေးပြီးမှ ပြန်လွှတ်ရမယ်၊ အစ်ကိုလေး ပြန်ထွက်သွားလို့ရှိရင် ကျွန်မလည်း ဒီနေရာက ပြန်ထွက်သွားတော့တဲ့၊ ကျွန်. . ကျွန်မသိပ်ဝမ်း



နည်းတယ်၊ မမအရင်က အပြင်ထွက်ခါနီးဆိုရင် ကျွန်မကို ဒီတာပဲစောင့်နေ၊ ပြန်လာမယ်လို့ မှာသွားလေ့ရှိတယ်၊ ဒါ. . ဒါပေမယ့် ဒီတစ်ကြိမ်တော့. . .”

သူမက ပြောရင်း ငိုရှိုက်လိုက်သည်။

အာကာဝေယံ စိုးရိမ်ပူပန်ခြင်းကြီးစွာဖြင့် ရင်ထဲတွင် ယောက်ယက်ခတ်သွားမိသည်။

“သူ. . သူ မင်းခေါင်ဆီကို သွားတာဖြစ်ရမယ်၊ ဒါနဲ့ မင်းခေါင်ဘယ်မှာနေလဲ. . . သိလား”

စုစု ငိုရှိုက်နေရင်းမှ အနည်းငယ်စဉ်းစားကာ. . .။

“မမပြောဖူးတယ်၊ အဲသည်လူယုတ်မာက ‘မကျည်းစုရွာ’ မှာနေတယ်တဲ့”

အာကာဝေယံ၏ မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်လာလေသည်။

“ဒီအတိုင်းဆိုရင် သူမှာ အန္တရာယ်သိပ်ကြီးနေပြီ၊ ကျုပ်အမြန်ဆုံး လိုက်သွားမယ်၊ ဒါနဲ့ မင်းကော ဘယ်ကိုသွားမလဲ”

စုစုက မချိပြုံး ပြုံးလိုက်၏။

“ကျွန်မအတွက် နားခိုစရာ တစ်နေရာတော့ တွေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ပါ”

“ဒီလိုလုပ်ပါ၊ ကျွန်တော့်ကို စာရွက်နှင့်ဖောင်တိန်ပေး မင်း. . ဒီစာကိုယူပြီး ကျွန်တော်ပေးတဲ့ လိပ်စာအတိုင်းသွား ပါ၊ ဒီစာပြလိုက်တာနဲ့ မင်းကို ကျွန်တော့်မာမီက လက်ခံထား လိမ့်မယ်၊ ကျွန်တော်ပြန်လာမှပဲ မင်းအတွက် အကောင်းဆုံး စီစဉ်ပေးပါ့မယ်”

ထိုနောက် သူတို့ နှစ်ယောက်သည် ဇရပ်ပျက်ထဲမှ ထွက်ကာ လမ်းခွဲ၍ အသီးသီး ခရီးဆက်ခဲ့လေတော့သည်။

* * *

စုစုသည် အာကာဝေယံပေးလိုက်သော စာရွက်ကို လက်ထဲ၌ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ ခြေလှမ်းမှန်မှန် ဖြင့် လျှောက်လာသည်။

အတန်ကြာ လျှောက်လှမ်းလာသောအခါ မျက်နှာ ချင်းဆိုင်မှ အသက်သုံးဆယ်ခန့်ရှိ ရှည်ရှည်မွန်မွန် လူတစ် ယောက် လျှောက်လာနေခြင်းကို တွေ့မြင်လိုက်ရ၏။



သူမထိတ်လန့်သွားကာ လမ်းဘေးသစ်ပင်အကွယ်သို့ ပုန်းအောင်းရန် ဟန်ပြင်လိုက်စဉ်. . .။

“မပုန်းပါနဲ့. . မိန်းကလေးရယ်၊ ကျုပ်က လူကောင်း တစ်ယောက်ပါ”

စုစု. . သူ့အား အကဲခတ်၍ ကြည့်ရင်း ပုန်းအောင်း ရန် အစီအစဉ်ကို ဖျက်သိမ်းလိုက်ရသည်။

“မိန်းကလေး. . မင်း ဒီလမ်းခရီးကို တစ်ယောက်ထဲ လျှောက်လာတယ်ဆိုတော့ လူတစ်ယောက်ကိုများ တွေ့မိသေး သလား”

စုစု မျက်လုံးလေးများ ချာချာလည်သွားကာ ခေါင်း တသွင်သွင် ခါရမ်းလိုက်သည်။

“မတွေ့ဘူး၊ ကျွန်မ. . ဘယ်သူ့ကိုမှ မတွေ့ဘူး”

ထိုလူက သူ့အား စူးရှသော မျက်လုံးအစုံဖြင့် စိုက် ကြည့်ကာ. . .။

“မိန်းကလေး. . . ကျုပ် သေသေချာချာပြောပြမယ်၊ အဲသည်လူရဲ့ ရုပ်သွင်ဟာ ချောမောသန့်ပြန့်ပြီး အထက်တန်း ဆန်ဆန်ရုပ်မျိုးပဲ၊ ကျုပ်က သူ့ကိုကူညီဖို့ သူ့အဖေက တိတ်တ



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်လွှတ်ထားတဲ့ လူပေါ့၊ မင်းကိုကြည့်လိုက်တာနဲ့ ထိတ်လန့်တုန်လှုပ်မှု၊ ဝမ်းနည်းကြေကွဲမှုတွေ ပြည့်နှက်နေတယ်ဆိုတာ ကျုပ်သိတယ်"

"နောက်ပြီး ဒီနေရာကို တစ်ယောက်တည်း လျှောက်လာကတည်းက မင်းမှာ အဖော်တွေ ရှိနေခဲ့ပြီး သူတို့တွေဟာ အန္တရာယ်လမ်းကို ထွက်သွားကြတဲ့အတွက် ဝမ်းနည်းစိုးထိတ်နေတယ်ဆိုတာ ကျုပ်ရိပ်စားမိပြီးပြီ၊ ဒါကြောင့် ကျုပ်ကို ပွင့်ပွင့်လင်းလင်း ပြောပြပါ"

စုစုသည် ထိုလူအား လိမ်လည်၍ မရနိုင်ကြောင်းသိရှိလိုက်သဖြင့် အမှန်အတိုင်း ပြောပြလိုက်ရသည်။

"အစ်ကိုကြီးက သူတို့ကို ကယ်မှာလားဟင်"

"ကျုပ်နာမည်က သက်ပိုင်အုပ်စိုးပါ၊ သူတို့ကို အချိန်မီ ကယ်တင်နိုင်အောင် ကျုပ်လိုက်သွားမယ်၊ မင်းရဲ့ မမနှင့် အာကာဝေယံတို့အတွက် အချိန်မီပါစေလို့ ဆုတောင်းပေါ့၊ အချိန်မမီရင်တော့ သူတို့ကံပေါ့"

ပြောပြီး ခြေလှမ်းသွက်သွက်ဖြင့် ထွက်ခွာသွားသည်။

!



## အခန်း- ၁၈

### ရဗ္ဗက်မိုဂုံး

ညသည် အနက်ရောင်ကမ္ဗလာကို ခြုံလွှမ်း၍ လျှို့ဝှတ်သိုသိပ်စွာ ရှိနေ၏။

မကျည်းစုရွာ၏ အစွန်တွင် ကျယ်ဝန်းခန့်ညားသော ခြံဝန်းကျယ်ကြီးတစ်ခုရှိနေပြီး ခြံထဲ၌ မဟူရာရောင်ထနေသော နှစ်ဆောင်ပြိုင်အိမ်ကြီးသည် သူရဲတစ္ဆေတစ်ကောင် ရုပ်တုတ်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသည့်အလား။

ခြံဝန်နှင့်ပတ်လည်တွင် သရက်ပင်များ စိုက်ပျိုးထားပြီး အိမ်ကြီး၏ လသာဆောင်ပေါ်သို့ အကိုင်းအခက်တချို့ဖြာကျနေသည်။

ညဉ့်နက်သန်းခေါင်ယံအချိန်ဖြစ်သဖြင့် ဝန်းကျင်တစ်ခုလုံးမှာ အပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ခြံဝန်းထဲတွင် နှစ်ယောက်တစ်တွဲအစောင့်များ လှည့်ပတ်သွားလာနေကြသည်။ ထိုစဉ် ခြံဝန်းရှေ့သို့ မည်းမည်းသဏ္ဌာန်အရိပ်တစ်ခု ရောက်ရှိလာကာ ခြံတံခါးပေါ်မှ ခေါင်းလောင်းလေးကို လှုပ်ခါလိုက်၏။

"ချွမ်. . ချွမ်. . ချွမ်"

ခြံဝန်းအစောင့်နှစ်ယောက်သည် တံခါးဝသို့ ပြေးလွှားရောက်ရှိလာကာ လက်ထဲတွင် ကိုင်ဆောင်ထားသော မီးအိမ်ကို မြှောက်ကြည့်လိုက်သည်။ သူတို့၏ မျက်လုံးများသည် နှဲ့ညြလွန်းသဖြင့် ပြူးကျယ်သွားကာ ပါးစပ်ဟောင်းလောင်းဖြစ်





သွားကြသည်။

ညဉ့်နက်သန်းခေါင်ယံအချိန်တွင် သူတို့တွေ့မြင်လိုက်ရသောသူမှာ အလွန်ချောမောနုနယ်၍ ခန္ဓာကိုယ်ဖွံ့ဖြိုးလှပသည့် မိန်းကလေးတစ်ယောက်ဖြစ်နေသောကြောင့် ဖြစ်လေသည်။

"မိန်းကလေး. . . မင်းဘာကိစ္စရှိလို့လဲ"

"ကျွန်မ. . ဒုက္ခရောက်လာတဲ့ ခရီးသည်ပါ၊ ဒီရွာမှာ အသိကလည်းမရှိဆိုတော့ တစ်ညလောက် တည်းခွင့်ရမလားလို့လေ"

အစောင့်နှစ်ယောက်၏ မျက်လုံးများပေါ်တွင် ထူးဆန်းသည့် ဟန်မူယာများ ပေါ်လွင်လာသည်။ သူတို့နှစ်ဦးတစ်ဦးနှင့်တစ်ဦး အဓိပ္ပါယ်ပါပါကြည့်ကာ နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်သွားကြပြီး. . .။

"ဟော့ကောင်. . . ဘယ်လိုသဘောရလဲ"

"လှလိုက်တာကွာ၊ ဝင်းမွတ်နေတာပဲ၊ ခန္ဓာကိုယ်လည်း အတော်တောင့်တင်းတယ်နော်၊ ငါတို့တော့ စားရက်ကြုံလို့



www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်ပျားစွဲပြီ"

"မင်း. . . ဆရာကြီးကိုကျော်ပြီး အရင်လှုပ်ရှားမလို့လား"

"ဟာ. . ဘယ်ဖြစ်မလဲ၊ ဆရာကြီးက ဒီကိစ္စမျိုး ခွင့်လွှတ်မှာမဟုတ်ဘူး၊ ဒီလိုလုပ်ကွာ၊ သူ့ဆီ အရင်ပို့ပေးလိုက်၊ ပြီးမှ ငါတို့ယူမယ်"

ထိုနောက် သူတို့သည် ခြံဝန်းတံခါးကို ဖွင့်ပေးကာ မိန်းကလေးအား အထဲသို့ ခေါ်ဆောင်သွားသည်။

* * *

စကြိုလမ်းကလေးသည် မှောင်၍ကျဉ်းမြောင်းနေ၏။ အစောင့်တစ်ယောက်က မိန်းကလေးနားသို့ တိုးကပ်ကာ ပခုံးကို သိုင်းဖက်လိုက်ပြီး. . . ။

"ညီမလေး. . ဒီစကြိုဆုံးရင် အခန်းတစ်ခုရှိတယ်၊ အဲဒီအခန်းမှာ ဒီညအိပ်လိုက်နော်"





မိန်းကလေးက စကားတစ်ခွန်းမှမပြောပဲ တစ်ယောက်တည်း လျှောက်သွားကာ အခန်းတံခါးကို တွန်းဖွင့်ဝင်ရောက်သွားလိုက်သည်။

ထိုနောက် ကုတင်ပေါ်သို့တက်ကာ ခွေအိပ်နေ၏။ ယင်းအချိန် အခန်းရှေ့သို့ ပေါ့ပါးသော ခြေသံတစ်သံရောက်ရှိလာသည်။ ပြီးနောက် အခန်းတံခါးကို တွန်းဖွင့်ကာ မီးမှန်အိမ်တစ်လုံးကို ထွန်းညှိလိုက်သည်။

မိန်းကလေးက သေးစောင်းအိပ်နေရာမှ ခေါင်းလှည့်ကြည့်ကာ မီးအိမ်အလင်းရောင်ကြောင့် အရက်ခိုးများ လျှံနေသော လူတစ်ယောက်၏ မျက်နှာကို တွေ့မြင်လိုက်ရသည်။

"မင်းဘယ်သူလဲ"

"ကျွန်မ. . ကျွန်မနာမည်. . စုစုပါ"

ထိုသူက သူမအား စူးစူးရှရှ စိုက်ကြည့်ကာ. . . ။

"မင်း. . . ကျုပ်ကို သိသလား"

မိန်းကလေးက ခေါင်းရမ်းပြလိုက်သည်။ ထိုသူက သူမအား စိုက်ကြည့်ရင်း. . . ။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည် မင်းခေါင်၊ မင်း. . ကျုပ်ဆီကို ဘာဖြစ်လို့ လာတယ်ဆိုတာ ပြောစမ်း"

"ကျွန်. . ကျွန်မ ခရီးလွန်ရင်း ရောက်လာတာပါ"

"မဖြစ်နိုင်ဘူး၊ မင်း. . မတ်တတ်ရပ်လိုက်စမ်း"

မိန်းကလေးက ဖြည်းညှင်းစွာ မတ်တတ်ထရပ်လိုက်လေသည်။

ထိုအခါ သူမခန္ဓာကိုယ်ပေါ်တွင် လွှမ်းခြုံထားသော သဘက်ကလေးမှာ လျှောကျလွင့်စင်သွားကာ ပါးလွှာသည့် အင်္ကျီအောက်မှ ရှန်းကြွလှုပ်ရှားနေသော ရွှေရင်အစုံကိုတွေ့မြင်လိုက်ရသည်။ ၎င်းအပြင် သူမ၏ ခန္ဓာကိုယ်အချိုးအစားမှာ ကမ္ဘာကျော်ပန်းပုဆရာတစ်ယောက်က ထွင်းထုထားသည့် အလား လှပနေ၏။

မင်းခေါင် သူမအား အတန်ကြာစိုက်ကြည့်ရင်း မျက်လုံးထဲတွင် ရမ္မက်၏ အငိုးအငွေ့များ လျှံထွက်လာသည်။ သူ၏ အာခေါင်များလည်း ခြောက်သွေ့လာကာ ရှေ့သို့ တစ်လှမ်းချင်းတိုးလာသည်။





"မင်းက တကယ်လှတာပဲကိုး"

ပြောရင်း သူမအား ပွေ့ချီကာ ကုတင်ပေါ်သို့ တင်လိုက်၏။ ယင်းနောက် မှန်ယိုနေသည့် ဆင်တစ်ကောင်ပမာ မိန်းကလေး၏ အင်္ကျီကို ဆွဲဆုတ်လိုက်သည်။

"ဗြဲ"

အင်္ကျီပြဲသွားပြီး မိန်းကလေး၏ ဖြူဖွေးဝင်းမွတ်သော အသားစိုင်များကို မြင်တွေ့လိုက်ရသည်။ သူ့မျက်ဝန်းများ မီးဝင်းဝင်းတောက်လာကာ သူမခန္ဓာကိုယ်ပေါ်သို့ ခုန်အုပ်လိုက်စဉ် မိန်းကလေး၏ လက်နှစ်ဖက်က ရုတ်တရက် သူ့လည်ပင်းဆီသို့ သိုင်းဖက်လိုက်သည်။

"ခွမ်း"

"အား"

ဓားသွားပမာ ချွန်မြထက်မြက်သော လက်သည်းရှည်ကြီးများသည် မင်းခေါင်၏ လည်ပင်းသို့ ထိုးစိုက်လာသည်။ မင်းခေါင် သတိကြီးစွာထား၍ ခန္ဓာကိုယ်ကို ကုတင်ပေါ်မှ လှိမ့်ချရှောင်တိမ်းလိုက်သည့်တိုင်အောင် လွတ်အောင်ရှောင်



www.burmeseclassic.com

www.burmeseclassic.com



တိမ်းနိုင်စွမ်း မရှိခဲ့ပါချေ။ သူ. . ဒေါသကြီးစွာဖြင့် ထရပ်လိုက်စဉ် လည်ပင်းမှသွေးများ ယိုစီးကျလာခြင်းကို တွေ့မြင်လိုက်ရလေသည်။

"မင်း. . မင်းက ပန်းသွေးနှင်းဆီ"

ပန်းသွေးနှင်းဆီ ခေါင်းမော့ကာ ရယ်မောလိုက်၏။

"ဟား. . ဟား. . ဟား. . သိပ်ဟုတ်တာပေါ့၊ ကျွန်မက ရှင်တို့ ရက်ရက်စက်စက် နင်းချေဖျက်ဆီးခြင်းခံခဲ့ရတဲ့ ပန်းသွေးနှင်းဆီလေ"

"တောက်. . ငါ ဟိုကောင်တွေ သရဲတစ္ဆေသတ်သွားသလိုလို သတင်းကြားကတည်းက သတိထားနေခဲ့တာ၊ အခု မင်းက မထင်မှတ်ပဲ ဒီပုံစံနဲ့ ရောက်လာတာကိုး"

"ဒါကတော့ ရှင်က ရမ္မက်စိတ်မွှန်နေတာကိုး၊ သတိလက်လွှတ်ဖြစ်သွားရမှာပေါ့"

"ဒါပေမယ့် မင်းခေါင်ကို မင်းဒီလောက်နဲ့ လွယ်လွယ်သတ်လို့ မရစေရဘူး"

သူပြောရင်း ရုတ်တရက် ပန်းသွေးနှင်းဆီအား ခုန်





အုပ်ကာ ဝင်လုံးလိုက်သည်။ ပန်းသွေးနှင်းဆီ သူမ၏ လက်သည်းရှည်ကြီးများဖြင့် သူ၏ မျက်နှာကို ကုတ်ခြစ်ထိုးစိုက်ချလိုက်သော်လည်း သူက သူမ၏ လက်နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။ ထိုနောက် သူက သူမ၏ ရင်ဝအား ဒူးဖြင့် တိုက်ချလိုက်၏။ ပန်းသွေးနှင်းဆီ ဒူးများညွှတ်ခွေသွားကာ ပါးစပ်မှ သွေးများလျှံကျလာသည်။

မင်းခေါင် သူမအားကြည့်ကာ ရယ်မောလိုက်၏။

"မင်းခေါင်ကို ဒီလိုလုပ်လို့ မရဘူးလေ၊ ကဲ. . မင်းမသေမီ မင်းရဲ့ အောင်သေအောင်သားကိုတော့ ငါစားလိုက်ဦးမယ်"

ပြောပြီး သူမအား ပွေ့ချီကာ ကုတင်ပေါ်သို့ တင်လိုက်သည်။

ယင်းနောက် တစ်စစ်စစ် နာကျင်ကိုက်ခဲလာသော လည်ပင်းမှ ဒဏ်ရာကိုပင် ဂရုမစိုက်တော့ပဲ သူမထံသို့ ခုန်အုပ်လိုက်၏။ ထိုအချိန် အခန်းတံခါးမှာ ရုတ်တရက် ပွင့်သွားကာ လူရွယ်တစ်ယောက် ခုန်ဝင်လာခြင်းကို တွေ့မြင်လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ မင်းခေါင် အံ့ဩထိတ်လန့်သွားကာ ပန်းသွေးနှင်းဆီ၏ ခန္ဓာကိုယ်ပေါ်မှ ထရပ်ရန် ဟန်ပြင်လိုက်စဉ် ပန်းသွေးနှင်းဆီ၏ လက်သည်းများမှာ သူ၏ လည်ပင်းထဲသို့ အားကုန်ထိုးစိုက်ကျလာသည်။

"အား"

မင်းခေါင် အသံနက်ကြီးဖြင့် အော်ဟစ်ကာ လဲပြိုသွား၏။ သူ. . အော်ဟစ်အကူအညီတောင်းရန် ဝန်းကျင်သို့ မျက်လုံးဝေ့ကြည့်လျက်. . .။

"ခင်ဗျား. . ဘယ်သူ့ကိုမှ အကူအညီ မတောင်းပါနဲ့ သူတို့အားလုံးကို ကျုပ်နဲ့ အင်စပက်တာသက်ပိုင်အုပ်စုံးတို့က ဖမ်းဆီးထားပြီးပါပြီ"

မင်းခေါင်က လည်ပင်းမှ သွေးများ ဒလဟောယိုစီးကျကာ အသက်ပြင်းပြင်း ရှူရှိုက်နေသည်။ ပန်းသွေးနှင်းဆီ ကုတင်ပေါ်မှ ကြိုးစားထရပ်ကာ သူ၏လည်ပင်းဆီသို့ မည်းနက်သော လက်သည်းရှည်ကြီးများဖြင့် ထပ်မံထိုးစိုက်လိုက်၏။





မင်းခေါင်ခန္ဓာကိုယ်တစ်ခုလုံး တစ်ချက် တုန်ခါသွားကာ လုံးဝငြိမ်သက်သွား၏။ ပန်းသွေးနှင်းဆီမှာလည်း အားအင်ဖျော့တော့ကာ လဲပြိုကျသွားသည်။

"နှင်းဆီ"

အာကာဝေယံ စိုးရိမ်တုန်လှုပ်စွာ အော်ဟစ်ရင်း သူမထံသို့ ပြေးလွှားသွားကာ ပွေ့ချီလိုက်သည်။ သူသည် ပန်းသွေးနှင်းဆီအား ပွေ့ချီထားရင်း မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာလေ၏။

ပန်းသွေးနှင်းဆီက သူ၏မျက်နှာအား တွယ်တာမက်မောခြင်းများစွာဖြင့် မွတ်သိပ်စွာ ငေးစိုက်ကြည့်ရင်း အလှပဆုံး ပြုံးပြလိုက်၏။

သို့သော် ထိုအပြုံး၏ နောက်ကွယ်တွင် မဖော်ပြနိုင်လောက်အောင် ကြေကွဲဆို့နစ်နာကျင်ခြင်းများ ပျော်ဝင်ရောယှက်နေသည်ဟု သူ၏ရင်ထဲ လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက လက်နှစ်ဖက်အား သူ့ဆီသို့ အသာအယာ ထိုးပေးလိုက်သည်။ အာကာ သူမ၏ လက်နှစ်ဖက်အား တွေ တွေကြီး ငေးစိုက်ကြည့်ရင်း သူ၏ရင်ဘတ်တစ်ပြင်လုံး တဆစ်ဆစ်ဖြင့် ကိုက်ခဲအောင်ကြိမ်းလျက်ရှိသည်။

သက်ပိုင်အုပ်စိုးနှင့်ပုလိပ်ငါးယောက်၏ မျက်လုံးများက သူတို့ နှစ်ယောက်ဆီသို့ သနားဂရုဏာသက်ခြင်းများစွာဖြင့် တိတ်ဆိတ်စွာ ကျရောက်နေလေသည်။ ပန်းသွေးနှင်းဆီ သက်ပိုင်အုပ်စိုးဆီသို့ တစ်ချက်မျက်လုံး ဝေ့ကြည့်လိုက်ပြီး။

"ရှင့်ကို ကျွန်မတစ်ခု တောင်းဆိုထားခဲ့ဖူးတယ်မဟုတ်လား၊ ကျွန်မဘဝကို ရှင့်လက်ထဲမှာပဲ ပြီးဆုံးချင်တယ်ဆိုတာကိုလေ"

ထိုစဉ် လက်တစ်ဖက်က သူ၏ ပခုံးပေါ်သို့ နွေးထွေးတင်းကြပ်စွာ ကျရောက်လာပြီး သူ၏ လက်ထဲသို့ အေးစက်နေသော လက်ထိပ်တစ်ခုအား ထည့်ပေးလိုက်သည်။

အာကာ လက်ထိပ်အား အဓိပ္ပါယ်ကင်းမဲ့ ခြောက်





သွေ့နေသော မျက်ဝန်းများဖြင့် အချိန်အကြာကြီး ငေးမော ကြည့်ရင်း သူ၏နှလုံးမှာ တိတ်ဆိတ်စွာပင် တစ်စချင်းစီ ပဲ့ခြွေပြိုအက်နေခဲ့သည်။

ထိုနောက် တဆတ်ဆတ် တုန်ယင်နေသော လက်ချောင်းများဖြင့် သူမ၏ လက်အစုံအား လက်ထိပ်ခတ်လိုက်လေ၏။ သက်ပိုင်အုပ်စိုး သူ၏လက်အား အာကာ၏ပခုံးပေါ်မှ ဖယ်ရှားလိုက်ပြီး လေးသွဲ့သော လေသံဖြင့်. . . ။

"အချိန်မရှိတော့ဘူး၊ သွားကြစို့"

ပန်းသွေးနှင်းဆီက သူ့အား စူးနစ်နက်ရှိုင်းစွာဖြင့် စူးစိုက်ကြည့်နေရင်းမှ သူမနှလုံးသားအား ထောင်သောင်းချီသော ပိုးကောင်ကလေးများ များစွာက ဝိုင်းအုံကိုက်ခဲ စားသောက်နေကြသည့်အလား တဆစ်ဆစ် ဆူးအောင့်နာကျင်ကြိမ်းစပ်လာကာ. . . ။

"ဝေါ့"

သွေးနီရည်အချို့က ပျို့အန်ခုန်ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်း. . ဆီ. . နှင်းဆီ"

အာကာ သူမ၏ နာမည်အား အငမ်းမရ ရေရွတ်ရင်း သူမအား သူ၏ရင်ခွင်ထဲ၌ တင်းကြပ်စွာ ပွေ့ဖက်ထားလိုက်လေသည်။ ပန်းသွေးနှင်းဆီ သူ၏ ရင်ထဲ၌ မျက်လုံးမှေးမှိတ်၍ တဒင်္ဂမျှ မှေးစက်အနားယူဟန်ပြုလျက်. . .။

"ကျွန်မဘဝရဲ့ နိဂုံးချုပ်ရမယ့် အချိန်တွေ တဖြည်းဖြည်း နီးကပ်လာပြီ"

ဟူ၍ လေသံသဲ့သဲ့မျှ တိုးတိုးလေး ရေရွတ်ညည်းညူလိုက်သဖြင့် သူ၏နှလုံးအစုံအား ဆွဲကိုင်ဖိညှစ်ကြေမွလိုက်သည့်အလား ပြင်းထန်သော ဝေဒနာအား မချိမဆန့် ခံစားလိုက်ရလေသည်။

ထိုနောက် သူမက သူ၏ ရင်ခွင်ထဲမှ အသာလေး ရုန်းထွက်ဖယ်ခွာရင်း ညင်သာစွာ ထရပ်လိုက်ပြီး. . .။

"ကျွန်မ. . သွားတော့မယ်"

အာကာ ဖြည်းညင်းစွာ မတ်တတ်ထရပ်ကာ ဦးခေါင်း





အား တစ်ချက်ခါရမ်းလိုက်၏။

"ကျွန်တော့်ကို နှုတ်ဆက်ရမယ့်အချိန် မတန်သေးဘူးလေ"

"ဘာလဲ. . ရှင် ကျွန်မကို လိုက်ပို့ဦးမလို့လား"

အာကာ ခေါင်းတစ်ချက် အသာညိတ်ပြ၍ သူ့ကိုယ်ပေါ်မှ ဂျာကင်အကျႌအား ချွတ်ကာ သူမအား နွေးထွေးကြင်နာစွာ ခြုံပေးလိုက်သည်။

"ဟင့်အင်း. . ရှင်လိုက်မပို့နဲ့၊ ကျွန်မကြောင့် ရှင်တို့မိသားစု ဂုဏ်သိက္ခာ မညှိုးနွမ်းပါစေနဲ့"

"ကျွန်တော်. . နှင်းဆီကို မြင်တွေ့ခွင့်ရတုန်း အချိန်လေးတွေမှာ အပြည့်အဝ တွေ့မြင်ချင်သေးတယ်"

သက်ပိုင်အုပ်စိုး သူတို့အား တစ်ချက်ကြည့်၍ ရှေ့မှ ဦးဆောင်ထွက်သွားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



မနက်ငါးနာရီ ဝေလီဝေလင်းအချိန်၌ပင် အုတ်တံ တိုင်းမြင့်မြင့်ထူထူကြီးများ ဝိုင်းရံထားသော နီရဲခြောက်သွေ့ နေသော အင်းစိန်ထောင်မှာ ကျက်သရေကင်းမဲ့နေလေသည်။

သက်ပိုင်အုပ်စိုး သူမအား တာဝန်ရှိသူများထံသို့ လွှဲ ပြောင်းပေးအပ်လိုက်ပြီဖြစ်သည်။

အာကာနှင့်ပန်းသွေးနှင်းဆီတို့မှာ တစ်ယောက်ကိုတစ် ယောက် မှင်သက်မိန်းမောစွာ အသက်ပင် ရှူပါလေစဟု တွေး ထင်ရလောက်အောင် မမှိတ်မသုန် ငေးစိုက်ကြည့်နေကြသည်။

သူတို့နှစ်ယောက် တွေ့နိုင်မည့် အချိန်များမှာ လွန်စွာ နည်းပါးနေပြီဖြစ်သည်။ အာကာ သူမမျက်နှာလေးအား တွေ့ မြင်နိုင်သည့် မိနစ်တိုင်း၊ စက္ကန့်တိုင်းအား အလွန်တန်ဖိုးထား မက်မောခုံမင်၍ သူ့ဘဝအတွက် အမှတ်ပွါယ်များစွာ ရှင်သန်နိုး ကြွနေဦးမည်ဖြစ်သည်။

အတန်ကြာ. . . သူမက စတင်၍ သက်ဝင်လှုပ်ရှား လာပြီး. . .။



"အာကာ. . . ကျွန်မနှင့်ရှင့်ရဲ့ တွေ့ဆုံခြင်းကို အိပ်မက် တစ်ခုလိုပဲ သဘောထားလိုက်ပါ၊ ရှင့်ရဲ့ အင်မတန် တန်ဖိုးရှိ တဲ့ အချိန်တွေ၊ ဘဝတွေထဲက ဆူးရိုင်းကြားက နှင်းဆီပန်းတစ် ပွင့်ကို အပြီးတိုင် မေ့ပစ်လိုက်ပါတော့၊ ဒါပေမယ့် ကျွန်မ. . ရှင့်ကို စကားတစ်ခုတော့ ပြောခဲ့ချင်တယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်မ ဒီဘဝမှာ ရှင်နှင့်တွေ့ဆုံရခြင်းအတွက် အရမ်းကျေနပ်ပါတယ်"

အာကာ ဦးခေါင်းအား ဖြည်းညင်းစွာ ခါရမ်းပစ်လိုက် သာ. . .။

"နှင်းဆီ. . . မင်းနှလုံးသားထဲမှာ တစ်ခုတော့ စွဲစွဲမြဲ မြဲ မှတ်သွားပေးပါ၊ ကျွန်တော် လောကမှာ အသက်ရှင်ရပ် တည်နေနိုင်သမျှ ကာလပတ်လုံး မင်းတစ်ယောက်တည်းကို သာ အမြဲတမ်း သတိရတမ်းတ လွမ်းဆွတ်နေမယ်ဆိုတာကို"

ပန်းသွေးနှင်းဆီ၏ မျက်နှာပေါ်ရှိ ကြွက်သားအချို့ လှုပ်ခတ်သွားပြီး သူ့အား နောက်ဆုံးအနေဖြင့် တစ်ချက်မျှ စိုက်ကြည့်၍ အင်းစိန်ထောင်မှူး၏ နောက်သို့ အသာတ

www.burmeseclassic.com



ကြည်ပင် လိုက်ပါသွားလေသည်။

အာကာ သူမ၏ နောက်ကျောပြင်အား မျက်ရည်များ ရီဝေစိုစွတ်နေသော မျက်ဝန်းအစုံဖြင့် ငေးစိုက်ကြည့်နေရင်း ပင် သူမ၏ ပုံရိပ်မှာ သူ၏ မျက်လုံးများထဲမှ သွေးမွှားပျောက် ကွယ်သွားသည်နှင့် မျက်ဝန်းအစုံအား နာနာကျင်ကျင်မှိတ် ပိတ်ပစ်လိုက်၏။

သက်ပိုင်အုပ်စိုး သူ၏ ပခုံးများအား အားပေးနှစ်သိမ့် ဟန်အပြည့်ဖြင့် သိုင်းဖက်ထားလိုက်သည်။

"ငါ့ညီ. . . မင်းရင်ထဲမှာ ဘယ်လောက်အထိ ထိခိုက် ကြေကွဲနာကျင်နေမယ်ဆိုတာ အစ်ကိုနားလည်ပါတယ်၊ ကိုယ် ချင်းစာပါတယ်၊ ဒါပေမယ့် ငါ့ညီသိထားရမှာက မင်းတို့နှစ် ယောက်ဟာ သီးခြားကမ္ဘာတစ်ခုစီမှာ ရှိနေတဲ့လူတွေပဲ၊ ဘယ် တော့အခါမှ ဆုံဆည်းနိုင်မှာ မဟုတ်ပါဘူး၊ နှင်းဆီကလည်း မင်းနှင့်အခုလို အင်မတန်တိုတောင်းတဲ့ အချိန်လေးတစ်ခု တွေ့ဆုံရင်းနှီးခွင့်ရတာ တစ်ခုတည်းနဲ့တင် သူ့ဘဝကို အပြည့်



အဝ ကျေနပ်ရောင့်ရဲတင်းတိမ်ခဲ့တယ်မဟုတ်လား၊ ဒါကြောင့် ငါ့ညီလည်း စိတ်ကို သိပ်ပင်ပန်းဆင်းရဲမခံပါနဲ့"

"နှင်း. . နှင်းဆီဟာ အင်မတန်သနားစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ကျွန်တော့်ဘဝမှာ ပထမဦးဆုံး သံယောဇဉ်တွယ်ခဲ့ဖူးတဲ့ မိန်းကလေးတစ်ယောက်ဟာ အင်မ တန် ဆိုးဝါးပြင်းထန်ရက်စက်လှတဲ့ ကံကြမ္မာဆိုးရဲ့ သားကောင် ဖြစ်နေလိမ့်မယ်လို့ ကျွန်တော်ဘယ်တုန်းကမှ မတွေးခဲ့မိဘူး၊ ကံတရားက သူ့အပေါ် အရမ်းရက်စက်ခါးသီးလွန်းတယ်၊ သူ့ ရဲ့ မီးလိုပူပြင်းလောင်မြိုက်နေတဲ့ ဘဝကို ကျွန်တော့်ရဲ့ ချစ်ခြင်း မေတ္တာတွေနဲ့ လုံခြုံအေးမြ နွေးထွေးစေချင်ပေမယ့် သူ့မှာ ဒီ လို ကုသိုလ်ကံမပါရှာဘူး"

အာကာ အဆုံးအစမဲ့သော ကောင်းကင်ပြာပြာကြီး အား ငေးမောကြည့်ရင်း တနင့်တသီးပင် တစ်လုံးချင်း ရေ ရွတ်လိုက်သည်။

"အင်း. . . ငါ့ညီကို အစ်ကိုက သူ့ကို မေ့ပစ်လိုက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာ မဟုတ်ဘူးနော်၊ မင်းလည်း လုံးဝမေ့ပစ်နိုင်မှာမ ဟုတ်ဘူးဆိုတာ အစ်ကိုသိတယ်၊ ဒီတော့ အစ်ကိုတို့ သူ့ရဲ့ နောက်ဆုံးခရီးကို အကောင်းဆုံး ပို့ဆောင်ပေးလိုက်ကြစို့ကွာ"

## နိဂုံး

"ဟော. . . ရုံးထုတ်လာပြီ"

အာကာ သူမအား တွေ့လိုက်ရသည်နှင့် သူ့နှလုံးသားထဲ၌ တူးတူးခါးခါး နာကျဉ်သွားခဲ့သည်။ သူမ၏ မျက်နှာလေးမှာ သွေးရောင်မရှိတော့လောက်အောင် ဖြူရော်ဖျော့တော့နေတာ မျက်နှာမှာ အနည်းငယ် ချောင်ကျသွားသည်။ သို့သော် သူမ၏ ချောမောလှပနုနယ်သော အလှတရားများကတော့ လုံးဝ မှေးမှိန်ပျောက်ကွယ်သွားခြင်းမရှိချေ။

သူမ၏ သတင်းအားကြား၍ စိတ်ဝင်တစားဖြင့် လာ ရောက်ကြည့်ရှုကြသော လူအုပ်ကြီးဆီမှ နှမျောယူကျုံးမရသံ တို့ဖြင့် တီးတိုးဝေဖန်သံများက ဆူညံစွာ ထွက်ပေါ်လာလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ပန်းသွေးနှင်းဆီ သူမ၏ ခြေလက်များအား လှုပ်ရှား လိုက်တိုင်း လက်ထိပ်သံများက တချွင်ချွင်ထွက်ပေါ်နေသည်။

ထိုနောက် သူမ၏ မျက်ဝန်းများက သူရှိရာသို့ ဝင်း လက်လင်းဖြာစွာ တစ်ချက်ကျရောက်လာပြီး တရားသူကြီးရှေ့ ရှိ ဝက်ခြံအတွင်းသို့ လှမ်းဝင်လိုက်သည်။

တရားသူကြီးသည် ပထမအမှုဖြစ်စဉ် အကျဉ်းအား ဖတ်ပြပြီးနောက်. . .။

"အမိန့်"

မိုးခြိမ်းသံပမာ ဟိန်းထွက်လာသည့် အသံကြောင့် အားလုံးသော လူများမှာ အသက်ဝိညာဉ်နှုတ်ခံလိုက်ရသည့်အ လား အပ်ကျသံပင် မကြားရလောက်အောင် ငြိမ်သက်တိတ် ဆိတ်နေ၏။

"ပန်းသွေးနှင်းဆီ. . .။

အဖအမည် ဦးကောင်းမြတ်သည့် ယက္ခညီနောင်အ ပါအဝင် လူ(-)အား ရင်းကိုယ်တိုင်သတ်ကြောင်း ဝန်ခံသဖြင့် ပုဒ်မ(၃၀၂)အရ ပြစ်မှုထင်ရှားပါသဖြင့် မသေမချင်း ကြိုးပေး ရန် ဤရုံးတော်မှ အမိန့်ချမှတ်သည်။

"ဟာ"

"ဟင်"

"သေဒဏ်တဲ့ဟေ့"



လူများထံမှ အမိန့်နှင့်ပတ်သက်၍ အသံမျိုးစုံ တစ်ခဲ နက် ပွင့်အန်ထွက်လာကြသည်။

ထိုနောက် ပန်းသွေးနှင်းဆီအား ပုလိပ်များက ဝက် ခြံထဲမှ ခေါ်ထုတ်လာရာ သူမက သူနှင့်သက်ပိုင်အုပ်စိုးတို့ရှိ ရာသို့ လှမ်းကြည့်ရင်း နောက်ဆုံး အမှတ်တရအနေဖြင့် လုံးဝ မေ့ပျောက်နိုင်စွမ်း မရှိသော အပြုံးတစ်ပွင့်ဖြင့် သူတို့အား နှုတ်ဆက်ကာ ဖြည်းညင်းစွာ ကျောခိုင်းပစ်လိုက်သည်။

သူမ၏ အပြုံးမှာ နင့်နင့်သီးသီး အော်ဟစ်ငိုကြွေးသံ ထက်ပင် ပိုမို၍ ကြေကွဲဝမ်းနည်းဖွယ်ရာများ ပြည့်နှက်နေလေ ၏။

"ခဏ"

"ရော့. . . နှင်းဆီ၊ နောင်ဘဝဆိုတာ တကယ်ရှိခဲ့မယ် ဆိုရင် ဘဝဆက်တိုင်းဆက်တိုင်း ဒီလိုကြေကွဲဝမ်းနည်းဖွယ်တို့ နဲ့ လုံးဝမကြုံဆုံရပါစေနဲ့လို့ ကျွန်တော်ဆုတောင်းပေးပါတယ် ဗျာ"

အာကာ သူမနောက်သို့ အပြေးအလွှား လိုက်သွားပြီး နီရဲပွင့်ကားနေသော နှင်းဆီပန်းတစ်ပွင့်အား သူမ့်ထံသို့ ထည့် ပေးရင်း လိုက်မောနေသော အသံဖြင့် ဆုတောင်းစကားဆို လိုက်သည်။

သူမ၏ ဖြူဖွေးခြောက်သွေ့နေသော နှုတ်ခမ်းကလေး များက လှုပချို့မြိန်စွာ တစ်ချက်ပြုံးလိုက်ပြီး. . .။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်"

ဟူ၍ ခပ်တိုးတိုးလေး ရေရွတ်လျက် ချာကနဲ ကျော ခိုင်းပစ်လိုက်၏။

တစ်လှမ်း၊ နှစ်လှမ်း။ သူမ၏ ခြေလှမ်းများအား သူ၏ စိတ်ထဲမှ တိတ်တဆိတ် လိုက်၍ ရေရွတ်နေမိသည်။ သူမ၏ ခြေလှမ်းတစ်လှမ်းတိုင်းဟာ သူ၏ နှလုံးသားအား နင်းဖြတ်နေ သကဲ့သို့ ခံစားနေရသည်။

လေးလှမ်း၊ ငါးလှမ်း၊ ခြောက်လှမ်းမြောက်ရောက် သည်နှင့် . . . ။

"ဝေါ့"

သွေးတစ်ချက် ပျို့အန်ရင်း သူမ၏ ခန္ဓာကိုယ်မှာ အရုပ်ကြိုးပြတ် ပြိုလဲကျသွားပြီး သူမလက်ထဲမှ နှင်းဆီပန်း ပွင့်လေးမှာလည်း လေထဲသို့ လွင့်စင်ကျသွားခဲ့သည်။

ထိုနှင်းဆီပန်းပွင့်လေးနှင့်အတူ သူမ၏ ဝိညာဉ်မှာ လည်း လွှင့်မျောဝေးလွင့်ပျောက်ကွယ်သွားပြီဖြစ်သည်။

ပြီးပါပြီ။

စိတ္တသုခ . . . ကာယသုခ . . .

နှစ်ဖြာသောသုခချမ်းသာတို့ဖြင့် ပြည့်စုံနိုင်ကြပါစေ